ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်၊ စနေနေ့၊ (5-7-2003) (၃၉၂၂)

ကတညုတာ တော မင်္ဂလ မုတ္တမံ။

သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲနဲ့ "အန်တီစု" တို့ သုံးကြိမ်ဆိုလား၊ လေးကြိမ်ဆိုလား တွေ့ဆုံဖြစ်တဲ့အကြောင်း၊ "အန်တီစု"အပါအဝင် NLD ပါတီ ခေါင်းဆောင်ပိုင်းတွေနဲ့ နိုင်ငံတော်အကြီးအကဲအမှူးပြုတဲ့ တာဝန်ရှိသူတွေ ညစာအတူ သုံးဆောင်ကြတဲ့အကြောင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ပါး ဦးဆောင်တဲ့အဖွဲ့နဲ့လည်း မကြာခဏဆိုသလို တွေ့ဖြစ်တဲ့အကြောင်းတွေနဲ့စုံနေတာပဲ။ ကြားရသမျှတော့ ဝမ်းသာစရာချည်းပဲပေါ့။ (မောင်ရင်မိုင်း၏ ဆောင်းပါး၊ စာ-၈-၉ တွင် ဖတ်ရှုနိုင်ပါသည်။)

လက်ကမ်းကြိုဆိုနှုတ်ဆက်မှု

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဒေါ်အောင်ဆန်းစုကြည်တို့နှစ်ဦး ကြည်လင်သောအပြုံး၊ ယုံကြည်သောလက်ကမ်းကြိုဆိုနှုတ်ဆက်မှုများဖြင့် တွေ့ဆုံခဲ့ကြစဉ်။

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်-သန်လျင်တံတား အမှတ်(၂)စီမံကိန်းစစ်ဆေး ရန်ကုန်မြို့တော်ပတ်ဝန်းကျင် မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ရေလှောင်တမံ၊ ရေတံခါးနှင့် ချောင်းပိတ်မြောင်းပိတ်စနစ်များ ပြုပြင်ချိတ်ဆက်ရေး မှာကြား

ရန်ကုန် ဇူလိုင် ၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ ညနေပိုင်းတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် သန်လျင်မြို့နယ်တို့ကို ဆက်သွယ်ဆောက်လုပ်နေသည့် ရန်ကုန်-သန်လျင် တံတားအမှတ်(၂) တည်ဆောက်ရေးစီမံကိန်း၏ လုပ်ငန်းခွင်သို့ သွားရောက်၍ တံတားတည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်မြို့တော်ပတ်ဝန်းကျင် မိုင် ၃၀ ပတ်လည်စပါးနှင့် အခြားသီးနှံများဖြင့် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးလုပ်ငန်း၊ သန်လျင်၊ ကျောက်တန်း၊ သုံးခွနှင့် ခရမ်းမြို့နယ်များ စိုက်ပျိုးရေရရှိရေး နည်းလမ်းများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ➪

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ရန်ကုန်-သန်လျင် တံတားအမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၅-၇-၂၀၀၃
(စနေနေ့)

မူးယစ်ဆေးဝါးပပျောက်ရေး အစွမ်းကုန်ကြိုးပမ်း အစားထိုးသီးနှံများ တိုးချဲ့စိုက်ပျိုး

ကမ္ဘာ့လူသားတစ်ရပ်လုံးကို အန္တရာယ်ပြုလျက်ရှိသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို နိုင်ငံတိုင်းက တားဆီးကာကွယ်ရေး ကြိုးပမ်းလျက်ရှိကြသည်။ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရက ဦးဆောင်ပြီး အမျိုးသားရေးအသွင်ဖြင့် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ဘိန်းစိုက်ပျိုးမှု လုံးဝ(လုံးဝ)ပပျောက်စေရန် ကြိုးပမ်းခဲ့ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒေသခံတိုင်းရင်းသားများအား ဘိန်းအစားထိုးသီးနှံ၊ ရိက္ခာဆန်နှင့် ဆားများထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ဇွန်လ ၂၇ရက်က လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်တက်ရောက်၍ အမှာစကားပြောကြားပြီး သီးနှံမျိုးစေ့များ ပေးအပ်ခဲ့သည်။ မြန်မာနိုင်ငံတွင် ၂၀၁၄ခုနှစ်၌ မူးယစ်ဆေးဝါးလုံးဝချုပ်ငြိမ်းရေးအတွက် ၁၉၉၉ ခုနှစ်မှ စတင်၍ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါ ၁၅ နှစ် စီမံကိန်း အောင်မြင်ရေးအတွက် အားဖြည့်နိုင်ရန် ပန်းတိုင်သစ်စီမံကိန်းကို ၂၀၀၂ခုနှစ် ဧပြီလမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် တားဆီးနှိမ်နင်းရေး လုပ်ငန်းဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါးများအား ရှာဖွေဖမ်းဆီး တရားစွဲဆိုအပြစ်ဒဏ်ပေးသော နည်းလမ်းသာမက ဘိန်းစိုက်ပျိုးမှု လုံးဝပပျောက်စေမည့် အစီအမံများကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ဘိန်းစိုက်ပျိုးလေ့ရှိသည့် နယ်မြေဒေသခံတိုင်းရင်းသားများ၏ စိတ်ဓာတ်ရေးရာတိုးတက် ပြောင်းလဲလာစေရေး၊ စီးပွားရေးနှင့် လူနေမှုဘဝတိုးတက်မြင့်မားလာစေရေး၊ အစားထိုးသီးနှံစိုက်ပျိုး၍ ဝင်ငွေရရှိစေရေး လုပ်ငန်းများကိုလည်း တစ်ဖက်မှ စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

ပန်းတိုင်သစ်စီမံကိန်းအရ ဘိန်းစိုက်ပျိုးမှု ပပျောက်စေရေး ဆောင်ရွက်ရာတွင် တောင်သူများအား ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးလာစေရန် ပညာပေးဟောပြောစည်းရုံးခြင်း၊ ဒေသနှင့် ကိုက်ညီမည့် သီးနှံမျိုးစေ့များ ဖြန့်ဝေပေးခြင်း၊ မွေးမြူရေးအတွက် မျိုးတိရစ္ဆာန်များ ဖြန့်ဝေပေးခြင်း၊ ငွေကြေးနှင့် အခြေခံစားနပ်ရိက္ခာ ထောက်ပံ့ခြင်းစသည့် လုပ်ငန်းများဖြင့် ကူညီပံ့ပိုးပေးလျက်ရှိသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင်ရှိကြသော တောင်သူများက နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကို သဘောပေါက် နားလည်ကြသဖြင့် စုဆောင်းထားသော ဘိန်းသီးခြောက်နှင့် ဘိန်းမျိုးစေ့များကို အသိစိတ်ဓာတ်ဖြင့် လာရောက်အပ်နှံခဲ့ကြသည်။ အဆိုပါ အပ်နှံခဲ့သည့် ဘိန်းသီးခြောက်နှင့် ဘိန်းမျိုးစေ့များကို လားရှိုးမြို့၌ သုံးကြိမ်၊ လောက်ကိုင်မြို့၌ တစ်ကြိမ် မီးရှို့ဖျက်ဆီးနိုင်ခဲ့သည်။

ယင်းသို့ဘိန်းမျိုးစေ့များအား ဖျက်ဆီးနိုင်ခြင်း၊ ဒေသခံ တောင်သူများက အစားထိုးသီးနှံများ တိုးချဲ့စိုက်ပျိုးလာခြင်းကြောင့် ဘိန်းစိုက်ပျိုးမှုနှင့် ထုတ်လုပ်မှုများ သိသာထင်ရှားစွာ လျော့ချလာနိုင်ခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်က တောင်သူများ၏ စိုက်ပျိုးရေးနှင့် လူမှုရေး လိုအပ်ချက်များကို ပိုမိုကူညီဖြည့်ဆည်းပေးလျက်ရှိခြင်းဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် ကျင်းပခဲ့သည့် အစားထိုးသီးနှံ၊ ရိက္ခာဆန်နှင့် ဆားများ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားတွင် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က အထူးဒေသ(၅) တိုင်းရင်းသားခေါင်းဆောင် ဦးမထုနော်အား အစေ့ထုတ်ပြောင်း ဧက ၅၀ နှင့် အထွက်တိုးယာစပါး ငါးဧကအတွက် မျိုးစေ့များကိုလည်းကောင်း၊ အထူးဒေသ(၇) တိုင်းရင်းသားခေါင်းဆောင် ဦးအိုက်မုန်းအား ကာတီမိုးကော်ဖီပင် အပင်တစ်သောင်းနှင့် အထူးအထွက်တိုး ယာစပါး ငါးဧကအတွက် မျိုးစေ့များကို လည်းကောင်း၊ မန်ပန်ဒေသမှ ဦးစိုင်းမွန်းအား ကာတီမိုးကော်ဖီပင် အပင်တစ်သောင်းနှင့် အစေ့ထုတ်ပြောင်း ဧက ၅၀ အတွက် မျိုးစေ့များကိုလည်းကောင်း၊ ဖောင်းဆိုင်ဒေသမှ ဒူဝါခေါင်ဂျေအား ကာတီမိုးကော်ဖီပင် အပင်တစ်သောင်းနှင့် အစေ့ထုတ်ပြောင်းဧက ၅၀ အတွက် မျိုးစေ့များကိုလည်းကောင်းပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင်မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့-အဖွဲ့ဝင် ဒုတိယဝန်ကြီးများက တိုင်းရင်းသားခေါင်းဆောင်လေးဦးတို့အား ဟင်းသီးဟင်းရွက် မျိုးစေ့များနှင့် မန်ပန်ဒေသမှ ဦးစိုင်းမွန်းအား ဆန်အိတ် ၆၀၀ နှင့် ဆားအိတ် ၃၀၊ ဖောင်းဆိုင်ဒေသမှ ဒူဝါခေါင်ဂျေအား ဆန်အိတ် ၄၀၀နှင့် ဆားအိတ် ၂၀ တို့ကို ပေးအပ်ခဲ့ကြောင်းသိရသည်။

သို့ဖြစ်ရာ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် တောင်သူများက မူးယစ်ဆေးဝါးပပျောက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းကြရန်နှင့် အစားထိုးသီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် လက်တွဲပူးပေါင်းဆောင်ရွက် သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမေရိကန်တပ်ဖွဲ့များအား ချုံခိုတိုက်ခိုက်မှုဖြစ်ရပ်များ ဆက်လက်ဖြစ်ပွား အီရတ်လူမျိုး ခုခံတိုက်ခိုက်ရေးသမားများနှင့် တင်းမာမှုမြင့်မားနေဆဲ

ဘဂ္ဂဒက်   ဇူလိုင်   ၄

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်အနောက်ဘက်တွင် ကြာသပတေးနေ့က အမေရိကန်ကြည်းတပ်မှ ထရပ်ကားတစ်စီးတိုက်ခိုက်ခံရသဖြင့် အမေရိကန်စစ်သည် ရှစ်ဦးဒဏ်ရာရရှိကြောင်း၊ သီးခြားဖြစ်သော တိုက်ခိုက်မှုများအတွင်း မြို့တော်ဘဂ္ဂဒက်တွင် တာဝန်ထမ်းဆောင်နေသည့် အမေရိကန် စစ်သည်နှစ်ဦး ဒဏ်ရာရရှိခဲ့ရကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများနှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

ပေါက်ကွဲ

မြို့တော်ဘဂ္ဂဒက်အရှေ့မြောက်ဘက် ၃၅မိုင်အကွာ ဘာကိုဘာမြို့တွင် ဆန္ဒပြပွဲတစ်ရပ်ဖြစ်ပွားစဉ်အတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူတစ်ဦးသေဆုံးပြီး ငါးဦး ထက်မနည်း ဒဏ်ရာရရှိခဲ့ရသည်။ ဘာကိုဘာမြို့၏ ရိုးယားဘာသာရေးခေါင်းဆောင်အား အမေရိကန်စစ်တပ်က ထိန်းသိမ်းထားမှုကို ကန့်ကွက်သည့်အနေဖြင့် အဆိုပါ ဆန္ဒပြပွဲဖြစ်ပွားခဲ့သည်။

ပြောကြား

အီရတ်လူမျိုး ခုခံတိုက်ခိုက်ရေးသမားများနှင့် အမေရိကန်တပ်ဖွဲ့တို့အကြား တင်းမာမှုများ မြင့်မားလျက်ရှိသည်။ ဆန္ဒပြပွဲဖြစ်ပွားသည့်နေ့မှာပင် အမေရိကန်စစ်သည်များ၏ ပစ်ခတ်မှုကြောင့် အီရတ်လူမျိုး အသက်ခြောက်နှစ်အရွယ် ယောက်ျားလေးတစ်ဦး ဒဏ်ရာရရှိခဲ့ရပြီး ဘေးမှရပ်ကြည့်နေသူ တစ်ဦး သေဆုံးခဲ့ရသည်။ ၎င်းအပြင် အီရတ်လူမျိုး သေနတ်သမားတစ်ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများက ပြောကြားကြသည်။

မျက်မြင်တွေ့ရှိ

မြို့တော်ဘဂ္ဂဒက် အနောက်ဘက်မိုင် ၆၀အကွာ ရာမာဒီမြို့တွင် ကြာသပတေးနေ့အစောပိုင်းက ဟမ်းဗီးမော်တော်ယာဉ်နှစ်စီးပါရှိသည့် မော်တော်ယာဉ်တန်းတစ်ခု ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အမေရိကန်စစ်သည်ခြောက်ဦး ဒဏ်ရာရရှိခဲ့ရကြောင်း ဘဂ္ဂဒက်ရှိ အမေရိကန်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ မြို့တော်ဘဂ္ဂဒက်မြို့လယ်ဒေသတွင် ကြာသပတေးနေ့ နံနက်ပိုင်းက အမေရိကန်ကြည်းတပ်မှ မော်တော်ယာဉ်တန်းတစ်တန်းကို ချုံခိုတိုက်ခိုက်သူတစ်ဦးက လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ခဲ့ရာ အမေရိကန်စစ်သည်တစ်ဦး ဒဏ်ရာရရှိခဲ့ရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

အင်တာနက်။

မြို့တော်ဘဂ္ဂဒက်တွင် ဇူလိုင် ၃ရက်က ဒုံးကန်အားသုံး ဗုံးတစ်လုံး ထိမှန်ခံခဲ့ရသော အမေရိကန်ကြည်းတပ်မှ စစ်ယာဉ်တစ်စီးကို အီရတ်လူမျိုးများက ဝိုင်းဝန်းကာ ဖျက်ဆီးလျက်ရှိစဉ်။ (အီရတ်နိုင်ငံတွင် ဇူလိုင် ၃ရက်က ဖြစ်ပွားသော သီးခြားဖြစ်စဉ်သုံးရပ်အတွင်း အမေရိကန်စစ်သည် ၁၀ဦး ဒဏ်ရာရရှိခဲ့ကြသည်။)

ဓာတ်ပုံ-အင်တာနက်။

ဆက်သွယ်ရေးဂြိုဟ်တု ဗီယက်နမ် လွှတ်တင်မည်

ဟနွိုင် ဇူလိုင် ၄

ဗီယက်နမ်နိုင်ငံသည် ယင်းနိုင်ငံ၏ ပထမဆုံးသော ဂြိုဟ်တုတစ်လုံးကို ၂၀၀၅ ခုနှစ်နှောင်းပိုင်းတွင် အာကာသအတွင်းသို့ လွှတ်တင်မည်ဖြစ်ကြောင်း ဂြိုဟ်တုလွှတ်တင်ရေးစီမံကိန်း အကြီးအကဲ ကျွမ်းကျင်သူ ပညာရှင်တစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားသည်။ ဗီနာဆက်ဟု အမည်ပေးထားသော အဆိုပါ ဆက်သွယ်ရေးဂြိုဟ်တုကို လွှတ်တင်ခြင်းဖြင့် ဗီယက်နမ်နိုင်ငံ၏ ဆက်သွယ်ရေးလုပ်ငန်းများ၌ တိုးတက်မှုများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း ဗီယက်နမ် စာတိုက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဂြိုဟ်တုလွှတ်တင်ရေးပညာရှင် လူဗန်လောင်းက ပြောကြားသည်။အဆိုပါဆက်သွယ်ရေးဂြိုဟ်တုကို လွှတ်တင်နိုင်ရန် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ခန့် ကျခံသုံးစွဲရလိမ့်မည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးအတွက် ကုလသမဂ္ဂကူညီမည် ငြိမ်းချမ်းရေးအစီအစဉ်သစ် ဖော်ဆောင်ရန်လမ်းစပွင့်နေ

ကိုင်ရို   ဇူလိုင်   ၄

ကုလသမဂ္ဂအဖွဲ့သည်အရှေ့အလယ်ပိုင်းတွင် ငြိမ်းချမ်းရေးရရှိစေရန်အတွက် ကူညီပံ့ပိုးရန် စိတ်အားထက်သန်လျက်ရှိနေကြောင်းဖြင့် အရှေ့အလယ်ပိုင်းဆိုင်ရာ ကုလသမဂ္ဂ သံတမန် တာဂျီလာဆင်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

သဘောတူ

အရှေ့အလယ်ပိုင်းဒေသတွင် ငြိမ်းချမ်းရေးဖော်ဆောင်ရန် ကုလသမဂ္ဂနှင့် အီဂျစ်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံမှုများကို ဆက်လက် ထိန်းသိမ်းထားလျက်ရှိသည့် ကိစ္စကို လာဆင်က အီဂျစ်သမ္မတ မူဘာရက်နှင့် သဘောတူညီထားကြောင်း မူဘာရက်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် သတင်းထောက်များအား ပြောကြားသည်။

အစ္စရေးနှင့် ပါလက်စတိုင်း စစ်သွေးကြွအုပ်စုများ ထုတ်ပြန်ကြေညာထားသည့် အပစ်အခတ်ရပ်စဲမှုသည် ပျက်စီးလွယ်ကြောင်း ကုလသမဂ္ဂသံတမန်က ပြောဆိုပြီး အပစ်အခတ်ရပ်စဲမှု ပျက်ပြားခြင်းနှင့် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အဟန့်အတားဖြစ်စေသည့် မည်သည့်လုပ်ရပ်မျိုးကိုမဆို ဂရုစိုက်ရှောင်ရှားရန်ကိုလည်း သတိပေးထားသည်။

ပါလက်စတိုင်းနှင့် အစ္စရေးတို့အနေဖြင့် နှစ်ဦးနှစ်ဖက်အကြား အပြန်အလှန်ယုံကြည်မှု ဆက်လက်ထိန်းသိမ်းနိုင်ရေးတွင် အဟန့်အတားဖြစ်စေမည့် လုပ်ရပ်များကို မဆောင်ရွက်ကြရန် အရေးကြီးကြောင်း လာဆင်က ဆက်လက်ပြောကြားသည်။

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအောက်ရှိ ဆီးရီးယား-အစ္စရေး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် လက်ဘနွန်-အစ္စရေး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ကြရန်ကိုလည်း လာဆင်ကတိုက်တွန်း ဆော်ဩထားသည်။

အစ္စရေးတပ်မတော်သည်ဂျော်ဒန်မြစ် အနောက်ဘက်ကမ်းရှိ ဘက်သလီဟမ်မြို့ လုံခြုံရေးထိန်းချုပ်မှုကို ပါလက်စတိုင်း အမျိုးသားအာဏာပိုင် (ပီအင်အေ)အဖွဲ့ထံသို့ ဗုဒ္ဓဟူးနေ့က အပြီးအပိုင် လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် အစ္စရေးတပ်မတော်သည် ဂါဇာကမ်းမြောင် မြောက်ဖျားပိုင်းရှိ ဘိတ်ဟာနူးမှ တနင်္ဂနွေနေ့က ရုပ်သိမ်းသွားပြီဖြစ်သည်။ ပါလက်စတိုင်း အစွန်းရောက် အဖွဲ့များဖြစ်သည့် ဟားမားစ်နှင့် အစ္စလမ္မစ်ဂျီဟတ်တို့သည် အဆိုပါနေ့တွင်ပင် အစ္စရေးနှင့် အပစ်အခတ်ရပ်စဲရန် သဘောတူညီခဲ့ကြသည်။

လမ်းစပွင့်

ယင်းသို့ ဖော်ပြပါအတိုင်း နှစ်ဦးနှစ်ဖက်ပူးတွဲ ဆောင်ရွက်မှုများက ၂၀၀၅ခုနှစ်တွင် ပါလက်စတိုင်းနိုင်ငံ ဖြစ်ထွန်းပေါ်ပေါက်ရန် ရည်ရွယ်ထားသည့် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး အစီအစဉ် (လမ်းပြမြေပုံ) စတင်ဖော်ဆောင်ရေးအတွက် လမ်းစပွင့်သွားပြီဖြစ်သည်။***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်တောင်ပိုင်း ငြိမ်းချမ်းရေးတပ်ဖွဲ့အတွက် တပ်ဖွဲ့ဝင်များစေလွှတ်ရေး ဆွေးနွေးမှုများ ပြုလုပ်နေ

လန်ဒန် ဇူလိုင် ၄

အီရတ်နိုင်ငံတောင်ပိုင်းတွင် ဆောင်ရွက်မည့် ငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်းများ၌ ပါဝင်ကူညီနိုင်ရန် ဗြိတိန်နိုင်ငံနှင့် အခြားသော နိုင်ငံကိုးနိုင်ငံတို့ ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း တာဝန်ရှိသူများက ဗုဒ္ဓဟူးနေ့တွင် ပြောကြားကြသည်။

ဦးဆောင်မည်

အီရတ်နိုင်ငံတောင်ပိုင်းတွင် တပ်ဖွဲ့ဝင်အင်အား ၁၆၀၀၀ ပါရှိမည့် နိုင်ငံတကာ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့တစ်ဖွဲ့ကို ဗြိတိန်နိုင်ငံက ဦးဆောင်မည်ဖြစ်ကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

ဆွေးနွေး

ယခုအခါ အီရတ်နိုင်ငံတွင် ဗြိတိသျှစစ်သည် ၁၁၀၀၀ ခန့်ရှိနေရာ နောက်ထပ်လိုအပ်သော တပ်ဖွဲ့ဝင် ၅၀၀၀ ရရှိနိုင်ရန် တပ်ဖွဲ့စေလွှတ်ရေးကို သဘောတူညီထားသော နိုင်ငံ ကိုးနိုင်ငံတို့နှင့် ဆွေးနွေးလျက်ရှိကြသည်။

အီရတ်နိုင်ငံတောင်ပိုင်းတွင် ဗြိတိသျှတပ်ဖွဲ့က ဦးဆောင်မည့် နိုင်ငံတကာတပ်ဖွဲ့ ဖွဲ့စည်းရေးကိစ္စကို ဆွေးနွေးလာမှုမှာ ရက်သတ္တပတ် အတန်ကြာမြင့်ခဲ့ပြီဖြစ်သည်။

သဘောတူညီထား

အီရတ်ရှိ ဗြိတိသျှတပ်ဖွဲ့က တာဝန်ယူမည့် လုံခြုံရေးဇုန်နယ်မြေသို့ တပ်ဖွဲ့စေလွှတ်ပေးရန် သဘောတူညီထားသော နိုင်ငံများမှာ ဒိန်းမတ်၊ ချက်သမ္မတနိုင်ငံ၊ အီတလီ၊ လစ်သူယေးနီးယား၊ နယ်သာလန်၊ နယူးဇီးလန်၊ နော်ဝေ၊ ပေါ်တူဂီနှင့် ရိုမေးနီးယားနိုင်ငံတို့ဖြစ်ကြောင်း ဗြိတိသျှကာကွယ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

စစ်မြေပြင်ဆေးရုံ

ဒိန်းမတ်နိုင်ငံသည် အီရတ်နိုင်ငံတောင်ပိုင်းသို့ တပ်ဖွဲ့များပေးပို့ခဲ့ပြီး ချက်သမ္မတနိုင်ငံက နိုင်ငံတောင်ပိုင်း ဘာဆရာမြို့တွင် စစ်မြေပြင်ဆေးရုံတစ်ရုံ ထူထောင်ဖွင့်လှစ်ထားပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ယုတ်ကုန်နှစ်ဆ တိုးမြင့်ကြ

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်သို့ ရောက်ရှိနေသော အမေရိကန် အထက်လွှတ်တော် လက်နက်ကိုင်တပ်ဖွဲ့များကော်မတီဥက္ကဋ္ဌ၊ အထက်လွှတ်တော် အမတ် ဂျွန်ဝါနာ ဦးဆောင်သော ကွန်ဂရက်ကိုယ်စားလှယ်အဖွဲ့အား ဇူလိုင် ၁ ရက်က ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် တွေ့မြင်ရစဉ်။ (အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေများကို သုံးသပ်လေ့လာမည်ဖြစ်သည်။)

(ဓာတ်ပုံ-အင်တာနက်)



မြို့တော်ဘဂ္ဂဒက် ဆင်ခြေဖုံးဒေသရှိ အယ်လ်-မူစတန်ဆီရီယာ ရပ်ကွက်တွင် ဖျက်ဆီးခံလိုက်ရသော အမေရိကန် စစ်ဘက်ဆိုင်ရာ ယာဉ်တစ်စီး၏ အပျက်အစီးများကို ကြည့်ရှုနေသော အမေရိကန်စစ်သည်တစ်ဦးကို ဇူလိုင် ၂ ရက်က တွေ့ရစဉ်။ (အီရတ်နိုင်ငံတွင် အမေရိကန်စစ်သည်များအား ချုံခိုတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်နေသည်။)

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် သြဇာတိက္ကမရှိသော ကောင်စီဖွဲ့စည်းရေးဆောင်ရွက်

ဘဂ္ဂဒက် ဇူလိုင် ၄

အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံတမန်များသည် အီရတ်ပြည်သူလူထု တစ်ရပ်လုံး လက်ခံနိုင်သည့် ပိုမိုသြဇာတိက္ကမရှိသော အီရတ်ကောင်စီတစ်ရပ် ဖွဲ့စည်းရေးအတွက် ဆောင်ရွက်နေသည့် အမေရိကန်ဦးဆောင်သည့် အရပ်ဘက်အုပ်ချုပ်ရေးအဖွဲ့အား ထိန်းကျောင်းတည့်မတ်ပေးလျက်ရှိကြောင်း ကုလသမဂ္ဂ၏ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ဗုဒ္ဓဟူးနေ့က ပြောကြားလိုက်သည်။

အီရတ်နိုင်ငံအား သိမ်းပိုက်ထားသည့် အမေရိကန်နှင့် ဗြိတိန်အာဏာပိုင်အဖွဲ့အား အစားထိုးမည့်ရွေးကောက်ပွဲအား အထောက်အပံ့ပေးနိုင်သည့် အခြေခံလိုအပ်ချက်များလိုအပ်နေပြီး တစ်နှစ်အထိ ပေါ်ထွန်းနိုင်ဖွယ်မရှိသေးကြောင်း ကုလသမဂ္ဂအထူးကိုယ်စားလှယ် ဆာဂျီယိုဗိုင်ရာဒီမဲလိုး၏ အကြံပေးသံတမန် ဂက်ဆန်ဆလာမေက ပြောကြားသည်။

ရည်ရွယ်ထား

အီရတ်နိုင်ငံအား အုပ်ချုပ်နေသည့် အမေရိကန်ဦးဆောင်တပ်ဖွဲ့က ကြားဖြတ်အစိုးရအာဏာပိုင်အဖွဲ့နှင့် ရင်ပေါင်တန်း တာဝန်ယူဆောင်ရွက်မည့် အီရတ်နိုင်ငံသားအဖွဲ့ဝင် ၂၅ ဦးမှ ၃၀ ဦးအထိ ပါဝင်သည့် အကြံပေးကောင်စီတစ်ရပ်ကို ယခုလနှောင်းပိုင်းတွင် ရွေးချယ်ခန့်ထားရန် ရည်ရွယ်ထားသည်။

အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့က ကုလသမဂ္ဂ၏ အခွင့်အာဏာမယူဘဲ အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ပြီးနောက် အီရတ်နိုင်ငံစစ်ပွဲလွန်ကာလတွင် ကုလသမဂ္ဂ၏ သြဇာတိက္ကမအနေဖြင့် အဆုံးအဖြတ်ပေးနိုင်သည့် အနေအထားတွင် မရှိပေ။

နိုင်ငံသားများပါဝင်မည့် အီရတ်ကောင်စီအနေဖြင့် စီမံခန့်ခွဲရေးအာဏာ အချို့ရနိုင်မည်ဖြစ်ပြီး ပင်ကိုရည်ရွယ်ထားသလို အကြံပေးအဖွဲ့မဟုတ်ကြောင်းကို အမေရိကန်နှင့် ဗြိတိသျှအစိုးရအဖွဲ့အား ကုလသမဂ္ဂက လက်ခံယုံကြည်စေကြောင်း ဆလာမေကပြောကြားသည်။

ဥပမာအားဖြင့် ဖော်ပြပါကောင်စီက ဝန်ကြီးများရွေးချယ်ရန် အခွင့်အာဏာရှိမည်ဖြစ်သော်လည်း ငွေစာရင်းရေးဆွဲရေးကိစ္စများတွင် ဝင်ရောက်ပြောဆိုခွင့်မရှိဟု ဆလာမေက ဆက်လက်ပြောကြားသည်။

အီရတ်ပြည်သူတစ်ရပ်လုံး ထောက်ခံမှုရရှိရေးအတွက် အမျိုးသားဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံတစ်ရပ် ရေးဆွဲရန်အတွက် မည်သို့မည်ပုံကြိုးပမ်း ဆောင်ရွက်မည်ဆိုသည်နှင့် စပ်လျဉ်း၍ ဖွဲ့စည်းအုပ်ချုပ်ပုံကျွမ်းကျင်သူ အီရတ်နိုင်ငံသားများနှင့် ကုလသမဂ္ဂက ညှိနှိုင်းမှုပြီးစီးသွားပြီဖြစ်ကြောင်း ဆလာမေက ပြောကြားသည်။

ဆက်ဒမ်ဟူစိန် ဆယ်စုနှစ်ပေါင်းများစွာက ထိန်းချုပ်လာခဲ့သည့် အီရတ်နိုင်ငံအား ဦးဆောင်လမ်းပြ ပြုလုပ်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖော်ဆောင်ရေးပြဿနာသည် အီရတ်နိုင်ငံသားအများစုအတွက် ထိပ်တန်းဦးစားပေးကိစ္စတစ်ရပ်မဟုတ်ကြောင်း ဆလာမေက ထပ်လောင်းဖြည့်စွက်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ရှေးဦးလူသားတို့၏ နံရံပန်းချီများ သြစတြေးလျနိုင်ငံ ဂူတစ်ခုတွင်တွေ့ရှိ

ကင်ဘာရာ ဇူလိုင် ၃

မနုဿဗေဒပညာရှင်များ လောကတွင်အရေးပါသော တွေ့ရှိမှုတစ်ရပ်အဖြစ် သြစတြေးလျနိုင်ငံ ဂူတစ်ခုအတွင်း ရှေးဦးလူသားတို့၏ နံရံပန်းချီများကို ရှာဖွေတွေ့ရှိခဲ့ကြသည်။

နှစ်လေးထောင်

သက်တမ်းအားဖြင့် နှစ်လေးထောင်ခန့်ရှိနိုင်သည်ဟု အချို့ကခန့်မှန်းကြပြီး ဖယောင်းနှင့်ရေးဆွဲထားသောပုံများ အပါအဝင် ပုံ ၂၀၀ ခန့်ရှိကြောင်း၊ ငှက်များနှင့်ပတ်သက်၍ ရှားပါးသော သရုပ်ဖော်ရေးဆွဲချက်များနှင့် မည်သည့်နေရာတွင်မျှ မတွေ့ရှိရသေးသည့် အနုပညာဆိုင်ရာ စိတ်ကူးစိတ်သန်းများကိုပါ ဖော်ပြထားသည့်ရုပ်ပုံများ ပါဝင်ကြောင်း၊ တွေ့ရှိသမျှထဲတွင် စတုတ္ထမြောက် ရုပ်ပုံအများဆုံးနေရာဖြစ်ကြောင်း သုတေသီများက ပြောကြားခဲ့သည်။

လုံခြုံစွာစောင့်ကြပ်

ရှားပါးပစ္စည်းများကို ကာကွယ်စောင့်ရှောက်သည့်အနေဖြင့် တွေ့ရှိရသော နေရာအတိအကျနှင့် လန်မီအမျိုးသားပန်းခြံကို လုံခြုံစွာစောင့်ကြပ်ထားသည်။

တောအုပ်ထူထပ် သိပ်သည်းစွာ ပေါက်ရောက်မှုကြောင့် ၁၉၉၅ ခုနှစ်ကတည်းက တွေ့ရှိခဲ့သော အဆိုပါနေရာသို့ ယခုမှသာ ပညာရှင်များ သွားရောက်လေ့လာနိုင်ခဲ့ခြင်းဖြစ်သည်။

စီအင်န်အင်န်။

စက်ရုပ်ဖြင့် ခွဲစိတ်ကုသမှုစနစ် စင်ကာပူဆေးရုံတွင် တပ်ဆင်

စင်ကာပူ ဇူလိုင် ၃

စင်ကာပူ အထွေထွေရောဂါကုဆေးရုံကြီး၌ အရှေ့တောင်အာရှတွင် ပထမဆုံးအကြိမ်အဖြစ် စက်ရုပ်ဖြင့် ခွဲစိတ်ကုသမှုစနစ်ကို တပ်ဆင်အသုံးပြုနေကြောင်းဖြင့် နယူးအေးရှားရုပ်မြင်သံကြားသတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် ပြသလိုက်သည်။

စက်ရုပ်ဖြင့် ခွဲစိတ်ကုသသည့်စနစ်ကို ဖော်ပြပါဆေးရုံရှိ ဆီးရောဂါကုဌာနတွင် အသုံးပြုနေပြီး ဒါဗင်ချီဟု အမည်ပေးထားသည်။ ယင်း၏ အဓိပ္ပာယ်မှာ လူအများအနေဖြင့်ဆေးရုံတွင် ရက်တိုတိုနေပြီး မြန်မြန်ရောဂါပျောက်သည့် အဓိပ္ပာယ်ဖြစ်သည်။

အဆိုပါစက်ရုပ်၏ တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂ သန်းကျော်ရှိပြီး နှလုံးရောဂါခွဲစိတ်ကုသမှုတွင်ပင် အသုံးရနိုင်ဖွယ်ရှိသည်။

နူးညံ့သိမ်မွေ့

အဆိုပါစနစ် အသုံးပြုရာတွင် ဖန်သားပြင်ပေါ်တွင် ခွဲစိတ်မှုပြုလုပ်နေစဉ်အတွင်း လွန်စွာနူးညံ့သိမ်မွေ့သည့် တစ်ရှူးအမျှင်ကလေးများကိုပင် လွယ်လင့်တကူ သုံးဘက်မြင်မြင်ကွင်း၌ တွေ့ရှိနိုင်မည်ဖြစ်ကာ ခွဲစိတ်မှုပြီးပါက အင်အားကုန်ခမ်းသည့် ဒဏ်ရာဒဏ်ချက်ကို လျော့ပါးသက်သာစေမည်ဖြစ်သည်။

စက်ရုပ်၏လက်နှစ်ဖက်ကို ခွဲစိတ်ကုဆရာဝန်က ထိန်းချုပ်ပေးနိုင်သည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ၌ အမေရိကန်စစ်သား အကျအဆုံး များလာလေ အမေရိကန်သမ္မတဘုရှ် ပြည်တွင်း၌ နိုင်ငံရေးအကျပ်တွေ့လေဖြစ်

ဝါရှင်တန် ဇူလိုင် ၃

အီရတ်တွင် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားမှုကြောင့် အမေရိကန်တို့ ပိုမိုအခြေမလှဖြစ်လာစဉ် အီရတ်တွင် အမေရိကန်စစ်သားတစ်ယောက်ကျဆုံးတိုင်း သမ္မတဘုရှ်အနေဖြင့် ပြည်တွင်း၌ နိုင်ငံရေးခြိမ်းခြောက်အကျပ်ကိုင်မှုနှင့် ပိုမိုကြုံတွေ့ရင်ဆိုင်ရလေဖြစ်ကြောင်း ဝေဖန်ဆန်းစစ်သူများက ပြောဆိုသည်။

သမ္မတဘုရှ်အတွက် ၂၀၀၄ခုနှစ် သမ္မတရွေးကောက်ပွဲ၌ ပြန်လည်ရွေးချယ်ခံရရေးမှာ အကျပ်အတည်းကာလတွင် သူသည် ခိုင်မာပြတ်သားသော ခေါင်းဆောင်တစ်ဦးဖြစ်သည်ကို ပြသနိုင်မှုအပေါ်တွင် များစွာမူတည်နေသည်။

ရှမြင်သုံးသပ်လာ

အီရတ်တွင် အမေရိကန်စစ်သားများ ပုံမှန်ကျဆုံးမှု သို့မဟုတ် အမေရိကန်စစ်သားများအပေါ် အချိန်ကြာမြင့်စွာ တိုက်ခိုက်မှုက သမ္မတဘုရှ်၏နာမည်ကို ဖျက်နေကြောင်း တွေ့မြင်နိုင်သည်။

အီရတ်တွင် အမေရိကန်စစ်သားများ၏အခြေအနေမကောင်းကြောင်း ပြည်သူတို့က အသိအမှတ်ပြု မှတ်ယူနေကြသည်ဟု ဂေါလပ်လူထုသဘောထားစစ်တမ်းတွင် ဖော်ပြနေသည်။ ယခင်တစ်လကာလက ယင်းသို့ယုံကြည်သူ ၂၉ ရာခိုင်နှုန်းသာရှိခဲ့သော်လည်း ယခုအခါ ၄၂ရာခိုင်နှုန်းသောပြည်သူတို့က ထိုသို့ရှုမြင်သုံးသပ်လာသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်ခုခံရေးသမား မသင်္ကာသူများအား အမေရိကန် တပ်ဖွဲ့ဖမ်းဆီး

ဘဂ္ဂဒက် ဇူလိုင် ၃

အီရတ် ခုခံရေးအင်အားစုများအား ဖမ်းဆီးချေမှုန်းရေး အမေရိကန်စစ်တပ်၏ ဆိုက်ဝင်းဒါးစစ်ဆင်ရေးကို ဗုဒ္ဓဟူးနေ့က လေးရက်မြောက်ဆင်နွှဲရာတွင် အရေးပါသောလူ ၂၅ ဦးကို ဖမ်းဆီးလိုက်သည်ဟုဆိုသည်။

ဖမ်းမိ

အမေရိကန်စစ်သားများက ဘာသ်ပါတီနှင့် ဖေဒါယင်းအသေခံတပ်မှ ခေါင်းဆောင်ဟောင်းများအပါအဝင် အရေးကြီးသည့် မသင်္ကာဖွယ်ရာ လူ ၂၅ ဦးကို ဖမ်းမိသည်။ သို့သော် ၎င်းတို့ထဲတွင် ဆက်ဒမ်ဟူစိန်အစိုးရမှ အဓိကတရားခံပြေးများ မပါဝင်ဟုဆိုသည်။

ယင်းစစ်ဆင်ရေးအတွင်းတွင် အမေရိကန်စစ်သားများက ၂၅ နေရာကို ဝင်ရောက်စီးနင်းပြီး လူ ၂၅ ဦးကို ဖမ်းဆီးလိုက်သည်။ ထို့ပြင် လက်နက်ဂိုဒေါင်တစ်ခုကိုလည်း တွေ့ရှိသည်ဆို၏။

ဘဂ္ဂဒက်မြို့၏ မြောက်ဘက်မှ အာရ်ပီဂျီဒုံးသီး ၂၀၀ ကျော် တွေ့ရှိဖော်ထုတ်နိုင်သည်ဆို၏။

အီရတ်တို့၏ ပိုမိုခုခံတိုက်ခိုက်မှုကြောင့် သမ္မတဘုရှ်က မေ ၁ ရက်နေ့တွင် အကြီးအကျယ်တိုက်ပွဲကြီးများပြီးဆုံးသွားပြီဟူ၍ ပြောကြားပြီးနောက် အမေရိကန်စစ်သား ၂၃ ယောက် သေဆုံးပြီး၊ အများအပြား ဒဏ်ရာရခဲ့သည်။ ***အင်တာနက်။***

အလုပ်အကိုင်ရရှိရေး ဘဂ္ဂဒက်တွင် ဆန္ဒပြ

ဘဂ္ဂဒက် ဇူလိုင် ၃

အီရတ်နိုင်ငံမှ အလုပ်သမားများသည် ၎င်းတို့အား အလုပ်အကိုင်ပြန်လည်ခန့်ထားရေးနှင့် စစ်ပွဲဖြစ်ပွားနေစဉ် ကာလအတွင်းက လခများပြန်လည် ထုတ်ပေးရေးအတွက် အမေရိကန်တို့ထံမှ တောင်းဆိုလျက်ရှိသည်။

ဘဂ္ဂဒက်မြို့ရှိ အီရတ်နိုင်ငံဆိုင်ရာ အမေရိကန်တို့၏ အုပ်ချုပ်ရေးရုံးရှေ့တွင် အလုပ်သမားများ ဆန္ဒပြလျက်ရှိကြောင်း သိရသည်။ အမေရိကန်တပ်ဖွဲ့များက အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ခဲ့ခြင်းကြောင့် နိုင်ငံပိုင်လုပ်ငန်းများနှင့် ကုမ္ပဏီကြီးများကို ပိတ်လိုက်ရပြီး ရုံးဌာနအများအပြားမှာလည်း လုယက်ဖျက်ဆီးခြင်းခံခဲ့ရကြောင်း ဆန္ဒပြသူများက ပြောကြားခဲ့သည်။

စီအင်န်အင်န်။



ကင်းလှည့်

အီရတ်နိုင်ငံရှိ မငြိမ်မသက်ဖြစ်နေသော ဖော်လူဂျာမြို့တွင် အမေရိကန်ကြည်းတပ် တပ်ဖွဲ့ဝင်များ ကင်းလှည့်နေသည်ကို ဇူလိုင်၃ရက်ကတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၄ခုနှစ်အတွင်း အမေရိကန်ဒေါ်လာသုံးဘီလျံကျော် ရုရှားနိုင်ငံချေးငှားမည်

မော်စကို ဇူလိုင် ၃

ရုရှားနိုင်ငံက ၂၀၀၄ ခုနှစ်အတွင်း ပြည်ပမှ ချေးငွေအမြင့်ဆုံးအဖြစ် အမေရိကန်ဒေါ်လာ ၃ဒသမ ၆၆ ဘီလျံ ချေးငှားရန် စီစဉ်လျက်ရှိကြောင်းဖြင့် အင်တာဖက်စ် သတင်းဌာနက ဗုဒ္ဓဟူးနေ့က ဖော်ပြလိုက်သည်။

ရုရှားဘဏ္ဍာရေးဌာနက မူကြမ်းအဖြစ် ချမှတ်ထားသည့် လာမည့်နှစ်တွင် ပြည်ပမှချေးငွေ အစီအစဉ်တွင် အမေရိကန်ဒေါ်လာ သုံးဘီလျံတန်ဖိုးရှိ နှစ်၁၀ကြာ ဥပရောပစာချုပ်နှင့်ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၄၀ တို့ကို စုစုပေါင်းရန်ပုံငွေအဖြစ် ထားရှိရန် အစီအစဉ်များ ပါဝင်သည်။

ပြည်ပအစိုးရများနှင့် နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများမှ စီစဉ်သတ်မှတ်ထားသည့် အမြင့်ဆုံးချေးငွေကို နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)မှ အမေရိကန်ဒေါ်လာ ၃၄၁ သန်းနှင့် ပြည်ပအစိုးရများထံမှ ဒေါ်လာ ၂၈၁သန်းတို့အပါအဝင် အမေရိကန်ဒေါ်လာ ၆၂၂ သန်းအထိ ရရှိရန် မျှော်မှန်းထားကြောင်း အီတာတပ်စ်သတင်းဌာနက ဖော်ပြထားသည်။

ကြိုးပမ်းမည်

အဆိုပါ ချေးယူမည့်အစီအစဉ် မူကြမ်းနှင့်ပတ်သက်၍ ရုရှားအစိုးရက ဆွေးနွေးညှိနှိုင်းမှုကို ကြာသပတေးနေ့တွင် ပြုလုပ်မည်ဖြစ်ပြီး ၂၀၀၄ခုနှစ်အတွင်း ချေးငွေလျှော့ချချေးငှားရန် ကြိုးပမ်းမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ရသုံးငွေ ဘတ်ဂျက်မှ ပိုလျှံမှု၊ နိုင်ငံခြားငွေတိုးတက်များပြားရရှိမှုနှင့် ရုရှားနိုင်ငံ စီးပွားရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု များပြားလာမှုတို့ကြောင့် ရုရှားနိုင်ငံအား ပြည်ပမှငွေချေးရေးကို ရပ်ဆိုင်းစေနိုင်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကျွမ်းကျင်သူများက ယုံကြည်ထားကြသည်။

ရုရှားနိုင်ငံသည် ၂၀၀၄ ခုနှစ်အတွင်း ပြည်ပမြီရှင်နိုင်ငံများသို့ အမေရိကန်ဒေါ်လာ ၁၅ဒသမ ၆ဘီလျံ ပေးဆပ်ရမည်ဖြစ်ပြီး အတိုးငွေ ၆ ဒသမ ၇ဘီလျံကို အခွန်အကောက်နှင့် အခြားအခွန်အတုတ်များမှ ပေးဆပ်မည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘရာဇီး ဆန်တော့စ်အက်ဖ်စီကလပ်အသင်းမှ ဘောလုံးသမား ဒီဂိုဒါကွန်ဟာအား ၎င်းရရှိသည့် အကောင်းဆုံး တီထွင်ဖန်တီးဆန်းသစ်မှု ဆုဖလားနှင့်အတူ တွေ့မြင်ရစဉ်။ (ဘရာဇီး ကလပ်အသင်းသည် အာဂျင်တီးနားနိုင်ငံမှ ဘိုကာဂျူနီယာကလပ်အသင်းနှင့် ဆောပေါ်လိုမြို့ရှိ မိုရွမ်ဘီအားကစားရုံတွင် ဇူလိုင် ၂ရက်က ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ ဘိုကာဂျူနီယာက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။) (ဓာတ်ပုံ-အင်တာနက်)

အငြိမ်းစားယူတော့မည့် အမေရိကန်တပ်ကြပ်ကြီး အီရတ်တွင်ကျဆုံး

ဘဂ္ဂဒက် ဇူလိုင် ၃

အီရတ်၏စစ်ရေးကြောင့် အငြိမ်းစားယူခွင့်ပေးရန် မေတ္တာရပ်ခံခြင်းကို ငြင်းပယ်ခံရသည့် အမေရိကန်အရန်တပ်ဖွဲ့ဝင် တပ်ကြပ်ကြီး ခရစ္စတိုဖာကော်ဖင်(၅၁)နှစ်မှာ အီရတ်တွင် သေဆုံးသွားပြီဟု သိရသည်။

ဘဂ္ဂဒက်နှင့် ကူဝိတ်အကြား အမေရိကန် စစ်ဘက်ယာဉ်တန်းများနှင့်လိုက်ပါသူ ခရစ္စတိုဖာကော်ဖင်သည် ခုခံရေးသမားများ၏ လက်ချက်ဖြင့် အင်္ဂါနေ့က သေဆုံးသွားသည်။ ***အင်တာနက်။***

အီရတ်လက်နက်အစီအစဉ် ဘုရှ်အစိုးရ လိမ်ညာဟု အမေရိကန်ပြည်သူ အများစုယုံကြည်

ဝါရှင်တန် ဇူလိုင် ၃

အမေရိကန်အစိုးရ၏ အီရန်စစ်ရေးကြိုးပမ်းမှုအပေါ် အမေရိကန်ပြည်သူတို့က ငြီးငွေ့လာပြီဖြစ်ကြောင်းနှင့် သမ္မတဘုရှ်၏ အမေရိကန်အစိုးရအနေဖြင့် အီရတ်၏ လူအစုအပြုံလိုက်သေစေသော လက်နက်များကိစ္စတွင် လိမ်လည်နေသည်ဟု ပထမဆုံးအကြိမ်အဖြစ် အမေရိကန်ပြည်သူအများစုက ယုံကြည်နေကြောင်း လူထုသဘောထားစစ်တမ်းအရ သိရသည်။

ပြည်သူထောက်ခံမှု ကျဆင်းလာခြင်းနှင့် ရင်ဆိုင်ရသောအခါ သမ္မတဘုရှ်အနေဖြင့် အမေရိကန်နိုင်ငံတွင် အီရတ်အရေးနှင့် နစ်မြုပ်နေခြင်း မဟုတ်ဘဲ အီရတ်တွင် အမေရိကန်တပ်များ အချိန်ရှည်ကြာ ဆွဲထားရမည်ကို ပြည်သူတို့ လက်ခံအောင် ကြိုးပမ်းရမည်ဖြစ်သည်။

လိမ်ညာ

အမေရိကန်တက္ကသိုလ်က ကောက်ယူသည့် လူထုသဘောထားစစ်တမ်းတွင် ၅၂ရာခိုင်နှုန်းက သမ္မတဘုရှ်နှင့် လက်ထောက်များသည် အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်၏ ဓာတု၊ ဇီဝနှင့် နျူကလီးယားလက်နက် အစီအစဉ်အပေါ် မှားယွင်းဖော်ပြခြင်း မဟုတ်ဘဲ လိမ်ညာခြင်းဖြစ်မည်ဟု ယုံကြည်ကြသည်ကို တွေ့ရသည်။

ယူဆ

၁၀ ရာခိုင်နှုန်းက အမေရိကန်အရာရှိများသည် မှားယွင်းနေသည်ကို သူတို့သိသော အထောက်အထားများ တင်ပြခြင်းဖြစ်သည်ဟု ယူဆကြသည်။ ၃၂ ရာခိုင်နှုန်းကသာလျှင် အီရတ်လက်နက်အစီအစဉ်နှင့် စပ်လျဉ်း၍ အမေရိကန်အစိုးရက မှန်ကန်စွာ ဖော်ပြသည်ဟု ယုံကြည်ကြသည်။ ***အင်တာနက်။***

ဂျပန် လွှန်းပြန်ယာဉ် စမ်းသပ်ပျံသန်းစဉ် ဆွီဒင်မြောက်ပိုင်းတွင် ပျက်ကျ

စတော့ဟုမ်း ဇူလိုင် ၃

လူလိုက်ပါခြင်းမရှိသည့် ဂျပန်အာကာသလွှန်းပြန်ယာဉ်တစ်စင်းကို ဆွီဒင်နိုင်ငံမြောက်ပိုင်းတွင် ဗုဒ္ဓဟူးနေ့က စမ်းသပ်ပျံသန်းနေစဉ် အရေးပေါ် အခြေအနေတစ်ရပ်ကြုံတွေ့နေရသောကြောင့် မဖြစ်မနေ ပြန်လည်ဆင်းသက်ခဲ့ရကြောင်းဖြင့် ဆွီဒင်နိုင်ငံမှ လေကြောင်းပျံသန်းရေးဌာန အာဏာပိုင်များက ပြောကြားလိုက်သည်။

ဂျပန်နိုင်ငံ၏ ပထမဆုံး ပြန်လည်အသုံးပြုနိုင်သည့် အာကာသလွှန်းပျံယာဉ် လွှတ်တင်ရန် အစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အရ အဆိုပါ စမ်းသပ်လွှန်းပြန်ယာဉ်ကို အမြင့်ကီလိုမီတာ ၂၁ ဒသမ ၅ အထိ လွှတ်တင်ခဲ့ပြီး ကောင်းကင်ယံမှ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။ ၎င်းအာကာသလွှန်းပြန်ယာဉ်သည် အမြင့်မီတာ ၁၂၀၀ ရောက်ရှိသည့်တိုင်အောင် မူလစီစဉ်ထားသည့်အတိုင်း ပြဿနာမရှိ ချောမောစွာ လည်ပတ်လျက်ရှိသည်။

အဆိုပါ လွှန်းပြန်ယာဉ် မြေပြင်သို့ဆင်းသက်ရာတွင် လေထီးနှင့် လေအိတ်များ အသုံးပြုသည့်စနစ်ကို အသုံးပြု ဆင်းသက်သင့်သော်လည်း အသုံးမပြုခဲ့သောကြောင့် စတော့ဟုမ်းမြို့မြောက်ပိုင်း ကီလိုမီတာ ၁၃၀၀ ခန့်ဝေးကွာသည့် ကာရူနာဒေသ လွှန်းပြန်ယာဉ်ဆင်းသက်ရာနေရာသို့ ပျက်ကျလာပြီး ပြိုကွဲပျက်စီးသွားသည်။

အာကာသလွှန်းပြန်ယာဉ် ကယ်တင်ရေးစနစ်ကောင်းစွာ လည်ပတ်နိုင်ခြင်း မရှိသောကြောင့် မြေပြင်သို့ ချောမောစွာ မဆင်းသက်နိုင်ခြင်းဖြစ်ကြောင်း၊ နောက်ထပ် ပျံသန်းမှု မပြုလုပ်မီ ၎င်းယာဉ်အား ပြန်လည်ပြင်ဆင်မွမ်းမံရဦးမည်ဖြစ်ကြောင်း စီမံကိန်းခေါင်းဆောင် မစ်ခေးဗိုဇ်တိုတက်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန်တို့အား တိုက်ခိုက်မှုအသစ်များ လုပ်ဆောင်သွားမည် — အီရတ်အမျိုးသား ကွန်မန်ဒိုအဖွဲ့ဝင်တစ်ဦး ခြိမ်းခြောက်ပြောကြား

ဘဂ္ဂဒက် ဇူလိုင် ၃

အီရတ်အမျိုးသား ကွန်မန်ဒိုအဖွဲ့ဝင်တစ်ဦးက အီရတ်နိုင်ငံအတွင်း အမေရိကန်တို့ကို တိုက်ခိုက်မှုအသစ်များ လုပ်ဆောင်သွားမည်ဟု ခြိမ်းခြောက်ပြောကြားမှု ပါရှိသော ဗီဒီယိုတိပ်ခွေကို လက်ဘနွန်နိုင်ငံအခြေစိုက် ဂြိုဟ်တုရုပ်သံဌာနတစ်ခုက ဗုဒ္ဓဟူးနေ့တွင် ထုတ်လွှင့်ပြသခဲ့သည်။

အဆိုပါ ဗီဒီယိုကို အီရတ်နိုင်ငံအတွင်း ရိုက်ကူးထားခြင်းဖြစ်သော်လည်း နေရာအတိအကျ မဖော်ပြထားကြောင်း သိရသည်။

ဗီဒီယိုထဲတွင် အဆိုပါအဖွဲ့များသည် မျက်နှာများကို ဖုံးကွယ်ထားပြီး သစ်ပင်များအနီး၌ လက်နက်များ ကိုင်ဆောင်ထားကြသည်။ မကြာသေးမီက ပြုလုပ်ခဲ့သည့် အမေရိကန်ဆန့်ကျင်ရေး တိုက်ခိုက်မှုများသည် ၎င်းတို့အဖွဲ့နှင့် အခြားသော အဖွဲ့များပါ ပူးပေါင်းလုပ်ဆောင်ခဲ့ကြောင်း အဖွဲ့ဝင်တစ်ဦးက အဆိုပါ ဗီဒီယိုတိပ်ခွေထဲ၌ ပြောကြားထားသည်။

အီရတ်နိုင်ငံတွင် အမေရိကန်တို့ကို ဆန့်ကျင်တိုက်ခိုက်မှုများ ယခုရက်ပိုင်းအတွင်း တိုးပွားလာနေပြီး အင်္ဂါနေ့ကလည်း ဘဂ္ဂဒက်မြို့တောင်ဘက်ရှိ စခန်းတစ်ခုတွင် အမေရိကန်မရိန်းတပ်သား အသတ်ခံခဲ့ရသည်။ မေလ ၁ ရက်နေ့နောက်ပိုင်း အဆိုပါ မရိန်းတပ်သား အပါအဝင် အသတ်ခံရသည့် အမေရိကန်တပ်ဖွဲ့ဝင် ၂၆ ဦး ရှိသွားပြီဖြစ်သည်။ *စီစီတီဗွီ။*

ထိမှန်ပျက်စီး

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် ဇူလိုင် ၃ရက်က ဒုံးကန်အားသုံး ဗုံးတစ်လုံး ထိမှန်ခံရသဖြင့် ပျက်စီးသွားသော အမေရိကန်တပ်ဖွဲ့မှ စစ်ယာဉ်တစ်စီးကို အမေရိကန်ကြည်းတပ် တပ်ဖွဲ့ဝင်များက ကြည့်ရှုနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကနေဒါနိုင်ငံ မြို့တော်တွင် ဆားစ်ကူးစက်မှုမရှိကြောင်း ထုတ်ဖော်ကြေညာ

ဂျီနီဗာ ဇူလိုင် ၃

ကနေဒါနိုင်ငံမြို့တော် တိုရွန်တိုမြို့ကို ကူးစက်မြန်ပြင်းထန် အဆုတ်ရောင် (ဆားစ်)ရောဂါ ကင်းရှင်းရာဒေသအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)က ဗုဒ္ဓဟူးနေ့က ကြေညာလိုက်ရာ ဆားစ်ရောဂါ အပြည့်အဝ မထိန်းချုပ်နိုင်သည့် ကမ္ဘာ့တစ်ခုတည်းသော ဒေသမှာ တရုတ်တိုင်ပေသာ ကျန်ရှိတော့သည်ဟု ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ကနေဒါနိုင်ငံ၏မြို့တော် တိုရွန်တိုတွင် ဆားစ်ရောဂါ နှစ်ကြိမ်တိုင်တိုင်ဖြစ်ပွားခဲ့သော်လည်း နောက်ထပ်ရောဂါဖြစ်ပွားမှုကြောင့် လူသေဆုံးမှုမရှိဖြစ်ခဲ့ပြီးနောက် အဆိုပါမြို့အား ဆားစ်ရောဂါ ကင်းဝေးရာဒေသအဖြစ် မဖြစ်မနေ ကြေညာလိုက်ခြင်းဖြစ်သည်။

တုပ်ကွေးပုံစံမျိုးဖြစ်သည့် ဆားစ်ရောဂါ ဖြစ်ပွားစေသည့် ဗိုင်းရပ်စ်ပြန့်ပွားတိုက်ခိုက်မှုကြောင့် တိုရွန်တိုတွင်လူ ၂၄၆ ဦး ရောဂါရရှိခဲ့ပြီး လူ ၃၅ ဦး သေဆုံးခဲ့သည်။ ဆားစ်ရောဂါကြောင့် လူအများအပြား သေဆုံးခဲ့သည့် အရှေ့တောင်အာရှဒေသ၏ ပြင်ပရှိ ဆားစ်ရောဂါဖြစ်ပွားခဲ့သည့်ဒေသ ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်-ကူဝိတ်နယ်စပ် ငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်း နောက်ထပ်သုံးလ သက်တမ်းတိုးချဲ့ရန် ကုလသမဂ္ဂ ခွင့်ပြု

ကုလသမဂ္ဂ ဇူလိုင် ၃

အီရတ်နှင့် ကူဝိတ်နိုင်ငံ နယ်စပ်တစ်လျှောက် ငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းရေးမစ်ရှင်ကို နောက်ဆုံးအကြိမ်အဖြစ် နောက်ထပ်သုံးလ တိုးမြှင့်ထားရှိရန် ဆုံးဖြတ်ချက်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ကြာသပတေးနေ့တွင် သဘောတူညီလိုက်သည်။

ဆုံးဖြတ်

အဖွဲ့ဝင် ၁၅ နိုင်ငံပါဝင်သည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက တစ်ခဲနက် မဲခွဲသဘောတူ ဆုံးဖြတ်ချက် ချမှတ်လိုက်ခြင်းဖြစ်ပြီး ယင်းဆုံးဖြတ်ချက်အရ အီရတ်-ကူဝိတ် လေ့လာရေး ကုလသမဂ္ဂမစ်ရှင် (ယူနီကောမ်)အား လာမည့်သုံးလအတွင်းတွင် တဖြည်းဖြည်းချင်း ရုပ်သိမ်းသွားမည်ဖြစ်သည်။

အီရတ်-ကူဝိတ် နယ်စပ် တစ်လျှောက် တွင် ၁၂ နှစ်ကျော်မျှ ကင်းလှည့်နေသော ယူနီကောသည် ယခုနှစ် အောက်တိုဘာလတွင် ၎င်း၏ လုပ်ပိုင်ခွင့်သက်တမ်း ကုန်ဆုံးမည်ဖြစ်သည်။

ထုတ်ဖော်ပြောကြား

အီရတ်စစ်ပွဲ ပြီးဆုံးပြီးနောက်နှင့် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်မှုရှိခဲ့ပြီးနောက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဖော်ပြပါ မစ်ရှင်ကိစ္စနှင့် ပတ်သက်၍ ပြင်ဆင်မှုများပြုလုပ်ရန် ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် အထက်ပါအတိုင်း ဆောင်ရွက်ခြင်းဖြစ်သည်။

ပင်လယ်ကွေ့စစ်ပွဲ ပြီးသည့်နောက် အီရတ်နှင့် ကူဝိတ် နှစ်နိုင်ငံအကြား ရန်လိုတိုက်ခိုက်မှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဟန့်တားနိုင်ရေးအတွက် ယူနီကောမ်ကို ၁၉၉၁ ခုနှစ် ဧပြီလက ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်သည်။

အီရတ်စစ်ပွဲ မဖြစ်ပွားမီ အဆိုပါ ယူနီကောမ်မှ တပ်သားအများစုသည် ယင်းဒေသမှ ဦးစွာ ရုပ်သိမ်းသွားခဲ့သည်။ ယခုအခါတွင် ကူဝိတ်စီးတီးတွင် ယူနီကောမ် စစ်ဌာနချုပ်ကို ဆက်လက်ထားရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဇူလိုင်၃ရက်က ဝင်ဘယ်ဒန်တင်းနစ်ချန်ပီယံပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲတွင် ပြင်သစ်နိုင်ငံမှ ဆီဘက်ရှန်ဂရိစင်းနှင့် ယှဉ်ပြိုင် ကစားနေသော ဗြိတိန်နိုင်ငံမှ တင်ဟန်မန်း၏ ရိုက်ချက်။ *(ဓာတ်ပုံ-အင်တာနက်)*

ရွှေပြည်သာမြို့နယ် သာသနဒီပံ တရားစခန်း

ရန်ကုန် ဇူလိုင် ၄

ရွှေပြည်သာမြို့နယ် ၆/၁၀ရပ်ကွက် ချင်းတွင်းလမ်း သာသနဒီပံ မဟာစည်ရိပ်သာ၌ ဇူလိုင် ၁၇မှ ၂၄ရက်ထိ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သတိပဋ္ဌာန် ဝိပဿနာတရားများကို အခြေခံမှစ၍ အရှင်သိရိန္ဒ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ)က ဟောကြားပို့ချမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ ဖုန်း-၆၆၆၆၆၄၊ ၅၅၅၉၉၅၊ ၆၁၀၆၃၇၊ ၆၄၁၁၆၁ နှင့် ၆၆၇၆၂၇တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ (က-ပ)

ပြိုးခြိုးချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

➪ ရှေ့ဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ညနေ ၄နာရီတွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ဘက်ကမ်းရှိ ရန်ကုန်-သန်လျင် တံတားအမှတ်(၂) တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိလာရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ရန်ကုန်-သန်လျင် တံတားအမှတ်(၂) တည်ဆောက်ရေးစီမံကိန်း၏ တံတားတည်ဆောက်နေမှုတွင် ရန်ကုန်ဘက်ခြမ်းနှင့် သန်လျင်ဘက်ခြမ်းတို့၌ ချဉ်းကပ်တံတားတိုင်များ၊ ရေလယ်တိုင်များ တည်ဆောက်ပြီးစီးနေမှု အခြေအနေများကိုလည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး စီမံကိန်း အထူးအဖွဲ့(၁) အင်ဂျင်နီယာမှူးကြီး(စီမံကိန်း) ဦးမြင့်လွင်က ရန်ကုန်-သန်လျင်တံတား အမှတ်(၂) တည်ဆောက်ရေးစီမံကိန်း တည်ဆောက်ပြီးစီးမှုနှင့် လုပ်ငန်းစီမံချက်အတိုင်း ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများ အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်တို့က ရန်ကုန်မြို့တော်ပတ်ဝန်းကျင် မိုင် ၃၀ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေး၊ ခြောက်သွေ့ရာသီတွင် သီးနှံစိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သော ရေရရှိရန် နည်းလမ်းသုံးရပ်ဖြစ်သော မိုးယွန်းကြီးအင်းမှရေကို မင်းရွာ ရေလွှဲပေါက် (Escape)မှတစ်ဆင့် တူးမြောင်းဖြင့် သယ်ယူပြီး သနပ်ပင်-သုံးခွ ကားလမ်းနံဘေးတစ်လျှောက် တူးမြောင်းစနစ်ဖြင့် ရေသွယ်ယူသည့်နည်းလမ်း၊ ခရမ်းချောင်းကိုပိတ်၍ ရေထိန်းတံခါး တည်ဆောက်ခြင်းဖြင့် မိုးရာသီတွင် ရေငန်တားရေကြီးမှုမှ ကာကွယ်ကာ နွေရာသီတွင် ခရမ်း၊ သုံးခွမြို့နယ်များသို့ ရေသွယ်မြောင်းစနစ်ဖြင့် ရေပေးဝေသည့် နည်းလမ်းနှင့် ငမိုးရိပ် ရေလှောင်တမံ လက်ဝဲတူးမြောင်းမကြီး၏အဆုံးမှ ရေကို တည်ဆောက်ဆဲ ရန်ကုန်-သန်လျင်တံတား အမှတ်(၂) အထိ သွယ်ယူပြီး ပဲခူးမြစ်ကို ရန်ကုန်-သန်လျင် တံတားအမှတ်(၂) အပေါ် ရေသွယ်ပိုက်လုံးဖြင့်ဖြတ်၍ ရန်ကုန်တောင်ဘက်ခြမ်းရှိ သန်လျင်၊ ကျောက်တန်းမြို့နယ်များ၏ စိုက်ပျိုးဧရိယာများသို့ ရေဖြန့်ဝေမည့် နည်းလမ်းတို့ဖြင့် စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်သွားမည့် နည်းလမ်းတို့နှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်အရ ညှိနှိုင်းဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မိုးယွန်းကြီးအင်းမှ ရေသွယ်မြောင်းစနစ်ဖြင့် ခရမ်း၊ သုံးခွမြို့နယ်များသို့ စိုက်ပျိုးရေပေးဝေမည့် နည်းလမ်းပြမြေပုံကို တွေ့ရစဉ်။
(သတင်းစဉ်)

ရေလမ်းထိန်းသိမ်းရေး

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက ပဲခူးမြစ်၏ရေလမ်းကြောင်းဆိုင်ရာများနှင့် ရေလမ်းထိန်းသိမ်းမှုဆိုင်ရာ ကိစ္စများ၊ သန်လျင်ဘက်ခြမ်း ကုလားဝဲရွာဘက်ကမ်းတွင် ကမ်းထိန်းနံရံ တည်ဆောက်ရေးနှင့် မြစ်ကမ်းထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရန်ကုန်မြို့တော်ပတ်ဝန်းကျင် မိုင် ၃၀ပတ်လည် စပါးနှင့် အခြားသီးနှံများဖြင့် အမြဲတမ်းစိမ်းလန်းစိုပြည်ရေး စီမံကိန်းနှင့် ပတ်သက်၍ သက်ဆိုင်ရာများ၏ လေ့လာတင်ပြချက်များအရ စီမံကိန်းပြီးစီးပါက စိုက်ဧက ၄၄၀၀၀၀ ကျော် တိုးတက်လာနိုင်မည့် အကျိုးရရှိနိုင်မှာဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းကြီး တစ်ခုလုံးမပြီးစီးသေးမီ မိမိတို့ဆောင်ရွက်ပြီးဖြစ်သည့် ရေလှောင်တမံ၊ ရေတံခါးနှင့် ချောင်းပိတ်မြောင်းပိတ်စနစ်များကို လိုအပ်သည့်နေရာများတွင် ပြုပြင်ခြင်း၊ အသစ်ထပ်မံ ချိတ်ဆက်ပေးခြင်းစသည့် လတ်တလောလုပ်နိုင်သည့် လုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းအားဖြင့် ရည်မှန်းချက် စိုက်ဧကများ တိုးတက်လာနိုင်မည်ဖြစ်သဖြင့် သက်ဆိုင်ရာဌာနများ ညှိနှိုင်းပေါင်းစပ်၍ ရေးဆွဲတင်ပြသည့် အစီအမံများအတိုင်း စတင်အကောင်အထည်ဖော်ကြရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တံတားတည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်အတွင်းရှိ ရှုရပ်မျှော်စင်မှနေ၍ ရန်ကုန်-သန်လျင် တံတားအမှတ်(၂) တည်ဆောက်ရေးစီမံကိန်း တည်ဆောက်ပြီးစီးနေမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကာ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ ရန်ကုန်-သန်လျင်တံတား အမှတ်(၂)သည် ပဲခူးမြစ်ကို ဖြတ်ကျော်လျက် ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်နှင့် သန်လျင်မြို့နယ်တို့ကို ဆက်သွယ်ဆောက်လုပ်ထားသည့် ခြောက်လမ်းသွား သံကူကွန်ကရစ်တံတားဖြစ်ပြီး အပေါ်ပိုင်းနှင့် အောက်ပိုင်းတို့တွင် သံကူကွန်ကရစ်၊ အုတ်မြစ်တွင် သံကူကွန်ကရစ် လွန်တူးပိုင်းတို့ဖြင့် တည်ဆောက်လျက်ရှိသည်။

တံတား၏အရှည်မှာ ပေ ၄၅၄၀ရှိပြီး ယာဉ်သွားလမ်းအကျယ် ၇၂ပေ၊ လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင် ခြောက်ပေစီရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ်ပေ ၃၃၀နှင့် အမြင့် ၁၈ပေတို့ရှိပြီး တံတား၏ ခံနိုင်ဝန်မှာ ၇၅ တန် ဖြစ်သည်။ (သတင်းစဉ်)

(၃၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ စတင်

ရန်ကုန် ဇူလိုင် ၄

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပသော ၂၀၀၃ခုနှစ် (၃၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့်နှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ တရုတ်အမျိုးသား အားကစားအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ချင်းနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဘတ်စကက်ဘော အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဖွင့်ပွဲတွင် ပြိုင်ပွဲဝင် အားကစားမောင်မယ်များ သတ်မှတ်ထားသည့် နေရာ၌ နေရာယူကြပြီး ယမန်နှစ်ချန်ပီယံများဖြစ်ကြသည့် ရန်ကုန်တိုင်း အမျိုးသားအသင်းနှင့် စစ်ကိုင်းတိုင်း အမျိုးသမီးအသင်းတို့က မိမိတို့ ရရှိခဲ့သော တံခွန်စိုက်ဒိုင်းဆုကြီးများကို အားကစားဝန်ကြီးဌာန ဝန်ကြီးထံ ပြန်လည်အပ်နှံသည်။

ဆက်လက်၍ အားကစားဝန်ကြီးဌာနဝန်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် ပြိုင်ပွဲဝင် အားကစားမောင်မယ်များက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြသည်။

အမျိုးသားပြိုင်ပွဲတွင် (က)အုပ်စုမှ လက်ရှိချန်ပီယံ ရန်ကုန်တိုင်းက မွန်ပြည်နယ်ကို ၈၀မှတ်၊ ၇၀မှတ်ဖြင့် အနိုင်ရရှိသွားသည်။

အမျိုးသမီးပြိုင်ပွဲတွင် (က)အုပ်စုမှ လက်ရှိချန်ပီယံ စစ်ကိုင်းတိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)ကို ၈၀မှတ်၊ ၃၃မှတ်ဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ပွဲများ

အမျိုးသားပွဲ

မန္တလေးတိုင်းနှင့် ကချင်ပြည်နယ်။

ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)

အမျိုးသမီးပွဲ

ဧရာဝတီတိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)

မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)။ (ကြေးမုံ)

မူးယစ်ခြေမြစ် သုတ်သင်ပစ်

* လူတို့အသက်
ဝကွက်အပ်နှင်း၊ ဟီးရီးအင်းတည့်
ဘိန်းမင်းရာဇာ၊ စိုးမိုးလာသော်
ရုပ်ဝါပိန်လှီ၊ ဝေရီထုံထိုင်း
အဆိပ်မှိုင်းမိ၊ ရိုးပြိုင်းဘိကာ
ဓာတိဖောက်ပြန်၊ မှုမမှန်နှင့်
သဏ္ဍာန်မငြိမ်၊ ဒေါသရှိန်တက်
သွေးဆူပွက်လျက်၊ ရက်စက်သမှု
ရန်ပြုဖို့လည်း ဝန်မလေး။

* ဘိန်းဖြူဘိန်းမည်း၊ မိုဝဲရှုရှိုက်
လွန်နှစ်ခြိုက်၍၊ အပ်စိုက်ဆေးသွင်း
သေမင်းတမန်၊ အညှာခံလျက်
လမ်းမှန်သွေဖောက်၊ လူစိတ်ပျောက်အောင်
ဦးနှောက်ဖောက်ထွင်း၊ အဆိပ်ပြင်း၏။

* စွဲငြိမိလျှင်၊ ကြောက်စိတ်လည်းဝင်
မရွှင်ဖောက်ပြန်၊ မခံချင်စိတ်
မျိုသိပ်မရ၊ သွေးဆူကြွကာ
ဘဝနာကြည်း၊ မနီးကွယ်ရာ
မျက်နှာမပြ၊ ညှိုးချုံးကျ၍
လောကကိုပင်၊ ငြိုငြင်ခက်ထန်
ရန်တုံ့ပြန်၏။

* မူးယစ်ဆေးဝါး၊ ဘိန်းပင်များကို
ဖယ်ရှားခုတ်ထွင်၊ အောင်ပွဲဆင်အံ့။

* မူးယစ်ပစ္စည်း၊ ဘိန်းမည်း ဘိန်းဖြူ
တို့ရန်သူကို၊ ညီတူပေါင်းစည်း
တို့ဖျက်ဆီးအံ့။

* မူးယစ်ဆေးပင်၊ တို့ခုတ်ထွင်၍
သုံးဝင်စားပင်၊ လုပ်ငန်းခွင်မှာ
ဝင်ငွေရဖို့၊ တို့တွေစိုက်ပျိုး
စီးပွားတိုးအောင်၊ သယ်ပိုးတက်ကြွ
လုပ်ငန်းစစို့။

* မူးယစ်ဆေးဟူ၊ သုံးစွဲသူကို
ဖေးကူမစ၊ သိပြည့်ဝအောင်
ကျန်းဆွေးနွေး၊ ပညာပေးလျက်
ဆေးဝါးစွဲသူ၊ လမ်းလွဲသူကို
ကြည်ဖြူဖေးမ၊ ဆေးကုသဖို့
အမျိုးသားရေး၊ မနှေးတာဝန်
တို့ကျေပွန်အံ့။

* လူ့ဘောင်လောက၊ ညီမျှတ၍
လှပတိုးတက်၊ ကြောင်းကျိုးဆက်က
တိုးတက်မှုများ၊ ရိုင်းပင်းအားနှင့်
စိတ်ထားဖြူလွှ၊ ပြုပြင်မှုလျှင်
အလှဝေငှ၊ ကိုယ်စီရ၍
မြန်မာ့စိတ်ရင်း၊ ထင်ထင်လင်းအောင်
ဖော်ဆောင်နိုင်မည်သာတကား။ ။

မောင်ရည်တင့်(မအူပင်)

ယနေ့ထုတ်စောင်ရေ

၂၂၃၉၀၈

ဒါတွေကို သိဖို့လိုတယ်

* မြောက်တိုင်းလည်း မမြောက်နဲ့
* ခြောက်တိုင်းလည်း မကြောက်နဲ့
* ချော့တိုင်းလည်း မပျော့နဲ့

စစ်ကွင်းအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၄

စစ်ကွင်းအသင်း(ရန်ကုန်)ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၆ ရက် နံနက် ၇ နာရီတွင် သရက်တော ကျောင်းတိုက်ရှိ စစ်ကွင်းကျောင်းတွင် ကျင်းပမည်ဖြစ်ရာ ဦးတင်ဝင်း-ဒေါ်မူမူမြင့် မိသားစုက စစ်ကွင်းမုန့်ကြွပ်ခေါက်ဆွဲဖြင့် ဧည့်ခံမည်ဖြစ်သည်။ လှူဖွယ်ပစ္စည်းများကို ဦးသိန်းလှိုင် ဖုန်း-၅၇၇၅၁၉၊ ဦးမြင့်သိန်း ဖုန်း-၅၀၄၆၀၉၊ ဦးသန်းစိန် ဖုန်း-၅၄၈၇၀၁နှင့် ဦးတင်ဝင်း ဖုန်း-၅၂၅၁၈၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး အသင်းဝင်များနှင့် ရန်ကုန်ရောက် စစ်ကွင်းကျောင်းသား၊ ကျောင်းသူများကိုလည်း ဖိတ်ကြားထားကြောင်းသိရသည်။(က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

သက်တံ့ရောင်အလံတော်အောက်က အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့

တိုးတိုးမြင့်

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားကို ရန်ကုန်မြို့ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန (IBC)တွင် ဇူလိုင် ၅ရက် စနေနေ့ (ယနေ့)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ဟု ဆိုသဖြင့် စာရေးသူအနေဖြင့် အနည်းငယ်ရှင်းပြလိုပါသည်။ မြန်မာနိုင်ငံတွင် "သမဝါယမ"ဟူသော ဝေါဟာရကို လူတိုင်းကြားဖူးနားဝရှိသော်လည်း အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ဆိုသည်ကိုတော့ သိရှိသူအချို့အဝက်သာ ရှိပေမည်။ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အကြောင်း ရှင်းပြရမည်ဆိုလျှင် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် International Co-operative Alliance ကို ကနဦးသိရှိရန် လိုအပ်ပါသည်။

အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်ဆိုသည်မှာ လွတ်လပ်ပြီး အစိုးရမဟုတ်သော အပြန်အလှန်အကျိုးပြုနိုင်ရန်အတွက် မိမိတို့ဆန္ဒအရ ပူးပေါင်းပါဝင် ဖွဲ့စည်းထားသော အဖွဲ့ကြီးဖြစ်သည်။ ယင်းသည် ကမ္ဘာအရပ်ရပ်ရှိ သမဝါယမများအား ကိုယ်စားပြုကာ ပံ့ပိုးကူညီဆောင်ရွက်ပေးနေသော ဤကမ္ဘာတွင် တစ်ခုတည်းသော သမဝါယမအဖွဲ့ချုပ်ကြီးလည်း ဖြစ်သည်။ ၁၈၉၅ ခုနှစ် ဩဂုတ်လတွင် ဤအဖွဲ့ချုပ်ကြီးကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ရာ ယခုအခါသက်တမ်း ၁၀၈ နှစ်ပင်ရှိပြီး ဌာနချုပ်ရုံးကို ၁၉၈၂ ခုနှစ်မှစ၍ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဖွင့်လှစ်ထားရှိသည်မှာ ယနေ့တိုင် ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်တွင်အောက်ပါ ရည်ရွယ်ချက်(၅)မျိုးထားရှိပါသည်-

(၁) အဖွဲ့ချုပ်အဖွဲ့ဝင်အချင်းချင်း ကိုယ့်အားကိုယ်ကိုး အပြန်အလှန်ရိုင်းပင်းကူညီမှုဖြင့် ဒီမိုကရေစီစနစ်ကို အခြေခံလျက် ကမ္ဘာ့သမဝါယမ လှုပ်ရှားမှုတစ်ရပ်လုံး တိုးတက်အောင် ဆောင်ရွက်ရန်၊

(၂) သမဝါယမအခြေခံသဘောတရားနှင့် အနှစ်သာရများ တိုးတက်ရေးအတွက်ထိန်းသိမ်းကာကွယ်စောင့်ရှောက် ဆောင်ရွက်ရန်၊

(၃) အဖွဲ့ချုပ်ဝင် အဖွဲ့အစည်းများအချင်းချင်း အတုံ့အပြန်အကျိုးဖြစ်ထွန်းစေမည့်ဆက်သွယ်ပူးပေါင်း ဆောင်ရွက်မှုများနှင့် စီးပွားရေး တိုးတက်စေမှုများအတွက် ချောမော အောင်မြင်စွာ ဆောင်ရွက်နိုင်ကြစေရေး အထောက်အကူပြုရန်၊

(၄) ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အထောက်အကူဖြစ်စေမည့် ကမ္ဘာ့လူသားများ၏ စီးပွားရေးနှင့် လူမှုရေး လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရန်၊

(၅) နိုင်ငံအသီးသီးရှိ သမဝါယမအသင်းများအနေဖြင့် ပြည်တွင်း၊ ပြည်ပ ခင်မင်ရင်းနှီးစွာ ဆက်ဆံနိုင်ရေးအတွက် တစ်ခုတည်းသော ကမ္ဘာ့သမဝါယမအဖွဲ့ချုပ်တွင် ပေါင်းစည်းညီညွတ်စွာ ပါဝင်ရပ်တည်ရန်နှင့် သမဝါယမလှုပ်ရှားမှုများအနေဖြင့် နိုင်ငံရေး၊ ဘာသာရေးနှင့် အသားအရောင်၊ အဆင့်အတန်း ခွဲခြားမှု ကင်းရှင်းစေရန်။

၁၉၉၃ ခုနှစ် စက်တင်ဘာလအတွင်း ကျင်းပသော အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် ဘုတ်အဖွဲ့က မြန်မာနိုင်ငံ သမဝါယမအသင်းများ၏ အမြင့်ဆုံးအဆင့်ဖြစ်သည့်ဗဟိုသမဝါယမအသင်းကိုအဖွဲ့ဝင်အဖြစ် အတည်ပြုလက်ခံခဲ့သည်။

၁၉၂၃ ခုနှစ်က ဂန့်(တ်) Ghent မြို့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်၏ အလုပ်အမှုဆောင်ကော်မတီအစည်းအဝေးက အဖွဲ့ချုပ်၌ တက်သစ်စနေဝန်းမှ ထွန်းလင်းဖြာထွက်သည့် ပြောင်လက်သော ရောင်ခြည်သဏ္ဌာန် ခုနစ်ရောင်ခြယ်အလံတော်ရှိအပ်သည်ဟု တညီတညွတ်တည်း ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ အလားတူ အကြံပေးချက်ကို ၁၈၉၆ ခုနှစ်တွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ကျင်းပသည့် ဒုတိယအကြိမ်မြောက် ညီလာခံအစည်းအဝေး၌ အက်ဖ်-ဘာနာဒေါ့ F.Bernardot က တင်ပြခဲ့ဖူး၏။ သို့သော် ယင်းအကြံပေးချက်ကို အကောင်အထည်ဖော်ရန်အတွက် ဆက်လက်စဉ်းစားမှု တစ်စုံတစ်ရာ မရှိခဲ့ပေ။

သက်တံ့ရောင်အလံတော်ကို ရှေးဦးပထမကြံဆစိတ်ကူးသူမှာ ထူးခြားသောပညာပါရမီရှင် ပြင်သစ်ပြည်၏ သမဝါယမဖခင်ဖြစ်သော ချားလ်(စ်)ဖူရီယေး (Charles Fourier) ဖြစ်သည်။ သူသည် "ဖလန်စတီးယား" (Phalanstere)ခေါ် ပြင်သစ်ဘုံရွာ၌ အတန်းအစား ခြားနားသူများကို တစ်သားတည်းဖြစ်အောင် စည်းရုံးထားခြင်း အထိမ်းအမှတ်အတွက် သက်တံ့ရောင်အလံတော်ကို စတင်အသုံးပြုခဲ့သည်။ ၁၈၃၇ ခုနှစ်တွင် ဖူရီယေး ကွယ်လွန်အနိစ္စရောက်ပြီးသည့်နောက် ၎င်း၏တပည့်တပန်းများက သက်တံ့ရောင်အမှတ်တံဆိပ် အစဉ်အလာကို တစ်နှစ်တစ်ခါ စည်းဝေးတိုင်း မပျောက်မပျက်စေဘဲ ထိန်းသိမ်းထားကြ၏။ ပြင်သစ် ဒုတိယ အင်ပါယာခေတ်အတွင်း ဖူရီယေး၏ တပည့်တပန်းများသည် မိမိတို့၏ နှစ်စဉ်ကျင်းပမြဲ အစည်းအဝေးကို မကျင်းပဘဲရပ်ဆိုင်းထားကြရသော်လည်း ၁၈၆၅ ခုနှစ်၌ အစည်းအဝေးများကို ပြန်လည်ကျင်းပနိုင်လျှင်နိုင်ချင်း သက်တံ့ရောင်အမှတ်တံဆိပ်ကို ဆက်လက် အသုံးပြုကြပြန်၏။

အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်အတွက် အလံတော်တစ်ခု ရွေးချယ်အသုံးပြုရန် အဆိုတင်သွင်းကြရာ၌ တက်သစ်စနေဝန်းမှ ထွန်းလင်းဖြာထွက်သည့် ပြောင်လက်သော ရောင်ခြည်အလံတော်ကို တိတိကျကျပြုလုပ်ရန် အခက်အခဲရှိသဖြင့် အရောင်ခုနစ်သွယ်ကို နောက်ခံအဖြူပေါ် ရေးခြယ်၍ ကြယ်တစ်ပွင့်ကိုလည်း ထည့်သွင်းရန် အကြံပေးကြ၏။ ၁၉၂၄ ခုနှစ် ဂန့်(တ်) Ghent မြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သမဝါယမပြပွဲနှင့် အဖွဲ့ချုပ်၏ ညီလာခံတွင် အဖွဲ့ချုပ်၏အလံတော်ကို ပထမဦးဆုံးအကြိမ် မားမားစွင့်စွင့် လွှင့်ထူခဲ့၏။

၁၉၂၅ ခုနှစ်တွင် အမှုဆောင်အဖွဲ့က သက်တံ့ခုနစ်ရောင်ကို ဒေါင်လိုက်မှ အလျားလိုက်သို့ ပြောင်းလဲစေလျက် ပုံစံအသစ်ရွေးချယ် သတ်မှတ်လိုက်သည်။ ဒုတိယအကြိမ် သတ်မှတ်သည့်အလံတော်ကို (၇၅)နှစ်လုံးလုံး လွှင့်ထူခဲ့ကြသည်။

ခရစ်နှစ် ၂၀၀၁ ခုနှစ်တွင် ရောမမြို့၌ ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် ဘုတ်အဖွဲ့အစည်းအဝေးက သမဝါယမရုပ်ပုံလွှာကို သိသာထင်ရှားစွာ အားပေးထောက်ခံရန်နှင့် ပိုမိုတောင့်တင်းခိုင်မာစေရန်ရည်ရွယ်၍ လည်းကောင်း၊ ကမ္ဘာအရပ်ရပ်ရှိ သမဝါယမ-မဟုတ်သည့် အဖွဲ့အစည်းအထိမ်းအမှတ် အလံတော်များနှင့် ကွဲပြားခြားနားစေရန်လည်းကောင်း ရည်ရွယ်လျက် မူလဒေါင်လိုက်ရောင်စဉ်ပုံစံမှကောင်းကင်ပြင်ရှိ လေးကိုင်းသဖွယ်ပကတိ သက်တံ့ရောင်စဉ်များအတွင်းမှ ငြိမ်းချမ်းရေးချိုးငှက်ငယ်များ အားမာန်အပြည့်ဖြင့် ပျံထွက်လာသည့် ပုံစံအသစ်ကို ရွေးချယ်သတ်မှတ်လိုက်သည်။ သက်တံ့ရောင်အောက်ခြေတွင် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်၏ အမည်အတိုကောက်စာလုံး ICA ကို ဖော်ပြထားသည့်ထူးခြားချက်မှာ ရောင်စဉ်ခုနစ်သွယ်အနက် အနီရောင်မှစ၍ အစဉ်လိုက်ရောင်စဉ်ခြောက်သွယ် ရေးခြယ်ထားရှိပြီး အောက်ခြေရှိ ICA အမည်စာလုံး၌ နောက်ဆုံးအရောင်ခရမ်းရောင်ကို ထည့်သွင်းရေးခြယ်ထားသဖြင့် သမဝါယမအလံတော်တစ်ခုလုံး ခြုံငုံ၍ကြည့်ပါက ရောင်စဉ်ခုနစ်သွယ် ယှက်ဖြာလျက် ဝင့်ကြွားတည်ရှိနေပါတော့သည်။

ကမ္ဘာ့ကုလသမဂ္ဂသည် သမဝါယမလုပ်ငန်းများ ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ရန် ရည်သန်လျက် နှစ်စဉ်ဇူလိုင်လ ပထမပတ် စနေနေ့ကို အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အဖြစ်သတ်မှတ်ပြဋ္ဌာန်းပေးခဲ့သည်။ ၁၉၉၅ ခုနှစ်မှစ၍ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဇူလိုင်လ ပထမပတ် စနေနေ့တွင် စတင်ကျင်းပခဲ့ကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဇူလိုင်လ ၅ ရက်နေ့ (စနေနေ့)တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အခမ်းအနားသို့ နိုင်ငံတော်အကြီးအကဲများ၊ ဝန်ကြီးများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သမဝါယမအသင်းအဆင့်ဆင့်မှ ဒါရိုက်တာအဖွဲ့ဝင်များ၊ သမဝါယမကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ စုံလင်စွာတက်ရောက်ကြမည်ဖြစ်သည်။ သမဝါယမ တေးသံသာများကိုလည်း နားသောတဆင်ကြရမှာဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုကျင်းပခဲ့သော စာပေပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများကိုလည်း ဆုများအသီးသီးပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့တွင် ကမ္ဘာပေါ်ရှိ အကြီးအကျယ်ဆုံးသော လက်နက်နိုင်ငံ၏ အလံတော်ကို အလေးပြုသည့်တိုင်းပြည်ထက် အရေအတွက်အားဖြင့် ပိုမိုများပြားသည့် နိုင်ငံများ၌ သမဝါယမ လောကသားအပေါင်းတို့သည် အဖွဲ့ချုပ်၏ အလံတော်ကိုအလေးပြုကြမည်ကို ကြိုတင်မြင်ယောင်မိပါတော့သည်။ ။

ရည်ညွှန်းကိုးကားသောစာတမ်းများ-

၁။ အိုင်စီအေအကြောင်းသိကောင်းစရာ စာတွဲ
၂။ The Rainbow Flag of the ICA
၃။ International Co-operative Alliance
(၂၀၀၁ ခုနှစ်၊ ဇူလိုင်လထုတ်စာစဉ်)

အောင်ပင်လယ်စာသင်တိုက် ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၄

တောင်ဥက္ကလာပမြို့နယ် (၂)ဝိုင်း အောင်ပင်လယ်စာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတနှင့် စာချစာသင် ဝါဆိုသံဃာအပါး ၈၀ ကျော်တို့အား ဝါဆိုသင်္ကန်းဆက်ကပ်ခြင်း၊ စာအောင်သံဃာတော်တို့အား အောင်ဆုလက်မှတ် ဆက်ကပ်ခြင်းများကို ၁၃၆၅ ခု ဝါဆိုလပြည့်၊ ဇူလိုင် ၁၃ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ဝါဆိုသင်္ကန်းတစ်စုံလျှင် ကျပ်၁၅၀၀ နှုန်းဖြင့် ဖုန်း-၅၇၀၅၀၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

နိုင်ငံခြားဘာသာစကားပြောသင်တန်းများဖွင့်မည်

ရန်ကုန် ဇူလိုင် ၄

နိုင်ငံခြားသို့ သွားရောက်ပညာသင်လိုသူများနှင့် ဘာသာစကားများကို ကျွမ်းကျင်လိုသူများအတွက် နိုင်ငံတကာ အသိအမှတ်ပြု တက္ကသိုလ်များ၊ ကောလိပ်ကြီးများနှင့် ပူးပေါင်းကာ Business Management, Computer Studies, Engineering, Hotal & Catering Management, Tourism Management နိုင်ငံခြားဘာသာစကား(ဂျပန်၊ ပြင်သစ်၊ ဂျာမနီ၊ အင်္ဂလိပ်) သင်တန်းများသို့ ဝင်ခွင့်ရရှိရန် Foundation Course များနှင့် အင်္ဂလိပ်စာ အထူးကျွမ်းကျင်လိုသူများအတွက် Communication English, Intensive English, Business English နှင့် Marketing Research Englishများကို အချိန်တိုဆုံးနှင့် အထိရောက်ဆုံး Progressive Engineering and Language Training Center က ဖွင့်လှစ်သင်ကြားပို့ချနေပြီဖြစ်သည်။ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများနှင့် လုပ်ငန်းတစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူများ၊ လုပ်ငန်းခွင်ဝင်ရောက်တော့မည့် ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ရများ တက်ရောက်နိုင်ပြီး အခန်းအမှတ်(၁၀၄) MGW. Center ဗိုလ်အောင်ကျော်လမ်း (အာလာဒင်အပေါ်ထပ်) ဖုန်း-၂၄၅၈၈၆နှင့် ၀၉-၅၀၀-၈၇၇၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၇-၂၀၀၃ (စနေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဆရာတော်ဦးဃောသိတ တရားတော် (ဝေဒနာနုပဿနာသတိပဋ္ဌာန် တရားတော်)
- **၉:၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
- **၄:၂၀** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၃၀** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၄၀** ၆။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၄:၄၅** ၇။ မြန်မာသံစဉ်ချိုနားဝင်
- **၄:၅၅** ၈။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
  (က) ပထမနှစ် (အရှေ့တိုင်းပညာ)
  (ခ) ပထမနှစ် (ဥပဒေပညာ)
- **၅:၃၀** ၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၄၀** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း အဖြူရောင်လွင်ပြင် (အပိုင်း-၁၄)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
  ၁၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
  ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
  ၂၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ရှောင်လင်ခုနစ်ဆင့်သိုင်းသမား (အပိုင်း-၁၅)**
  ၂၂။ သင့်အတွက်မနက်ဖြန်
  ၂၃။ အပိတ်နှုတ်ဆက်စကား
  ၂၄။ ပြီးပါပြီ။

အင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်းများဖွင့်မည်

ရန်ကုန် ဇူလိုင် ၄

ဆရာတိုနီ ဦးဆောင်သော OBF Language Centre တွင် အင်္ဂလိပ်စကားပြော သင်တန်းများ၊ Grammar/General English/IELTS/TOEFL သင်တန်းများကို ဆရာတိုနီကိုယ်တိုင် သင်ကြားပို့ချပေးမည်ဖြစ်ပြီး လစဉ်တန်းခွဲသစ်များ ဖွင့်လှစ်လျက်ရှိရာ OBF Language Centre အမှတ် (၂၃၃)၊ ၃၅လမ်းအထက် ကျောက်တံတားမြို့နယ် ဖုန်း-၂၈၆၀၁၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဝါဆိုသင်္ကန်းများဝယ်ယူနိုင်

ရန်ကုန် ဇူလိုင် ၄

စာသင်တိုက်များနှင့် အလှူရှင်များ စိတ်ချမ်းသာမှုအပြည့်အဝရရှိစေရန်၊ အဝယ်မမှားစေရန် ယခင်ရောင်းချနေသော စီဝိုင်စီသင်္ကန်းကျပ်၅၀၀၀တန်အား သင်္ကန်း ၁၀စုံနှင့်အထက် ဝယ်ယူသူများအား ကျပ်၄၂၀၀နှုန်းဖြင့် ကုန်ဈေးတန်း ဦးမျိုးတင့် ကျားသင်္ကန်းတိုက်မှ အဖိုးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိသည်။

ဝယ်ယူနိုင်

နှစ်ပေါင်း၅၀ ကျော်ကြာခဲ့သော ဦးကျင်စွမ်း-ဒေါ်ကျင်ရွှေတို့၏ သား၊ ဦးမျိုးတင့် ကျားသင်္ကန်း စီဝိုင်စီသည် ဆေးရောင်ခိုင်ခံ့ခြင်း၊ အလျားအနံပြည့်ခြင်း၊ ဝိနည်းတော်အတိုင်းချုပ်ထားပြီး အသစ်ဖြစ်ကြောင်းအာမခံထားသည်။ ဝယ်ယူလှူဒါန်းလိုသူများသည် ဦးမျိုးတင့်ကျားသင်္ကန်းတိုက်(ဆိုင်ခွဲမရှိ)ပင်ရင်း-အမှတ်(၁၄၉) ကုန်ဈေးတန်းလမ်း သိမ်ကြီးဈေးအနီး ဖုန်း-၃၇၈၁၉၇သို့ ဝယ်ယူနိုင်ကြောင်းသိရသည်။ (က-ပ)

ဒေါ်စုကြည်၊ အင်န်အယ်လ်ဒီပါတီနှင့် ကျွန်တော်တို့၏ မျှော်လင့်ချက်ရောင်နီ

မောင်ရင်မှိုင်း

အိပ်မက်လေလား ဝိုးတဝါး

"……Express your own feeling, do not blame the next party"

အဲဒီစကားအရ ကျွန်တော် ခံစားမိတာကိုပဲ ပြောပါမယ်။ ဘယ်သူ့ကိုမှ ကျွန်တော် အပြစ်တင်စကား မပြောလိုပါဘူး။

အခုရက်ပိုင်းအတွင်း ပြည်ပအသံလွှင့်ဌာနတွေနဲ့ သတင်းမီဒီယာတွေအကြား ကမ္ဘာပျက်တော့မယ့်အလား ထင်မှတ်မှားရလောက်အောင် သတင်းမှန်တွေကို ပုံဖျက်၊ ပုံကြီးချဲ့ ဝရုန်းသုန်းကားဖြစ်ပြနေတဲ့ **"ဒီပဲယင်း"** ရုန်းရင်းဆန်ခတ်မှုပြဿနာနဲ့ နောက်ဆက်တွဲ အခြေအနေတွေကို ကျွန်တော်တို့ "အင်န်အယ်လ်ဒီ" ပါတီနဲ့ တည်ဆဲအစိုးရတို့အကြား ထိပ်တိုက် တွေ့ဆုံမှုလို့ ဆိုလာခဲ့သည်ရှိသော်...။

အဲဒီပြဿနာ ပေါ်ပေါက်စေဖို့အတွက် ဘယ်လိုမှ ရှောင်လွှဲမရတဲ့ ထိပ်တိုက်ဖြစ်စေမှု အခြေအနေတစ်ရပ်ကို ဘယ်သူတွေက ဘယ်နည်းဘယ်ပုံ တင်ကူးကြိုးစည် ဆောင်ရွက်ခဲ့ကြတယ်ဆိုတာဟာ အဲဒီပြဿနာရဲ့ မြုပ်ကွက်၊ ရှုပ်ကွက်ဖြစ်လာပါပြီ။ တစ်နည်းပြောရရင် ပြဿနာရဲ့ သော့ချက်ပေါ့လေ။

ပြောမယ်ဆိုရင်တော့ ကျွန်တော်တို့ ပါတီခေါင်းဆောင် "အန်တီစု"တစ်ယောက် သာမန် အိမ်ထောင်ရှင်မဘဝကနေ မြန်မာနိုင်ငံရေးလောကထဲကို စတင်ချင်းနင်းဝင်ရောက်လာမှုဟာ အစစအရာရာ အသာစီးရခဲ့တဲ့ အခြေအနေ အကြောင်းတရားပေါင်းစုံခြုံငုံခြံရပြီး ချင်းနင်းဝင်ရောက်ခွင့် ရလာတာလို့ ကျွန်တော် နားလည်မိပါတယ်။

ကျွန်တော်တို့ **"အင်န်အယ်လ်ဒီ"**ပါတီအပေါ် လုံးဝ အရိပ်ထိုးလွှမ်းမိုးနေတဲ့ "အန်တီစု"ရဲ့ ရပ်တည်မှုသဘောထားနဲ့ ဆုံးဖြတ်ချက်တွေဟာ ကျွန်တော်တို့ပါတီကို ခေတ်မီနိုင်ငံတော်သစ်ကြီးဆီ လှမ်းချီရာ အမျိုးသားနိုင်ငံရေးလမ်းကြောင်းပေါ်အရောက် တွန်းပို့ပေးတာ ဟုတ်ရဲ့လားလို့ တစ်စုံတစ်ယောက်က မေးလာခဲ့မယ်ဆိုရင်...။

အဲဒီမေးခွန်းကို ဖြေဖို့အတွက် မဲဆန္ဒရှင်ပြည်သူတွေ ခြွင်းချက်မရှိ ယုံကြည်လက်ခံလောက်တဲ့ သက်သေပြချက်မျိုး ကျွန်တော့်မှာ (ကျွန်တော်တို့မှာ) ပြည့်စုံလုံလောက်စွာ မရှိရှိးအမှန်ပါ။ ဒါကို ကျွန်တော်တို့(ပါတီဝင်တွေ)ရဲ့ အားနည်းချက်လို့ ပြောမယ်ဆိုရင်လည်း ကျွန်တော်တို့မှာ ငြင်းဆန်နိုင်တဲ့အင်အား မရှိပါဘူး။

ကျွန်တော် နားလည်မိသလောက်တော့ ကျွန်တော်တို့ပါတီရဲ့ သက်တမ်းတစ်လျှောက် "အန်တီစု"နဲ့ တည်ဆဲအစိုးရ တာဝန်ရှိသူတွေရဲ့ ဆက်ဆံရေးမှာ ပုံသေမျဉ်းဖြောင့် မရှိခဲ့တဲ့အတွက် "အန်တီစု"ရဲ့ နိုင်ငံရေးဘဝ ဖြစ်တည်ရှင်သန်မှုကို ငြင်းဆန်ပစ်ပယ်လိုတဲ့ သဘောထားမျိုး တည်ဆဲအစိုးရဘက်မှာ မရှိဘူး၊ မထားခဲ့ဘူးလို့ ကျွန်တော်တို့ ယုံကြည်ခဲ့ပါတယ်။

အဲဒီလို ယုံကြည်မှုတွေကြောင့်လည်း ဒီကနေ့အထိ ကျွန်တော်နဲ့အတူ ကျွန်တော့်လို လူစားမျိုးတွေ **"အင်န်အယ်လ်ဒီ"**ပါတီအတွင်းမှာ ပါတီဝင်များအဖြစ်နဲ့ ကြွင်းကျန်ရစ်နေခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ကိုယ်ရဲ့ ပုဂ္ဂလဓိဋ္ဌာန် ယုံကြည်ချက်အရ အရိပ်ခိုနေတဲ့ **"အင်န်အယ်လ်ဒီ"**ပါတီရဲ့ မူဝါဒပိုင်းဆိုင်ရာတွေ၊ ရေတိုရေရှည်လုပ်ငန်းစဉ်တွေ၊ လုပ်နည်းလုပ်ဟန်တွေအပေါ် လူတွင်ကျယ်လူတတ်ကြီးလုပ်ပြီး ဘာမှ ဝေဖန်ပိုင်းခြားမှု မလုပ်လိုပါဘူး။

ဒါပေမယ့်

"အင်န်အယ်လ်ဒီ"ပါတီဝင် ဘဝတစ်လျှောက် ရံဖန်ရံခါ (သို့မဟုတ်) တစ်ကွေ့မဟုတ် တစ်ကွေ့တွေ့မှာ ကျိုးပဲ့ကြေမွပျက်စီးသွားခဲ့ရတဲ့ မျှော်လင့်ချက်တွေနဲ့ ပတ်သက်လို့တော့ ပြောစရာတွေက အများသားလား။

ကျွန်တော်တို့ "အန်တီစု" တစ်ယောက် **"အင်န်အယ်လ်ဒီ"**ပါတီရယ်လို့ တရားဝင် ဖွဲ့စည်းထူထောင်ချိန်ကစပြီး ပါတီခေါင်းဆောင်တစ်ဦးအဖြစ်နဲ့ ရပ်တည်ခဲ့တဲ့နေရာမှာ ဘယ်နည်းဘယ်ပုံ ရပ်တည်လှုပ်ရှားခဲ့တယ်ဆိုတာကို မပြောလိုပေမယ့် "အန်တီစု"ရဲ့ ပါတီမယ်ပိုင်စီး လုပ်ဆောင်ချက်တိုင်းကတော့ ကျွန်တော်တို့ ပါတီဝင်တွေရဲ့ သဘောထားတွေနဲ့ တစ်ထပ်တည်းမကျခဲ့ဘူးဆိုတာ သိစေချင်ပါတယ်။

တည်ဆဲအစိုးရနဲ့ ပတ်သက်လို့ တင်းမာခက်ထန်ပြီး တစ်ဇွတ်ထိုးဆုံးဖြတ်လုပ်ဆောင်လေ့ရှိတဲ့ "အန်တီစု"ကို သက်ဆိုင်ရာ တာဝန်ရှိသူတွေအပိုင်းက ဘယ်လိုအကြောင်းပဲ ဖန်လာဖန်လာ စာနာထောက်ထား သည်းခံခွင့်လွှတ်မှုကို ရှေ့တန်းတင်ပြီး ချော့တစ်ခါ၊ ခြောက်တစ်လှည့် အလျှော့အတင်း၊ အတိုးအဆုတ် နည်းနာလေးတွေနဲ့ အစစအရာရာ ဆိုးဆိုးရွားရွားကြီး ဖြစ်မသွားရလေအောင် ထိန်းထိန်းသိမ်းသိမ်း လုပ်ခဲ့တာချည်းပါပဲ။

ခက်တာက

ကျွန်တော့်အနေနဲ့ "အန်တီစု"ကို သွားပြီး ဒါက ဒီလိုရှိပါတယ်။ ဟိုဟာလေးက ဟိုလိုတော့ရှိပါတယ်။ ဘာညာနဲ့ အခြားသူတွေလို စားကောင်း၊ သောက်ကောင်း၊ လက်ဖြန့်တောင်းကောင်းအောင် အိမ်ရှေ့ပေါက်က တစ်မျိုး၊ နောက်ဖေးပေါက်ကတစ်မျိုး ဝင်ဝင်ပြောတတ်သူမဟုတ်တော့ ဖက်လဲတကင်း မရှိလှဘူးပေါ့။

ကျွန်တော်ပြောချင်တာက ကျွန်တော်တို့အတွက် "အန်တီစု" ရဲ့ နာမည် တောက်ပြောင်ဖို့၊ ထင်ရှားဖို့ထက် **"အင်န်အယ်လ်ဒီ"**ပါတီကြီး တစ်ခုလုံး နိုင်ငံရေးအရ တူတူတန်တန် အသက်ဝင်စေချင်တဲ့ သဘောပါ။ အဲဒါကလည်း "အန်တီစု" ရဲ့ ရပ်တည်လုပ်ဆောင်ချက်ပေါ်မှာပဲ မူတည်နေတော့ ကျွန်တော်တို့အဖြစ်က "အန်တီစု"နဲ့ သက်ဆိုင်ရာ တာဝန်ရှိသူတွေရဲ့ ဆက်ဆံရေး ပြေပြစ်ချောမောရေးကိုပဲ မျှော်လင့်တမ်းတနေရတဲ့အဖြစ်မျိုး။

ကျွန်တော်တို့ မျှော်လင့်ချက်တွေအတွက် ရောင်နီလေးတစ်ခု သန်းလာတယ်ပဲပြောရမလား မသိဘူး။ ၂၀၀၂ ခုနှစ် မေလ ၆ ရက်နေ့မှာ "အန်တီစု"ကို သက်ဆိုင်ရာက နေအိမ်ပြင်ပကို လွတ်လွတ်လပ်လပ် သွားလာခွင့်ပြုလိုက်ပါတယ်။ "အန်တီစု" လွတ်လွတ်လပ်လပ် သွားလာခွင့်ရပြီဟေ့ဆိုတာနဲ့ အနောက်ရွှေဂုံတိုင်လမ်းမှာ တစ်ချိန်လုံးနီးပါး ခြောက်ကပ်ကပ်နဲ့ အရောင်မထွက်တော့တဲ့ NLD တိုင်းရုံးဟာလည်း စည်စည်ကားကားနဲ့ တောက်တောက်ပြောင်ပြောင် ပြန်ဖြစ်လာတယ် ဆိုပါတော့။

"အန်တီစု"ရဲ့ အပြောအဆိုတွေ၊ သဘောထားတွေကလည်း အရင့်အရင်လို မဟုတ်တော့ဘဲ တော်တော်လေးကို ပြောင်းလဲလာတာတွေ့ရတယ်။ ခါတိုင်းလို ဘာပွဲ ညာပွဲတွေလုပ်ပြီး နတ်ကရာ ကျီးမော့ ပါတီဝင်တွေရဲ့ အဖြစ်ကတော့ ဝမ်းသာလုံးဆို့စရာပေါ့။

ပါတီရုံး အသက်ပြန်ဝင်လာပြီး လူစုံတက်စုံ ရောက်လာကြတာနဲ့ အမျှ သတင်းတွေကလည်းအစုံပဲ။ "အန်တီစု"လွတ်လွတ်လပ်လပ် သွားလာခွင့် မရခင်ကတည်းက ကုလသမဂ္ဂကိုယ်စားလှယ် အထူးသံတမန် ရာဇာလီ မြန်မာနိုင်ငံကို လာပြီးတဲ့နောက် "အန်တီစု"နဲ့ နိုင်ငံတော်အစိုးရ ထိပ်တန်းခေါင်းဆောင်တွေ အကြိမ်ကြိမ် တွေ့ဆုံကြတယ်ဆိုတဲ့ သတင်းလည်းပါရဲ့။ နိုင်ငံတော်အကြီးအကဲနဲ့ "အန်တီစု" တို့ သုံးကြိမ်ဆိုလား၊ လေးကြိမ်ဆိုလား တွေ့ဆုံဖြစ်တဲ့အကြောင်း၊ "အန်တီစု"အပါအဝင် NLD ပါတီခေါင်းဆောင်ပိုင်းတွေနဲ့ နိုင်ငံတော် အကြီးအကဲ အမှူးပြုတဲ့ တာဝန်ရှိသူတွေ ညစာအတူ သုံးဆောင်ကြတဲ့အကြောင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ပါး ဦးဆောင်တဲ့ အဖွဲ့နဲ့လည်း မကြာခဏဆိုသလို တွေ့ဖြစ်တဲ့အကြောင်းတွေနဲ့ စုံနေတာပဲ။ ကြားရသမျှတော့ ဝမ်းသာစရာချည်းပဲပေါ့။

ကျွန်တော်တို့ "အန်တီစု"နဲ့ သက်ဆိုင်ရာ အကြီးအကဲတွေ၊ တာဝန်ရှိသူတွေ တွေ့ကြတဲ့နေရာမှာ နိုင်ငံတော်အစိုးရပိုင်းက ဘယ်သူတွေနဲ့ တွေ့ဆုံတာလဲဆိုတဲ့ မေးခွန်းကလည်း ကျွန်တော်တို့အတွက် စိတ်ဝင်စားစရာပါပဲ။ အဲဒီမှာတင် အန်တီစု ခြံဝင်းထဲကို အခြားပါတီဝင်တွေထက်စာရင် ပိုပြီးထဲထဲဝင်ဝင်ရှိလှတဲ့ ကျွန်တော်တို့အတွက် ဟောတစ်ယောက်၊ ဟောတစ်ယောက် မေးသမျှကို ဖြေရတဲ့ အလုပ်တစ်ခု ပိုလာခဲ့တယ်။ ခက်တာက ကျွန်တော်မြင်သမျှ သိသမျှကတော့ ဗိုလ်မှူးချုပ်သန်းထွန်းပဲ မှတ်မိတယ်။ ခြံထဲကို အဝင်အထွက်လုပ်တဲ့ အကြိမ်ပေါင်းကတော့ တစ်ရာတောင်ကျော်မလား မသိဘူး။

ထူးခြားတာလေးတစ်ခုက စကားပြောတဲ့နေရာမှာ အထွေအထွေ အစောင်းအချိတ်လေးတွေ အပါအဝင် ဟာသအရွှန်းဖောက်လေ့ရှိတဲ့ ကျွန်တော်တို့ "အန်တီစု"တစ်ယောက် ဒီတစ်ခေါက်မှာတော့ တည်ဆဲအစိုးရနဲ့ ထိပ်တိုက်ဖြစ်စေမယ့် ကိစ္စတွေကို ခါတိုင်းလို လူရှေ့ သူရှေ့

ရင်းနှီးပွင့်လင်း
အမြင်ချင်း ဖလှယ်မှု
အတွက် သွေးစည်းညီညွ
ဆီသို့ ဦးတည်နိုင်ပေ၏

တွေမှာ သိပ်မပြောတော့
လုပ်တာလို့ မှတ်ချက်ချ
ခရီးသွားမယ်ဆိုရင်
တာမျိုး၊ စိတ်ကူးပေါက်ရ
မလုပ်တော့ဘဲ ဗိုလ်မှူးချ
ပြောဆို အကြံဉာဏ်တွေ
ဒီအခြေအနေတွေကို သိနေ
တာဝန်ရှိသူတို့ အခုလို
တိုင်တိုင်ပင်ပင် ညှိညှိနှိုင်း
ကျေနပ်မိသလို အဲဒီအခြေ
စေချင်ကြတယ်။
ဒီလိုနဲ့ တစ်ရက်မှာ
ပြောကြဆိုကြပေါ့လေ။ အ
သွားပြီးရော "အန်တီစု"
တော့တာပဲ။ ကျွန်တော်တို့
ဒီချောင်ကပ်နဲ့ နေရပြီလေ
"အန်တီစု" ပွဲကြိမ်
ဖြစ်ပုံကဒီလို။ ဟုတ်တယ်
အရှေ့ပိုင်းကို ခရီးထွက်ဖို့
တောင်ကြီးကနေတစ်ဆင့်
ပါတီခေါင်းဆောင်ပိုင်း
အဲဒီခရီးစဉ်အတွက်
ယူသွားဖို့တောင် မှာပြီး
ဘဘကြီးတစ်ယောက်က

ရန်ကုန်-သန်လျင် တံတားအမှတ် (၂) တည်ဆောက်ရေး လုပ်ငန်းများ ပြီးစီးမှုအခြေအနေကို ဇူလိုင် ၄ ရက်က တွေ့ရစဉ်။
(သတင်းရှေ့ဖုံး) (သတင်းစဉ်)

ရင်းနှီးပွင့်လင်း လက်ရှည်တစ်ပြင်တည်း စိတ်ဓာတ်ဖြင့် အမြင်ချင်း ဖလှယ်မှုများမှသည် အနာဂတ်နိုင်ငံတော်သစ်ကြီး အတွက် သွေးစည်းညီညွတ်သော အမျိုးသားနိုင်ငံရေးလမ်းကြောင်း ဆီသို့ ဦးတည်နိုင်ပေ၏။

တွေမှာ သိပ်မပြောတော့ဘူး။ သူ့ဘက်က ထိန်းထိန်းသိမ်းသိမ်း လုပ်တာလို့ မှတ်ချက်ချရင်လည်း မမှားဘူးပေါ့။

ခရီးသွားမယ်ဆိုရင်လည်း ခါတိုင်းလို ဘယ်ပြပြီး ညာလှမ်း တာမျိုး၊ စိတ်ကူးပေါက်ရင် ပေါက်သလိုမျိုး ကောက်ထွက်တာမျိုးတွေ မလုပ်တော့ဘဲ ဗိုလ်မှူးချုပ်သန်းထွန်းကို ခေါ်ပြီး တိုင်တိုင်ပင်ပင် ပြောဆို အကြံဉာဏ်တွေရယူပြီးမှ သွားတာမျိုးတွေ ဖြစ်လာတယ်။ ဒီအခြေအနေတွေကို သိနေတဲ့ ကျွန်တော်တို့ အပိုင်းကတော့ "အန်တီစု"နဲ့ တာဝန်ရှိသူတို့ အခုလို မကြာခဏတွေ့ဆုံပြီး ရယ်ရယ်မောမောနဲ့ တိုင်တိုင်ပင်ပင် ညှိညှိနှိုင်းနှိုင်း လုပ်ကြကိုင်ကြတာတွေအပေါ် အားရ ကျေနပ်မိသလို အဲဒီအခြေအနေထက်ပိုပြီး ရင်းနှီးပွင့်လင်း တိုင်ပင်နိုးနှော စေချင်ကြတယ်။

ဒီလိုနဲ့ တစ်ရက်မှာတော့ ဗိုလ်မှူးချုပ်သန်းထွန်း ရောက်လာပြီး ပြောကြဆိုကြပေါ့လေ။ အဲ... ဗိုလ်မှူးချုပ်သန်းထွန်းလည်း ပြန်ထွက် သွားပြီးရော "အန်တီစု"တစ်ယောက် ဒေါ်သူပုန်တွေထပြီး ပွဲကြမ်း တော့တာပဲ။ ကျွန်တော်တို့ အဖြစ်ကတော့ ထုံးစံအတိုင်း ဟိုချောင်ကပ်၊ ဒီချောင်ကပ်နဲ့ နေရပြီလေ။ နို့မို့ဆို ကိုယ်ပါ အဆစ်ပါသွားမှာကိုး။

"အန်တီစု" ပွဲကြမ်းတဲ့အကြောင်း တီးခေါက်ကြည့်လိုက်တော့ ဖြစ်ပုံကဒီလို။ ဟုတ်တယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်းကို ခရီးထွက်ဖို့ အစီအစဉ်ရှိတယ်။ မူလစီစဉ်ထားတာက တောင်ကြီးကနေတစ်ဆင့် ကျိုင်းတုံကို ကားလမ်းအတိုင်း သွားဖို့။ ပါတီခေါင်းဆောင်ပိုင်း စာရင်းဝင် ဘဘကြီး တစ်ယောက်ကဆို အဲဒီခရီးစဉ်အတွက် ပေါက်ပြား၊ ပေါက်တူး၊ ပေါက်ချွန်းတွေ ယူသွားဖို့တောင် မှာပြီးသား။ ခွကျကျ ဘုကန့်လန့် ပြောတတ်တဲ့ ဘဘကြီးတစ်ယောက်ကတော့ ဘာပြောတယ်မှတ်လဲ။ မင်းတို့ကောင် တွေ အဲသလောက် စွန့်စားချင်ရင်လည်း ဇဝရက်တောင်သွား တက်ပါလားကွာတဲ့။ မှတ်ကရော...။

ကံကောင်းတယ်ပဲပြောရမလား မသိဘူး။ ဗိုလ်မှူးချုပ်သန်းထွန်း ရောက်လာတော့ သက်ဆိုင်ရာ လူကြီးတွေက "အန်တီစု" တောင်ကြီး ကနေ ကျိုင်းတုံအထိ ကားလမ်းအတိုင်း သွားဖို့ကိစ္စကို တားမြစ်တဲ့ အကြောင်း သတင်းကောင်း ပါလာတယ်လေ။ ကံကောင်းတယ်လို့ ပြောရတာ အကြောင်းရှိတယ်။ ကျွန်တော် အဲဒီလမ်းခရီးကို တစ်ခေါက်မှ သွားဖူးတာမဟုတ်ဘူး။ မသွားဖူးတော့ သွားဖူးလာဖူးတဲ့ လူတွေကို မေးမြန်းကြည့်တယ်။ နမ့်စန်၊ ကွန်ဟိန်းနဲ့ ကျိုင်းတုံ ကြားက လမ်းမှာသာ ကားပျက်လို့ကတော့ ရွာလည်ပြီမှတ်တဲ့။ တော်ပါသေးရဲ့ သက်ဆိုင်ရာလူကြီးတွေကို စိတ်ထဲကနေ ကျေးဇူးတင် လို့ မဆုံးပေါ့။

တကယ်ကျတော့ သက်ဆိုင်ရာ လူကြီးတွေက တားမြစ်တယ် ဆိုတာ လုံးဝမသွားဖို့တားမြစ်တာ မဟုတ်ပါဘူး။ ကားနဲ့ မသွားဖို့ဘဲ တားမြစ်တာပါ။ နောက်ဆုံးတော့ ဟဲဟိုးကတစ်ဆင့် လေယာဉ်နဲ့ စီစဉ်ပေးလိုက်တာကြောင့် ကျိုင်းတုံကို နာရီပိုင်းအတွင်း ရောက်သွားခဲ့ ကြတယ်။ လေယာဉ်စီးတော့ ကျွန်တော်တို့ "အန်တီစု"တစ်ယောက် သူ့အိမ်မှာတုန်းက ပွဲကြမ်းခဲ့တာ သူမဟုတ်သလိုပါပဲလား။

ဘယ်သူတွေကပဲပြောပြော ကျွန်တော့်အမြင်ကတော့ "အန်တီစု" တစ်ယောက် ကျွန်တော်တို့ ပါတီဝင် နောက်လိုက်နောက်ပါတစ်စုကို ခေါင်းဆောင်ပြီး မြန်မာပြည်အနှံ့ ခြေဆန့်တဲ့ ခရီးစဉ်တွေမှာ သက်ဆိုင်ရာ တာဝန်ရှိသူတွေနဲ့ ကျေကျေလည်လည် ညှိနှိုင်း သဘောတူပြီး သွားတဲ့ခရီးစဉ်တိုင်းဟာ ခရီးပန်းတာကလွဲလို့ ကားပျက်တာကလွဲလို့ ဘာဆိုဘာမှ ပူပင်သောက ကြောင့်ကြမှု မရှိခဲ့ပါဘူး။

ဆည်မြောင်း၊ တာတမံတွေကို ဝင်ရောက်လေ့လာတော့လည်း "အန်တီစု"ခေါင်းဆောင်တဲ့ ကျွန်တော်တို့အဖွဲ့ဝင်တွေကို သက်ဆိုင်ရာ တာဝန်ရှိသူတွေအပိုင်းက ဧည့်ဝတ်ကျေပွန် ပျူငှာစွာနဲ့ တကယ့် ဧည့်သည်တော်ကြီးတွေအလား တလေးတစား ရှင်းလင်းပြသခဲ့ သလို မန္တလေးမှာ ဘုရားတွေဖူးကြပြန်တော့လည်း ပန်း၊ ဆီမီး၊ ရေချမ်းကအစ အဆင်သင့် VIP အခွင့်အရေးတွေကို တစ်ရွေးသားမှ မလျော့စေတမ်း အပြည့်အဝ ရရှိခဲ့တာ။

အဲဒီအခွင့်အရေးတွေနဲ့ သွားကြလာကြတဲ့အခါ ကျွန်တော်တို့ အချင်းချင်းတွေအတွက်လည်း အဆင့်အတန်းဆိုတာ သိလာပါတယ်။ ကိုယ်ဝတ်ထားတဲ့ ပင်နီရောင်တိုက်ပုံကို ရင်ဘတ်စေ့လိုက်၊ ရှေ့ဆွဲချလိုက်၊ မတ်တတ်ရပ်တဲ့အခါကျတော့လည်း လက်နှစ်ဖက်ကို ရှေ့ထုတ်လိုက်၊ နောက်ပစ်လိုက်နဲ့ ဘယ်လိုအနေအထားနဲ့ စတိုင်လ် ထုတ်ရမလဲလို့ အမျိုးမျိုးလုပ်ကြည့်နေကြတာ။ မျက်နှာရိပ် မျက်နှာကဲနဲ့ ပြမရ၊ လက်တို့ပြီး သတိပေးလို့မရနဲ့ ကိုယ့်ကိုယ်ကိုယ် နိုင်ငံတော် စီမံကိန်းတွေကို လိုက်လံစစ်ဆေးနေတဲ့ပုံစံမျိုး ချိုးနေကြတာ။

အနှစ်ချုပ်ပြောရရင်တော့ သက်ဆိုင်ရာ တာဝန်ရှိသူတွေရဲ့ စီစဉ်ပေးမှုတွေဟာ ကျွန်တော်တို့အဖွဲ့တွေကို နွေးထွေးမှုတွေ အများကြီး ပေးခဲ့ပါတယ်။ အသိအမြင်၊ အယူအဆတွေ ပြောင်းလဲရေးကိုလည်း များစွာ အထောက်အကူပြုစေခဲ့ပါတယ်။

ဒါပေမယ့်

ခရီးစဉ်တစ်ခုနဲ့ တစ်ခုအကြားမှာ ကျွန်တော်တို့ "အန်တီစု"နဲ့ **"အင်န်အယ်လ်ဒီ"** ခေါင်းကြီးပိုင်းအချို့ရဲ့ သဘောထားတွေဟာ မှုမမှန်တော့ဘဲ ခြေပုန်းခုတ်တာတွေ၊ လက်သီးပုန်းထိုးတာမျိုးတွေ ရှိလာတာကို သိလာရတော့ ရှေ့ဆက်ရမယ့် ခရီးတွေအတွက် ရင်လေးမိတာက လွဲပြီး ကျွန်တော် ဘာတတ်နိုင်မှာလဲ။ ရှေ့ဆက် ဘာတွေ ဘယ်လိုဖြစ်ကြဦးမလဲဆိုတာ ကျွန်တော် မတွေးချင်တော့ဘူး။

ဘယ်လို အခြေအနေမျိုးတွေ၊ ဘယ်လို ကြမ္မာဆိုးတွေက ကျွန်တော်တို့အဖွဲ့ရဲ့ ရှေ့ခရီးမှာ ကြိုလင့်နေမလဲဆိုတာကို ဘယ်သူမှ အတတ်မပြောနိုင်တဲ့ အခြေအနေမျိုး ရောက်နေပြီလေ။

အင်း...ကိုယ့်ကြမ္မာ ကိုယ်ဖန်တယ်ဆိုတဲ့ စကားကိုပဲ ယိုးမယ်ဖွဲ့ ရလေမလား မသိ...။

(ဆက်လက်ဖော်ပြပါမည်။)

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမှူးပြုသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် အင်န်အယ်လ်ဒီပါတီ ခေါင်းဆောင်ပိုင်းများ၏ မိသားစုအသွင် အမှတ်တရ ညစာစားပွဲမြင်ကွင်း။

ညောင်ပင်သာကျောင်းတိုက် ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၄

အင်းစိန်မြို့နယ် ရွာမအနောက် မင်းစေတီလမ်း ဘုရင့်နောင်လမ်းမကြီးရှိ ညောင်ပင်သာကျောင်းတိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တမာလာစာရ (ဓမ္မာစရိယ) မိုးကုတ်နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယအား အမှူးထား၍ ဝါကပ်ဝါဆိုကြကုန်သော သံဃာတော် အရှင်သူမြတ်တို့အား ဝါဆိုလပြည့် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်၍ အလှူရှင်များကိုယ်တိုင် ကြွရောက်လှူဒါန်းကြရန် ဖိတ်ကြားထားကြောင်းသိရသည်။ (က-ပ)

သားငါးဖွံ့ဖြိုးမှ ပြည်အကျိုး

၂၀၀၃ခုနှစ် ဇူလိုင်၃ရက်တွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ အထက (၂) လသာတွင် ကျောင်းသူကလေးများက ကျောင်းတွင်း ဝတ်ရွတ်ပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ဟောပြောပွဲများ ကျင်းပပြီး ပြိုင်ပွဲဝင်ကျောင်းသူကလေးများက စုပေါင်းသစ်ပင်စိုက်ပွဲကို ဆက်လက်ကျင်းပရာ အသင်းလိုက် အသောကပင်နှင့် ပန်းအလှပင်၊ အရိပ်ရပင်များကို စုပေါင်းစိုက်ပျိုးကြစဉ်။ (ကြေးမုံ)

ရွှေဟင်္သာစံကျောင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၄

ကျေးဇူးတော်ရှင်ဒွါဒသမရွှေကျင်သာသနာပိုင် စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာဆရာတော်ကြီး၏ စံကျောင်းဖြစ်သည့် ရန်ကင်းမြို့နယ် စစ်ကိုင်းရွှေဟင်္သာစံကျောင်း၌ ဝါဆိုဝါကပ်တော်မူကြမည့် သံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ၁၃၆၅ခု ဝါဆိုလဆန်း ၇ရက်၊ ဇူလိုင် ၅ရက် (စနေနေ့)နံနက် ၉နာရီတွင် စစ်ကိုင်းရွှေဟင်္သာစံကျောင်း အမှတ် ၁၉/က၊ သုခဝတီလမ်း ရန်ကင်းမြို့နယ်တွင် ကျင်းပမည်ဖြစ်ရာ နဝကမ္မအလှူငွေများနှင့် သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်၊ ရဟန်းအသုံးအဆောင် ပစ္စည်းများကို ဥပါသကာအဖွဲ့ ရွှေဟင်္သာစံကျောင်း ဖုန်း-၅၆၁၀၅၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အေးမြချမ်းသာဝါဆိုသင်္ကန်းနှင့် သိမ်ဓမ္မာရုံကြီးလှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် (၇)ရပ်ကွက် ကျန်စစ်သားလမ်းမကြီး၊ တောင်ငူလမ်းမှတ်တိုင်အနီးရှိ အေးမြချမ်းသာမဟာစည်သာသနာ့ရိပ်သာ၏ (၉)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် တည်ဆောက်နေဆဲ သုံးထပ်သိမ်ဓမ္မာရုံကြီးလှူဒါန်းပွဲကို ဝါဆိုလပြည့် ဇူလိုင် ၁၃ ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ပြုလုပ်မည်ဖြစ်၍ ဝါဆိုသင်္ကန်းအလှူရှင်များ၊ သိမ်ဓမ္မာရုံကြီး အလှူရှင်များ စုံညီစွာလှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်းနှင့် ဝါဆိုသင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်အလှူနှင့် သိမ်ဓမ္မာရုံ အလှူရှင်များ ရိပ်သာဖုန်း-၅၈၁၀၄၂သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ အေးမြချမ်းသာပဓာန နာယကဓမ္မကထိက ဗဟုဇနဟိတဓရဘဒ္ဒန္တ သိရီဓမ္မ(B.A ပါဠိဂုဏ်ထူး) ဆရာတော်က အလှူအနုမောဒနာနှင့် ဓမ္မစကြာတရားတော် ဟောကြားတော်မူမည်ဖြစ်သည်။ (က-ပ)

၂၀၀၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဇွန် ၃၀ ရက်က လသာမြို့နယ် မေတ္တာမွန်ရောင်းဝယ်ရေးသမဝါယမအသင်း လီမိတက်ဥက္ကဋ္ဌ ဦးအောင်လှက ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ် အစုပေါ်အမြတ်နှင့် ကုန်ဝယ်ပေါ်ပြန်အမ်းငွေများကို အသင်းသားများသို့ ပေးအပ်စဉ်။ (က-ပ)

ဘီးလင်းမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းနှင့် နှစ်လည်စည်းဝေးမည်

ရန်ကုန် ဇူလိုင် ၄

ဘီးလင်းမြို့နယ်အသင်း(ရန်ကုန်)၏ အကြိမ်(၂၀)မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲနှင့် (၂၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင်၂၀ရက် ဝါဆိုလပြည့်ကျော် (၇)ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း ဘီးလင်းတိုက်သစ်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (ဝေဠုဝန်)၊ ဝေဠုဝန်နိကာယဂိုဏ်းကြီး၏ ဒုတိယအကျိုးတော်ဆောင်ချုပ် ဘီးလင်းတိုက်သစ် ဆရာတော် ဘဒ္ဒန္တပညောဘာသအား အမှူးထား၍ သံဃာတော် အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းနှင့် ဆွမ်းခဲဖွယ်တို့ကို ဆက်ကပ် လှူဒါန်းမည်ဖြစ်သည်။

၂၀၀၂ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သော အသင်းဝင် သားသမီးတို့၏ အမည်စာရင်းကို အမှတ်စာရင်း မိတ္တူနှင့်အတူ ဇူလိုင်၁၄ရက် နောက်ဆုံးထား၍ ပေးပို့ရန်နှင့် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသင်းတည်ရာဌာနနှင့် ဦးအောင်မြင့်လွင် ဖုန်း-၅၇၂၁၉၄၊ ဦးစံ ဖုန်း-၀၉၈၀၃၀၃၄၆၊ ဦးသန့်ကြီး ဖုန်း-၅၃၉၇၅၈၊ ဦးသော်တာချစ်လှ ဖုန်း-၂၉၇၄၁၁၊ ဦးထွန်းသိန်း ဖုန်း-၆၃၅၈၃၉ တို့သို့ ပေးပို့လှူဒါန်းနိုင်သည်။ (က-ပ)

ဝိနည်းတော်နှင့်အညီ ဝါဆိုသင်္ကန်းဝယ်ယူလှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်-မန္တလေး သင်္ကန်းချုပ်နည်းများမှ အကောင်းဆုံး နည်းစနစ်များကို စုစည်း၍ ဝိနည်းတော်နှင့်အညီ ခေတ်မီမော်တာစက်ကြီးများဖြင့် အထူးချုပ်လုပ်ထားသော ဓောတိကမှ ဝါဆိုသင်္ကန်းများကို ဝယ်ယူလှူဒါန်းလိုပါက ဓောတိက(၁) အမှတ်(၃၅) ရေတာရှည်လမ်းဟောင်း ဗဟန်း ဖုန်း-၅၄၃၃၁၂၊ ဓောတိက(၂) (၉၇) ဘုန်းကြီးလမ်း အလယ် လမ်းမတော် ဖုန်း-၂၁၂၁၅၉၊ ဓောတိက(၃) အမှတ်(၆၁) အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင် ဖုန်း-၅၃၆၅၈၉၊ စက်ရုံအမှတ်(၅၃) ဗဟန်း(၃)လမ်း ဖုန်း-၇၀၇၂၅၉ တို့သို့ ဆက်သွယ် ဝယ်ယူလှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကွန်ပျူတာသင်တန်းများဖွင့်မည်

ရန်ကုန် ဇူလိုင် ၄

Greatest Power Foreign Languages & Computer Training Center မှ လက်တွေ့ အသုံးချ ကွန်ပျူတာသင်တန်းများကို ကျွမ်းကျင်သော အတွေ့အကြုံရင့် ဆရာ၊ ဆရာမများ စုစည်းမှုဖြင့် ကွန်ပျူတာကို အခြေခံမှ အဆင့်မြင့်အထိ လေ့လာတက်ရောက်လိုသူများအတွက် Windows, Office XP Course, Advanced Course, DTP Course, Graphic Design Course, ACCPAC Plus Course, Auto CAD 2000 Course, Programming Course, Hardware & System Maintenance Courseများကို ဇူလိုင်လဆန်းတွင် တန်းခွဲသစ်များ ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

စိတ်ဝင်စားသူများ Center-1 အမှတ် ၅၊ ပ-ထပ်၊ ဇေယျာ သီရိလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ဖုန်း-၅၃၇၂၃၁နှင့် Center-2 အမှတ်-၁၁၇၊ တ-ထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၀၂၀၈ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံတကာတက္ကသိုလ်များ ဝင်ခွင့်သင်တန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၄

ပြည်တွင်းမှာပင် ကုန်ကျစရိတ်သက်သာစွာဖြင့် သင်ယူနိုင်ရန် မြန်မာနိုင်ငံအတွက် တစ်ဦးတည်းသော ကိုယ်စားလှယ် (Accredited Centre)အဖြစ် သင်ကြားခွင့် ရရှိထားသော မြန်မာ့လူ့စွမ်းအားအရင်းအမြစ်ကုမ္ပဏီ(MHR)မှ တက္ကသိုလ်ဝင်တန်းဖြေဆို/အောင်မြင်ထားသူများအတွက် စီးပွားရေး စီမံခန့်ခွဲမှုပညာဆိုင်ရာ B.B.A, B.Bus, Business Studies ဘွဲ့များပို့ချသည့် နိုင်ငံတကာ တက္ကသိုလ်များ၏ ပထမနှစ်တက်ရောက်ခွင့် အကြိုသင်တန်းကို ဇူလိုင်ပထမအပတ်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

တက်ရောက်နိုင်

သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်ပြီး စာမေးပွဲဖြေဆိုအောင်မြင်လျှင် နိုင်ငံတကာ အသိအမှတ်ပြု Certificate in Business Administration အောင်လက်မှတ်ရရှိမည်ဖြစ်ကြောင်းနှင့် လူဦးရေကန့်သတ်ထားသဖြင့် MHR အခန်းအမှတ်(၉၀၅) ကိုးလွှာ အဆင့်မြင့်သံဈေး ကွန်ဒို၊ လမ်းမတော်လမ်း ဖုန်း-၇၀၇၈၂၂သို့ အမြန်ဆုံး စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်း သိရသည်။ (က-ပ)

အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားပြောသင်တန်းများတက်ရောက်နိုင်

ရန်ကုန် ဇူလိုင် ၄

ဆရာဦးခင်မောင်ဌေးဦးစီး၍ အင်္ဂလိပ်စာသင်တန်းကို Four Skills Grammar-General English Course များနှင့် TOEFL သင်တန်းများ ပုံမှန်သင်ကြားလျက်ရှိသည်။

ထို့ပြင် အင်္ဂလိပ်စာ အရေးပညာ တန်းခွဲသစ်များ စတင်နေပြီဖြစ်ပြီး IELTS သင်တန်းကိုလည်း မကြာမီဖွင့်လှစ်တော့မည်ဖြစ်သည်။

အခြေခံပညာအထက်တန်းအဆင့်၊ ဘွဲ့ကြို၊ ဘွဲ့ရများ၊ အစိုးရဝန်ထမ်းများနှင့် ကုမ္ပဏီဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်း အသီးသီးမှ ဝန်ထမ်းများ၊ နိုင်ငံခြား ပညာတော်သင်သွားရောက်လိုသူများအတွက် ရည်ရွယ်ပြီး သင်တန်းများကို နိုင်ငံတကာအဆင့်မီ ပို့ချလျက်ရှိသည်။

စိတ်ပါဝင်စားသူများ အမှတ် ၂၃၊ ၃ လမ်း၊ (၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ရန်ကုန်ဖုန်း-၅၇၁၀၂၅သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

မအူပင်မြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၄

မအူပင်မြို့နယ်အသင်း(ရန်ကုန်)၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ရန်ကုန်မြို့တွင် သီတင်းသုံး ကျောင်းထိုင်လျက်ရှိသော မအူပင်မြို့နယ်မှ ဆရာတော်ကြီး ၁၈ ပါးတို့အား ၂၀၀၃ခုနှစ် ဩဂုတ်လအတွင်း ရွှေတိဂုံဘုရားမြောက်ဘက်မုခ်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များ၊ မြို့နယ်သူမြို့နယ်သားများ သင်္ကန်းနှင့် အလှူငွေထည့်ဝင်ငွေလှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးစိုးဝင်း၊ ဖုန်း-၆၃၅၆၆၅၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းကြွယ် ဖုန်း-၀၉-၅၀၀၃၉၆၆၊ အတွင်းရေးမှူး ဦးမြစိုး ဖုန်း-၅၂၇၁၈၂နှင့် အမှုဆောင်များဖြစ်သည့် ဒေါ်ခင်ခင်ရီ ဖုန်း-၅၁၀၆၂၄၊ ဦးထိုက်စီ ဖုန်း-၀၉-၅၀၀ ၀၈၆၂၊ ဦးစိန်မြင့် ဖုန်း-၅၆၅၅၇၀နှင့် ဦးရန်ဝင်း ဖုန်း-၀၉-၉၉၂၂၁၄၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

သင်္ဘောနှင့်ပတ်သက်သော သင်တန်းများဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၄

CTI သင်္ဘောကုမ္ပဏီ၏ Costa Cruises (European) နှင့် Louis Cruises (European) တို့၏ လိုအပ်လျက်ရှိသော ဝန်ထမ်းနေရာများတွင် တာဝန် ထမ်းဆောင်နိုင်ရန်အတွက် သင်တန်းများဖွင့်လှစ် သင်ကြားပေးမည်ဖြစ်သဖြင့် Cruise Ship အား စိတ်ပါဝင်စားသူများ လျှောက်ထားနိုင်ကြောင်း သိရသည်။

စီစဉ်ဆောင်ရွက်

သင်တန်းတွင် Utility Positions နှင့် Skill Positions နှစ်မျိုးကို ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းပြီးပါက အလုပ်အကိုင်ရရှိရေးကိုပါ စီစဉ်ဆောင်ရွက်ပေးမည်ဟု သိရသည်။

အနည်းဆုံး

လိုအပ်သောအရည်အချင်းမှာ Utility Positions အတွက် အသက် ၂၀ နှစ်မှ ၂၇ နှစ် အတွင်း၊ အရပ် ၅ ပေ ၇လက်မနှင့်ရုပ်ရည်ပြေပြစ်ပြီး အင်္ဂလိပ်စကားကို ကောင်းမွန်စွာ ပြောဆိုတတ်သူ၊ Skill Positions အတွက် အသက် ၂၈နှစ်မှ ၃၄ နှစ်အတွင်းဖြစ်ပြီး အရပ် ၅ ပေ ၅ လက်မနှင့် ရုပ်ရည်ပြေပြစ်ပြီး အင်္ဂလိပ်စကားကောင်းစွာ ပြောဆိုတတ်၍ ကြယ်လေးပွင့်၊ ကြယ်ငါးပွင့် Hotel လုပ်သက် အနည်းဆုံး နှစ်နှစ်ရှိရမည် ဖြစ်သည်။

ခန့်ထားနိုင်

Costa Cruises (European) သင်္ဘောလိုင်းသည် ကမ္ဘာပေါ်တွင် ဒုတိယအဆင့်အမြင့်ဆုံး သင်္ဘောလိုင်းဖြစ်ပြီး ၂၀၀၃ ခုနှစ် ဇွန်(၂၀၊၂၁၊၂၂)ရက်တွင် မြန်မာသင်္ဘောသားများအား အလုပ်ခန့်ထားခဲ့ရာ Costa လိုင်းမှ မြန်မာ ၄၅ဦး၊ Louis လိုင်းမှ မြန်မာ ၃၅ဦးခန့်ထားနိုင်ခဲ့ကြောင်းသိရသည်။

ရည်ရွယ်ထား

Costa နှင့် Louis သင်္ဘောကုမ္ပဏီသည် မြန်မာသင်္ဘောသားဝန်ထမ်းများ၏ အရည်အချင်းကို နှစ်သက်သဘောကျကြသဖြင့် ၂၀၀၃ ခုနှစ်အကုန်တွင် မြန်မာသင်္ဘောသားအနည်းဆုံး၅၀၀အား အလုပ်ခန့်ထားနိုင်ရန် ရည်ရွယ်ထားကြောင်းသိရသည်။

စုံစမ်းမေးမြန်းနိုင်

စိတ်ပါဝင်စားသူများ CTI Group (Yangon)၊ အမှတ်(၇၉၀)၊ အခန်း(၅၀၂)၊ Danathiha Centre၊ ဗိုလ်ချုပ်လမ်းနှင့် ဝါးတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အမှာစကား ပြောကြား

အမျိုးသား ကျန်းမာရေး ကော်မတီဥက္ကဋ္ဌနိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် ကျန်းမာရေး တိုးချဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းအစီအစဉ် တွင် အသည်းရောင်အသားဝါ (ဘီ) ရောဂါကာကွယ်ဆေး စတင်ထည့် သွင်း ထိုးနှံခြင်း အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြား စဉ်။ (သတင်းစဉ်)

☆ **ကျောဖုံးမှ**

အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ Global Alliance for Vaccines and Immunization(GAVI) မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ဆေးရုံအုပ်ကြီးများ၊ ရန်ကုန်တိုင်း၊ ခရိုင်နှင့်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးများ၊ သူနာပြုများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ အနာဂတ်ဖန်တီးရှင်များဖြစ်မည့် ယနေ့မျိုးဆက်သစ် ကလေးငယ်များကို ရောဂါဘယကင်းစင်ပြီး ကျန်းမာကြံ့ခိုင်စေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကာကွယ်ဆေးထိုးနှံမှု အစီအမံများကို စနစ်တကျစီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိတာ အားလုံးအသိပင်ဖြစ်ကြောင်း၊ ဤကာကွယ်ဆေးထိုးနှံမှု အစီအစဉ်များတွင် အသည်းရောင်အသားဝါ(ဘီ)ရောဂါ ကာကွယ်ဆေးကို ယနေ့မှစတင်ပြီး ကလေးငယ်များကို ထိုးနှံပေးတော့မှာဖြစ်သည့်အတွက် မျိုးဆက်သစ်လူငယ်များအတွက်သာမက နိုင်ငံတော်၏ အနာဂတ်အတွက်ပါ အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေမည့် စွမ်းဆောင်မှုတစ်ခုဟု ဆိုရမှာဖြစ်ကြောင်း။

အခြေခံကောင်း

ဤကဲ့သို့ ကာကွယ်ဆေးများ တိုးချဲ့ထိုးနှံခြင်းသည် မျိုးဆက်သစ်ကလေးငယ်များအတွက် ကျန်းမာကြံ့ခိုင်သန်စွမ်းမှု အကျိုးရလဒ်ကောင်းများ ပိုမိုတိုးတက်ဖြစ်ထွန်းစေမှာဖြစ်သကဲ့သို့ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ဦးတည်ကြိုးပမ်းဆောင်ရွက်နေသော နိုင်ငံတော်အစိုးရ၏ ကျန်းမာရေးဆိုင်ရာ မျှော်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် အခြေခံကောင်းများ တိုးမြှင့်ဖန်တီးပေးရာလည်းရောက်သည်ဟု ပြောကြားလိုကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် အဘက်ဘက်က ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေရန် ဘက်စုံကဏ္ဍစုံမှာ စနစ်တကျစီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု စသည့် လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထူးအလေးထား ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံသူ နိုင်ငံသားများအားလုံး နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားပြီး ကျန်းမာကြံ့ခိုင်သန်စွမ်းမှသာ မိမိနိုင်ငံ မိမိလူမျိုး ကြီးပွားတိုးတက်ရေးအတွက် စွမ်းဆောင်နိုင်မှာ ဖြစ်သကဲ့သို့ ကျန်းမာကြံ့ခိုင်ပြီး စိတ်ဓာတ်ရေးရာ မြင့်မားခိုင်ကျည်သော ပြည်သူများသည်သာ မိမိနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်ပြည့်အားပြည့် တက်ကြွစွာ ပူးပေါင်းပါဝင်စွမ်းဆောင်နိုင်မှာဖြစ်ကြောင်း။

စီမံကိန်းများချမှတ်

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူ နိုင်ငံသားများ ကျန်းမာကြံ့ခိုင်ရေးတို့ အပြန်အလှန်အကျိုးပြုဖြစ်ထွန်းလာစေရန် ဦးတည်ပြီး အမျိုးသားကျန်းမာရေးအဆင့်အတန်း မြှင့်တင်ပေးရေးအစီအမံများကိုစနစ်တကျစီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးဆိုသည့် လူမှုရေးဦးတည်ချက်နှင့်အညီ အမျိုးသားကျန်းမာရေးစီမံကိန်းများ ရေးဆွဲချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုပင် ပြည့်ခဲ့ပြီဖြစ်ကြောင်း၊အမျိုးသားကျန်းမာရေး စီမံကိန်းများသည် ပြည်သူလူထု၏ ပဏာမကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရေးကို အခြေခံထားသကဲ့သို့ အားလုံးအတွက် ကျန်းမာရေးဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူများ၏ တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်မှုကိုလည်း မျှော်မှန်းစီမံ ဆောင်ရွက်ထားတာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားကျန်းမာရေးစီမံကိန်းအဆင့်ဆင့်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ဝေးလံခက်ခဲသော နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတော်တစ်ဝန်းလုံး အခြေခံဒေသများအထိ ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံပေးနိုင်စေရန် ဆေးရုံကြီးများ၊ ဆေးရုံများ တိုးချဲ့ဖွင့်လှစ်မှု၊ အဆင့်မြှင့်တင်မှုများ စီစဉ်ဆောင်ရွက်ပေးပြီး ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်လွှမ်းခြုံပေးနိုင်စေရန်၊ ခေတ်မီရောဂါရှာဖွေရေးနှင့် ကုသရေး ပစ္စည်းကိရိယာများ၊ ခေတ်မီနည်းပညာနှင့် ဆေးဝါးများဖြည့်တင်းပေးသည့်အပြင် ပါရဂူများနှင့် သမားတော်ကြီးများကို ကျေးလက်ဒေသများပါမကျန် နယ်မြေအနှံ့ဖြန့်ကြက်ကွင်းဆင်းပြီး ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေး မြှင့်တင်ပေးနိုင်စေရန် စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

အကောင်အထည်ဖော်ဆောင်ရွက်

ထို့အပြင်မိခင်နှင့် ကလေးများ အပါအဝင် ကျန်းမာရေးစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများအတွက် အထူးအစီအမံများ၊ ပြည်သူလူထုကို အန္တရာယ်ဖြစ်စေသောကူးစက်ရောဂါများ အပါအဝင် အဖြစ်များရောဂါများ တိုက်ဖျက်ရေးအတွက် သီးခြားစီမံကိန်းများကိုလည်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ဤကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားအဆင့် ကျန်းမာရေးစီမံကိန်းများ စနစ်တကျချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုက ဖော်ဆောင်ဖန်တီးပေးလာသော ပြည်သူများ၏ ကျန်းမာရေးအသိမြင့်မားလာမှု၊ ပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာမှုတို့ကြောင့် ယခုဆိုလျှင်ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းသည် သိသာစွာတိုးတက်မြင့်မားလာနေပြီဖြစ်သည်ကို ဂုဏ်ယူဝင့်ကြွားဖွယ် တွေ့မြင်နေရပြီဖြစ်ကြောင်း။

သို့ရာတွင် မြန်မာနိုင်ငံတော် အနေဖြင့် အခြားသော ဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ ကူးစက်လွယ်ရောဂါများ၏အန္တရာယ်နှင့် မကူးစက်တတ်သော ရောဂါများ၏ အန္တရာယ်တို့ကိုပါ ရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်သည့်အတွက် ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုအပ်ဦးမှာဖြစ်ကြောင်း။

အထူးသဖြင့် မျိုးဆက်သစ်ကလေးငယ်များ ရောဂါဘယကင်းဝေးပြီး ကျန်းမာကြံ့ခိုင်စေရေးအတွက် ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများကို စဉ်ဆက်မပြတ်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားကြရန် လိုအပ်ဦးမှာ ဖြစ်ကြောင်း။

ထို့ကြောင့် ကလေးသူငယ်များမှာ အဖြစ်များပြီးသေဆုံးနှုန်းလည်းမြင့်မားသော ကူးစက်မြန်ရောဂါခြောက်မျိုး၏ ကာကွယ်ဆေးထိုးလုပ်ငန်းများအတွက် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်ကို အမျိုးသားကျန်းမာရေး စီမံကိန်းအဆင့်ဆင့်မှာ ထည့်သွင်းချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ဤတိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်အရ တစ်နိုင်ငံလုံးအဆင့်ဆင့် တိုးချဲ့လွှမ်းခြုံဆောင်ရွက်ခဲ့ရာတွင် ၁၉၉၀ပြည့်နှစ်မှာ မြို့နယ်ပေါင်း ၂၂မြို့နယ်၊ ၁၉၉၅ခုနှစ်မှာ မြို့နယ်ပေါင်း ၃၀၅မြို့နယ် အဆင့်ဆင့် တိုးချဲ့လွှမ်းခြုံနိုင်ခဲ့ပြီး ၁၉၉၇ခုနှစ်မှာ တစ်နိုင်ငံလုံး လွှမ်းခြုံဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရကြောင်း။

အောင်မြင်ဖြစ်ထွန်း

ထို့အပြင် အထူးအစီအစဉ်များအဖြစ်နှင့် အသက် ငါးနှစ်ကလေးငယ်များ ခြောက်သန်းကျော်ကို ပိုလီယိုကာကွယ်ဆေးများ တစ်ပြိုင်နက်တည်း တိုက်ကျွေးခဲ့သော အမျိုးသားကာကွယ်ဆေးတိုက်နေ့ လှုပ်ရှားမှုများကို နိုင်ငံတော်အစိုးရဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ အပါအဝင် တစ်မျိုးသားလုံးတက်ကြွစွာပေါင်းစည်းလက်တွဲပြီး ရှစ်နှစ်ဆက်တိုက် အောင်အောင်မြင်မြင် ဆောင်ရွက်ခဲ့ကြသည့်အတွက် မြန်မာနိုင်ငံကို ပိုလီယိုရောဂါ ကင်းစင်သော နိုင်ငံအဖြစ်အသိအမှတ်ပြုခံခဲ့ရသည်အထိ မြန်မာလူမျိုးတိုင်း ဂုဏ်ယူဝင့်ကြွားဖွယ် အောင်မြင်ဖြစ်ထွန်းခဲ့သည်ကို တွေ့ရကြောင်း။

တိုးချဲ့ကာကွယ်ဆေးထိုး

ယခုအခါတွင် ကလေးသူငယ်များအတွက် ကာကွယ်ဆေးထိုး အစီအစဉ်များကို မြှင့်တင်သည့်အနေနှင့် Global Alliance For Vaccines and Immunization (GAVI) အဖွဲ့အစည်း၏ ကူညီပံ့ပိုးမှုနှင့် နိုင်ငံတော်၏ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း အစီအစဉ်မှာ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးကို ယနေ့မှစတင်ပြီး ထည့်သွင်းထိုးနှံသွားမှာဖြစ်ကြောင်း။

GAVI အဖွဲ့အစည်းဝင်များအနေနှင့် ကလေးငယ်များအတွက် လိုအပ်သော ကာကွယ်ဆေးအားလုံးနှင့် ကာကွယ်လွှမ်းခြုံမှုပေးနိုင်အောင် ကူညီဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ ကိုယ်စားသော်လည်းကောင်း၊ မြန်မာနိုင်ငံပြည်သူများ၏ ကိုယ်စားသော်လည်းကောင်း များစွာကျေးဇူးတင်ရှိသည်ဟု ပြောကြားလိုကြောင်း။

အသည်းရောင်အသားဝါ(ဘီ)ရောဂါပိုးသည် ကူးစက်ရန် လွယ်ကူသည့်အတွက် ရောဂါပိုးသယ်ဆောင်သူ တိုးပွားမှုနှုန်း များပြားသကဲ့သို့ ရောဂါပိုးရှိသူ အချို့မှာ နာတာရှည်ရောဂါများဖြစ်သည့် အသည်းခြောက်ရောဂါနှင့် အသည်းကင်ဆာရောဂါများလည်း ဆက်လက်ဖြစ်ပွားတတ်သည့်အတွက် အလွန်အန္တရာယ်များသော ကူးစက်ရောဂါတစ်မျိုးဟု ဆိုနိုင်ကြောင်း။

ထို့အပြင် ရောဂါပိုးရှိသည့် မိခင်က မွေးထုတ်ပေးလိုက်သော ကလေးကို ကူးစက်မှုနှုန်းသည် ၂၅ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည့်အတွက် ကလေးငယ်များအတွက် တိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်းအစီအစဉ်တွင် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေး ထည့်သွင်းပြီး တစ်နိုင်ငံလုံးရှိ ကလေးငယ်များကို လွှမ်းခြုံထိုးနှံပေးနိုင်ရန် စီစဉ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

တစ်နိုင်ငံလုံးဆောင်ရွက်မည်

ဤသို့ အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးပါဝင်သော ကာကွယ်ဆေးထိုးလုပ်ငန်းများကို ၂၀၀၃ ခုနှစ်မှာ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းရှိ မြို့နယ်အားလုံးတွင် ဆောင်ရွက်သွားမှာဖြစ်ပြီး ၂၀၀၄ ခုနှစ်မှာ ကျန်တိုင်းအားလုံးနှင့် ၂၀၀၅ ခုနှစ်မှာ ပြည်နယ်များ အပါအဝင် တစ်နိုင်ငံလုံးကို အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်သွားမည်ဟု သိရှိရကြောင်း။

အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးထိုးမှုများကို ဆေးရုံကြီးများနှင့် တစ်လလျှင် ကလေး၃၀ထက်မနည်း မွေးဖွားသော ဆေးရုံများတွင် မွေးဖွားသော ကလေးငယ်တိုင်းကို မွေးဖွားပြီး ၂၄နာရီအတွင်း ထိုးနှံပေးမှာဖြစ်သည်ဟု သိရကြောင်း။

ရပ်ကွက်၊ ကျေးရွာနှင့် ကျန်းမာရေးဌာန အသီးသီးတွင် ဆောင်ရွက်မည့် အစီအစဉ်မှာ အခြားသောကာကွယ်ဆေးများနှင့်အတူသုံးကြိမ်ပြည့်အောင် ထိုးနှံပေးသွားမှာဖြစ်သည့်အပြင် ဆေးရုံကြီးများတွင် မွေးကင်းစအရွယ် ထိုးနှံခဲ့ရသော ကလေးများကိုလည်း ဒုတိယအကြိမ်နှင့် တတိယအကြိမ်အတွက် ရပ်ကွက်၊ ကျေးရွာနှင့် ကျန်းမာရေးဌာနအသီးသီးများတွင် ဆက်လက်ပြီးစီးအောင် ထိုးနှံသွားမှာဖြစ်သည်ဟု သိရကြောင်း။

သေဆုံးမှုလျော့နည်း

ဤကဲ့သို့ အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ကျယ်ကျယ်ပြန့်ပြန့်ထိထိရောက်ရောက် စနစ်တကျ ထိုးနှံပေးသွားခြင်းအားဖြင့် မျိုးဆက်သစ်ကလေးငယ်များ ကျန်းမာကြံ့ခိုင်မှု အကျိုးရလဒ်ကောင်းများအပြင် ရေရှည်မှာနာတာရှည်အသည်းရောဂါဖြစ်ပွားမှု၊ အသည်းကြွပ်ရောဂါနှင့် အသည်းကင်ဆာရောဂါကြောင့် သေဆုံးမှုများသိသာစွာ လျော့နည်းကျဆင်းသွားမှာ မလွဲဘူးဟု ပြောကြားလိုကြောင်း။

ထို့ကြောင့် ယခုစီစဉ်ဆောင်ရွက်နေသော အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးထိုးလုပ်ငန်းသည် နိုင်ငံတော်အတွက်ရေရှည်အကျိုးဖြစ်ထွန်းစေမည့် အစီအမံများဖြစ်ခြင်းကြောင့် တာဝန်ရှိသူ အသီးသီးက အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး စီမံကိန်းလုပ်ငန်းကြီး ပြီးစီးအောင်မြင်သည်အထိ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

မြန်မာနိုင်ငံတော်နှင့် မြန်မာတစ်မျိုးသားလုံးအတွက် အကျိုးကျေးဇူးဖြစ်ထွန်းစေမည့် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးထိုးလုပ်ငန်းကြီး အကောင်အထည်ပေါ်ဖြစ်ထွန်းလာအောင် အားပေးကူညီ ပံ့ပိုးပေးခဲ့သော GAVI အဖွဲ့ဝင်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့ကို များစွာကျေးဇူးဥပကာရ တင်ရှိပါကြောင်း ထပ်လောင်းပြောကြားလိုကြောင်း။

နိုင်ငံတော်၏ အမျိုးသားကျန်းမာရေးဆိုင်ရာ ရည်မှန်းချက်များ အောင်မြင်အကောင်အထည်ပေါ်ရေးအတွက် တစ်မျိုးသားလုံး အောင်အောင်မြင်မြင်နှင့် လက်တွဲစွမ်းဆောင်ခဲ့သော အစဉ်အလာကောင်းများ မိမိတို့ပြည်တွင်းမှာ ရှိထားပြီးဖြစ်သည့်အတွက် ယခုဆောင်ရွက်မည့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းသည်လည်း မလွဲမသွေ အောင်မြင်မှာဖြစ်သည်ဟု ယုံကြည်ထားပါကြောင်း တစ်ဆက်တည်းပြောကြားလိုကြောင်း။

ကြိုးပမ်းဆောင်ရွက်

နိဂုံးချုပ်အနေဖြင့်ပြောကြားလိုသည်မှာ မျိုးဆက်သစ်ကလေးငယ်များ၏ ကျန်းမာသန်စွမ်းမှုကို အခြေခံကျကျ ဖော်ဆောင်ပေးနိုင်မည့် အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းစဉ်များ အောင်မြင်ဖြစ်ထွန်းရေးသည် မှန်မြတ်မြင့်မားသော အမျိုးသားရေး မျှော်မှန်းချက်တစ်ရပ်ဖြစ်သည်ဟု ခံယူပြီး တစ်မျိုးသားလုံး လက်တွဲစွမ်းဆောင်ကြ၍ အောင်မြင်ခဲ့သော အစဉ်အလာကောင်းများနှင့်အညီ တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှု

အခမ်းအနားအပြီးတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဧည့်သည်တော်များသည် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန ဧည့်ကြိုခန်းမ၌ ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်၏ တစ်နှစ်အောက်ကလေးငယ်များ ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း တိုးချဲ့ဆောင်ရွက်မှု အစီအစဉ်၊ အသည်းရောင်အသားဝါ(ဘီ)ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း တိုးချဲ့မည့်လုပ်ငန်းစဉ်များ၊ ကာကွယ်ဆေးထိုး၊ ဆေးတိုက်လုပ်ငန်းများကြောင့် ရောဂါကျဆင်းမှုအခြေအနေပြ စာရင်းဇယားများ၊ အသည်းရောင်အသားဝါ(ဘီ)ရောဂါအကြောင်း သိကောင်းစရာများ၊ ကာကွယ်ဆေးထိုး၊ဆေးတိုက်စီမံချက်၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဧည့်သည်တော်များသည် တစ်နှစ်အောက် ကလေးငယ်များအား အသည်းရောင်အသားဝါ(ဘီ)ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က အသည်းရောင်အသားဝါ(ဘီ)ရောဂါ ကာကွယ်ဆေးထိုးပြီး ကလေးငယ်များအား ကစားစရာ အရုပ်လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး မိုးဖြိုရေလှောင်ကန်နှင့် နွေစပါးစိုက်ပျိုးမှုကြည့်ရှု ဖယ်ခုံနှင့် ပင်လောင်းမြို့နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဇူလိုင် ၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇွန် ၂၉ရက် မွန်းလွဲပိုင်းတွင် မိုးဖြိုရေလှောင်ကန်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးရာ ရေလှောင်ကန်တာဝန်ခံ ဦးမောင်မောင်ကြီးက ရေလှောင်ကန်မှ ရေပေးဝေဖြန့်ဖြူးမှုနှင့် ရေလှောင်ကန်အတွင်း ရေထိန်းသိမ်းထားရှိမှုအခြေအနေများကို လိုက်လံရှင်းလင်းတင်ပြသည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက သတ်မှတ်ရေရရှိအောင် ထိန်းသိမ်းသိုလှောင်ထားရှိရေး၊ ဘီလူးချောင်း ရေအားလျှပ်စစ် အတွက် လိုအပ်သောရေပမာဏ ပေးဝေနိုင်ရေး စီမံဆောင်ရွက်ရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့်အဖွဲ့သည် မိုးဖြိုရေလှောင်ကန်မှ ဆည်ရေဖြင့် စိုက်ပျိုးထားသော နွေစပါးများ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့သည် ဖယ်ခုံမြို့သို့သွားရောက်၍ ဖယ်ခုံမြို့နယ်ခန်းမ တည်ဆောက်ရေးလုပ်ငန်းခွင်၌ ဖယ်ခုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က မြို့နယ်ခန်းမ တည်ဆောက်ရေးနှင့် ပတ်သက်သည်များနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို မြေပုံကားချပ်ပုံစံများဖြင့် ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ခန်းမတည်ဆောက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သတ်မှတ်ချိန်အတွင်း စံချိန်စံညွှန်းမီ ပြီးစီးအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စုပေါင်းရုံး

ညနေပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် နောင်တရားမြို့စုပေါင်းရုံး တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်၍ ရုံးအဆောက်အအုံများ တည်ဆောက်ပြီးစီးမှု၊ ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာများဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် နောင်တရားမြို့ ရဲတပ်ဖွဲ့စခန်းရုံး တည်ဆောက်ရေးရှင်းလင်း ဆောင်သို့ရောက်ရှိရာ ပင်လောင်းမြို့နယ် အုပ်ချုပ်ရေးမှူးက မြို့နယ်အတွင်း ကော်ဖီ၊ လက်ဖက်၊ အာလူး၊ နနွင်း၊ ငရုတ်၊ ကြက်သွန် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှု အခြေအနေများ၊ စိုက်ဧကများတိုးချဲ့ ဆောင်ရွက်မည့်အခြေအနေများနှင့် ဒေသခံတောင်သူများက စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး မြို့နယ်ရဲတပ်ဖွဲ့စခန်း စခန်းမှူးက စခန်းရုံးဝန်ထမ်းအိမ်ရာ ဆောက်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပံ့ပိုးဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ဒေသတွင်း ဖြစ်ထွန်းအောင်မြင်သည့် သီးနှံများအထွက်နှုန်းကောင်းမွန်ရေးအတွက် မျိုးကောင်း၊ မျိုးသန့်ရွေးချယ်စိုက်ပျိုးရေးနှင့် စိုက်ဧကတိုးချဲ့ရေး၊ ဝန်ထမ်းအိမ်ရာနှင့် အဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဂရုပြုကြိုးပမ်းဆောင်ရွက်ရေး ဆွေးနွေးမှာကြားကာ ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ပင်လောင်းမြို့နယ် နန်းတိုင်းကျေးရွာရှိ ဒေသခံ တောင်သူများ၏ အာလူးစိုက်ခင်း စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အထွက်ကောင်းမျိုးများ သုံးစွဲပြီး စိုက်ဧကတိုးချဲ့စိုက်ပျိုးကြရေး ဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)

သမဝါယမနေ့ကို ဂုဏ်ပြု အထူးဈေးရောင်းပွဲများကျင်းပ

ရန်ကုန် ဇူလိုင် ၄

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရက်သတ္တပတ် အထူးဈေးရောင်းပွဲများကို ရန်ကုန်တိုင်း ဂျီအီးစီအသင်းစုပန်းဆိုးတန်းကုန်တိုက်၊ ရန်ကုန်အနောက်ပိုင်းခရိုင် ဂျီအီးစီနှင့် ရန်ကုန်တောင်ပိုင်းခရိုင် ဂျီအီးစီကုန်တိုက်များတွင် စည်းကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး စိုးဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းနှင့် ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝင်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (က-ပ)

တံဆိပ်ခေါင်းနှင့် ပို့စကတ်များပေးအပ်

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia က ကလေးများအတွက် ပုံပြင်ဇာတ်လမ်းများပါဝင်သော စီဒီရွှေမ်၊ အင်္ဂလိပ်ဘာသာပုံပြင်စာအုပ်များ၊ ကလေးများအတွက် အမှတ်တရ တံဆိပ်ခေါင်းနှင့် ပို့စကတ်များကို ပေးအပ်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ စီဒီရွှေမ်များ၊ ပုံပြင်စာအုပ်များနှင့် တံဆိပ်ခေါင်းများပေးအပ်

ရန်ကုန် ဇူလိုင် ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယနိုင်ငံ သံရုံးက ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန e-Library များအတွက် လူငယ်လူရွယ်များ ဗဟုသုတဖြစ်ဖွယ် ပုံပြင်ဇာတ်လမ်းများ ပါဝင်သော စီဒီရွှေမ်များ၊ အင်္ဂလိပ်ဘာသာပုံပြင်စာအုပ်များ၊ ကလေးများအတွက် အမှတ်တရတံဆိပ်ခေါင်း ၈၅၀ခုနှင့် ပို့စကတ် ၈၅၀ခု ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia နှင့် သံရုံးမှ တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်ခ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေး

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia က ကလေးများအတွက် ပုံပြင်ဇာတ်လမ်းများ ပါဝင်သော စီဒီရွှေမ်၊ အင်္ဂလိပ်ဘာသာပုံပြင်စာအုပ်များ၊ ကလေးများအတွက် အမှတ်တရ တံဆိပ်ခေါင်းနှင့် ပို့စကတ်များကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံသို့ပေးအပ်ရာ ဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ရုပ်သိမ်း

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia က ပစ္စည်းများပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနား ကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၅-၇-၂၀၀၃ (စနေနေ့)

၁၃၆၅ ခုနှစ်၊ ဝါဆိုလဆန်း (၇)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ စားကြမယ်ဟော့ကောင်းကောင်း
၈:၀၅ ၆။ တေးဂီတအစီအစဉ်
၈:၂၀ ၇။ ဆပ်သွားတံတား
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Grammar Made Easy.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာအရွယ်ကစားကြမယ်
၁၂:၀၅ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၅၀ ၆။ Weekly International Sports.
၁:၀၀ ၇။ **တေးမဆိုသည့်ငှက် အသက်ကိုခြွေသည် (မင်းစိုး၊ မြတ်သူဇာဝင်း၊ ပိုင်သူ၊ ဖြူပြာအောင်) (ဒါရိုက်တာ- လှမှူး)**
၁:၄၅ ၈။ တေးဂီတအစီအစဉ်
၁:၅၅ ၉။ အတီးပြိုင်ပွဲ
၂:၁၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂:၂၅ ၁၁။ သင်ယူစရာပန်းချီပညာ(အပိုင်း-၁)
၂:၃၅ ၁၂။ သင်ယူစရာပန်းချီပညာ(အပိုင်း-၂)
၂:၄၅ ၁၃။ International News.
၃:၀၀ ၁၄။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၂၅ ၃။ English For Everyday Use.
၄:၃၅ ၄။ တေးဂီတအစီအစဉ်
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သိပ္ပံအထူးပြုအားလုံး) (ရူပဗေဒ)
၅:၀၀ ၆။ အကပြိုင်ပွဲ
၅:၁၀ ၇။ **အားလုံးအဆင်ပြေကြစေသတည်း (ဝေဠုကျော်၊ မြပွင့်ဖြူ) (ဒါရိုက်တာ- သက်တင်)**
၅:၃၅ ၈။ ချစ်စရာအရွယ်ကစားကြမယ်
၆:၀၀ ၉။ တေးဂီတအစီအစဉ်
၆:၁၅ ၁၀။ စားကြမယ်ဟော့ကောင်းကောင်း
၆:၃၀ ၁၁။ ညနေခင်းသတင်း
၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၃။ Discovery.
၇:၂၀ ၁၄။ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့တေးများ
၇:၃၅ ၁၅။ ယဉ်ကျေးမှုအမွေသမိုင်းသက်သေ (အနော်ရထာမင်းကြီး၏ နန်းတော်ရာတူးဖော်မှု)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **မြန်မာဗီဒီယိုဇာတ်လမ်း လေဆန်ငှက်တို့အိမ်အပြန် (စုလှိုင်နှင်း၊ ပပဝင်းခင်၊ သင်းသင်းယုလှိုင်) (ဒါရိုက်တာ-စင်ရော်မောင်မောင်)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် တမံအမြင့်ပေ ၂၀၀ နှင့် အလျားပေ ၆၄၉၀ ရှိသော ပင်မတမံကြီးကို တည်ဆောက်ရာ၌ မုန်းချောင်းကိုပိတ်၍ ရေသိုလှောင်ပြီး အမြင့် ၇၅ ပေသို့ ရောက်ရှိနေသည်ကို ၆-၅-၂၀၀၃ရက်က တွေ့ရှိခဲ့ရသည်။ (ယာပုံ)

မုန်းချောင်းတမံမှာ နှစ်စဉ်ပျမ်းမျှ ကေပေ ၃ ဒသမ ၅ သန်းရှိရာ သတ်မှတ်ထားသော အမြင့်ပေ ၂၀၀သို့ရောက်လျှင် ကန်ရေပြည့် ရေလှောင်ပမာဏမှာ ကေပေ ၆၇၄၄၀၀ ရှိမည်ဖြစ်ပြီး ကန်ရေသေရေလှောင် ပမာဏမှာ ကေပေ ၁၁၀၀၀၀ ရှိမည်ဖြစ်သောကြောင့် ကန်ရေပြည့် ရေပြင်ကျယ် ဧရိယာမှာ ကေပေ ၁၀၆၂၀ ရှိမည်ဖြစ်သည်။

မုန်းချောင်းရေလှောင်တမံမှာ ရေအားလျှပ်စစ်ကို ဥမင်လိုဏ်ခေါင်းဖောက်၍ ရေထုတ်ပေးပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မည် ဖြစ်သည့်အပြင် ဧရိယာ ဧက ၁၀၈၀၀၀ သို့ဆည်ရေပေးဝေမည်ဖြစ်သည်။

မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ခန့်မှန်းကုန်ကျငွေ ကျပ် ၄၅၈၂ ဒသမ ၄၀ သန်းနှင့် နိုင်ငံခြားငွေ ဒေါ်လာ ၁၄၇၉ ဒသမ ၇၆ သန်း၊ စုစုပေါင်း ကျပ်သန်းပေါင်း ၆၀၆၂ ဒသမ ၁၆ သန်း ခန့် ကုန်ကျခံ တည်ဆောက်လျက်ရှိရာ ၂၀၀၃ ခုနှစ် အတွင်း ပြီးစီးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဓာတ်ပုံမှတ်တမ်းတင်-သွင်အေး(ကြေးမုံ)

⇨ **စိုက်ပျိုးရေးအခြေခံမှ**

လယ်မြေဧက သုံးသန်းနီးပါးကို အကျိုးဖြစ်ထွန်းစေပြီး၊ ရေထိန်းတံခါးများ တည်ဆောက်၍ ရေဖြန့်ဖြူးခြင်းဖြင့် လယ်မြေဧက၂၃၅၉၀၀ကိုလည်းကောင်း၊ မြစ်ရေတင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြင့် လယ်မြေဧက ၂၈၂၁၀ သို့လည်းကောင်း၊ စုစုပေါင်း စိုက်ပျိုးမြေဧက သုံးသန်းနှစ်သိန်းကျော်ကို အကျိုးပြုလျက်ရှိသည်။

ကွာဟမှုမရှိစေဘဲ

အထူးသဖြင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ဆည်မြောင်းဦးစီးဌာနအနေဖြင့် ၁၉၈၈ခုနှစ်မှ စတင်၍ ယနေ့အထိ ဆည်မြောင်းတာတမံ ၁၄၈ခု တည်ဆောက်ခဲ့ရာ၌ ပထဝီအနေအထားအရလိုအပ်သောပြည်နယ်နှင့်တိုင်းတို့တွင် ပြည်နယ်နှင့်တိုင်း ကွာဟမှုမရှိစေဘဲ တည်ဆောက်အကောင်အထည်ဖော်ပေးခဲ့သည်။

ယင်းသို့ဆည်မြောင်းတာတမံများကို ပြည်နယ်နှင့်တိုင်းတို့တွင် တည်ဆောက်ခဲ့ရာ၌ ကယားပြည်နယ်တွင် ရေလှောင်တမံနှစ်ခု၊ ချင်းပြည်နယ်တွင် ရေလှောင်တမံတစ်ခု၊ စစ်ကိုင်းတိုင်းတွင် ရေလှောင်တမံ ၁၄ခု၊ တနင်္သာရီတိုင်းတွင် ရေလှောင်တမံတစ်ခု၊ ပဲခူးတိုင်းတွင် ၃၇ခု၊ မကွေးတိုင်းတွင် ၂၅ခု၊ မန္တလေးတိုင်းတွင် ၃၆ခု၊ မွန်ပြည်နယ်တွင်ခြောက်ခု၊ ရခိုင်ပြည်နယ်တွင် လေးခု၊ ရန်ကုန်တိုင်းတွင် ၁၂ခု၊ ရှမ်းပြည်နယ်တွင် နှစ်ခု၊ ဧရာဝတီတိုင်းတွင် ခုနစ်ခုနှင့် ကရင်ပြည်နယ်တွင် တစ်ခုစုစုပေါင်း ၁၄၈ ခုဖွင့်လှစ်ပြီးဖြစ်သည်။

စီမံချက်များရေးဆွဲ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ တာဝန်ယူပြီးသည့်နောက် ၁၉၈၈ခုနှစ်မှ စတင်၍ ဆည်မြောင်းတာတမံများတည်ဆောက်နိုင်ရန်အတွက် လုပ်ငန်းစီမံချက်များ ရေးဆွဲခဲ့ပြီး ၁၉၉၀ပြည့်နှစ် မတ်လ ၂၀ရက်တွင် မန္တလေးတိုင်း၊ ကျောက်ဆည်မြို့နယ်၌ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၈၇၃၅၈၀ သိုလှောင်နိုင်ပြီး ကန်ရေပြည့်ရေပြင်ကျယ် ဧကပေ ၁၀၇၂၀ ရှိသည့် ကင်းတားရေလှောင်တမံကို ၁၉၉၀ပြည့်နှစ် မတ်လ ၂၀ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။ ကင်းတားရေလှောင်တမံမှာ အကျိုးပြုဧက ၂၀၁၅၀၀ စိုက်ပျိုးရေပေးနိုင်သည့်အပြင် ရေအားလျှပ်စစ် ၂၈ မဂ္ဂါဝပ် စက်နှစ်လုံးဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရန် ငွေကျပ်သန်းပေါင်း ၁၃၆၁ ဒသမ ၇၀ အကုန်အကျခံ တည်ဆောက်ပေးခဲ့သည်။

အလားတူပင် ၁၉၉၀ ပြည့်နှစ် မတ်လ ၂၉ရက်တွင် မကွေးတိုင်း တောင်တွင်းကြီးမြို့နယ်၌ အကျိုးပြုဧက ၅၀၀၀ ကို ဆည်ရေပေးနိုင်သော ကင်ပွန်းတောင်ရေလှောင်တမံကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။ ကင်ပွန်းတောင် ရေလှောင်တမံအား ငွေကျပ်သန်းပေါင်း ၇၅ ဒသမ ၁၀သန်း အကုန်အကျခံ၍ တပ်မတော်က စတင်တာဝန်ယူသည့်ကာလ၌ ဒုတိယမြောက် ဆည်တမံအဖြစ် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

အကြီးဆုံးဆည်ကြီး

မြန်မာနိုင်ငံတွင် တည်ဆောက်လျက်ရှိသော ဆည်မြောင်းတာတမံများအနက် အကြီးဆုံးဖြစ်ပြီး အရှေ့တောင်အာရှ၌ရှိသည့် အကြီးဆုံးဆည် ငါးခုတွင် ပါဝင်သော သဖန်းဆိပ်ရေလှောင်တမံဘက်စုံစီမံကိန်းကို ၁၉၉၆-၉၇ ခုနှစ်တွင် စတင်တည်ဆောက်အကောင်အထည်ဖော်ခဲ့ရာ ၂၀၀၁ခုနှစ် ဧပြီလ ၁၇ရက်တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် အောင်မြင်စွာဖွင့်လှစ်ပေးနိုင်ခဲ့သည်။

သဖန်းဆိပ်ရေလှောင်တမံမှာဘက်စုံစီမံကိန်းတစ်ခုဖြစ်ပြီး သဖန်းဆိပ်ရေလှောင်တမံစီမံကိန်းအဖြစ်ပေါ်ထွက်မလာမီ လိုအပ်သောလေ့လာတိုင်းတာဖော်ထုတ်သည်မှာ နှစ်ပေါင်း ၄၀ကျော် ခန့်ကြာမြင့်ခဲ့သည်။ သို့သော်အကြောင်းကြောင်းကြောင့် စီမံကိန်းကြီးကို လက်တွေ့အကောင်အထည်ဖော် တည်ဆောက်နိုင်ခြင်းမရှိခဲ့ဘဲ တပ်မတော်အစိုးရလက်ထက်တွင် ဒေသနေပြည်သူများ၏ လူမှုရေးမြင့်မားရေးအတွက် မဖြစ်မနေ ဆောင်ရွက်မည်ဟူသော သန္နိဋ္ဌာန်ဖြင့် နှစ် ၄၀ကျော် အိပ်မက်တစ်ခုကို လက်တွေ့အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

ရေအားလျှပ်စစ်

သဖန်းဆိပ်ရေလှောင်တမံ ဘက်စုံစီမံကိန်းတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ပူးတွဲတည်ဆောက်ထားပြီး တာဘိုင်စက်သုံးလုံးပါဝင်တည်ဆောက်၍ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၃၀ ကို ထုတ်လုပ်ဖြန့်ဖြူးပေးသည်။ သဖန်းဆိပ်ရေလှောင်တမံမှ တစ်နှစ်လျှင် ကီလိုဝပ်နာရီသန်းပေါင်း ၁၁၇ ဒသမ ၂ သန်း ထုတ်လုပ်ပေးလျက်ရှိသည်။

သဖန်းဆိပ် ရေလှောင်တမံကြီးတွင် ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၂၈၈၀၀၀၀ ရေလှောင်ပြီး ကန်ရေသေရေလှောင်ပမာဏ ဧကပေ ၃၇၀၀၀၀ ရှိသောကြောင့် အင်းလေးရေကန်ကြီးကဲ့သို့ ရေလှောင်အားကောင်းသော ရေလှောင်တမံကြီးတစ်ခု ဖြစ်သည်။ ရေလှောင်အား ကောင်းသည့်အလျောက် သဖန်းဆိပ်ရေလှောင်တမံ၏အလျားမှာ ၂၂၅၈၇ ပေ ရှိသည်။ သဖန်းဆိပ်ရေလှောင်တမံကြီး၏ တမံအမျိုးအစားမှာ မြေသားတမံဖြစ်၍ ရေဆင်းဧရိယာမှာ စတုရန်းမိုင် ၃၄၆၀ ရှိပြီး ကျပ်သန်းပေါင်းထောင်ချီပြီး ကုန်ကျသော စီမံကိန်းကို မြန်မာအင်ဂျင်နီယာများ၊ မြန်မာအတတ်ပညာရှင်များ ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်ဒူးကိုယ်ချွန်စိတ်ဓာတ် အရင်းခံ၍ အောင်မြင်စွာ တည်ဆောက်ပြီးစီးခဲ့ခြင်းဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းအရ ရေအားလျှပ်စစ်ထုတ်နိုင်ရန်အတွက် ရေဖိအားသွင်းမည့် ဥမင်လိုဏ်ခေါင်းကို ဆည်မြောင်းဦးစီးဌာနက တာဝန်ယူတည်ဆောက်ပေးခဲ့ပြီး အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေသည်ကို ၆-၅-၂၀၀၃ရက်က အောက်ပါအတိုင်း တွေ့ရှိခဲ့ရသည်။

မုန်းချောင်းတမံရေအားလျှပ်စစ်မှ တာဘိုင်တပ်ဆင်အား ၂၅ မဂ္ဂါဝပ် စက်သုံးလုံးဖြင့် နှစ်စဉ် ရေအားလျှပ်စစ်နာရီသန်းပေါင်း ကီလိုဝပ် ၃၃၀ ကို ထုတ်လုပ်ဖြန့်ဖြူးမည်ဖြစ်သည်။ မုန်းချောင်းရေအားလျှပ်စစ် ထုတ်လုပ်ပြီးနောက် ချောက်မြို့မဟာဓာတ်အားလိုင်းမှ တစ်ဆင့်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ရန် ကေဗွီလိုင်း ၆၁ မိုင်ကို ဆောက်လုပ်တပ်ဆင်ပြီးစီးပြီဖြစ်သည်။ ယင်းစီမံကိန်းအတွက် ခန့်မှန်းကုန်ကျငွေ ပြည်တွင်းသုံးငွေ ကျပ် ၃၃၇၈ ဒသမ ၈ သန်းနှင့် နိုင်ငံခြားငွေ ဒေါ်လာ ၃၂ သန်း ကုန်ကျမည်ဖြစ်သည်။

ဓာတ်ပုံမှတ်တမ်းတင်-သွင်အေး(ကြေးမုံ)

နိဗ္ဗာန်ရောက်ကြောင်းတရားဟောကြားမည်

ရန်ကုန် ဇူလိုင် ၄

အဓိဋ္ဌာန်စေတီတစ်ထောင်ကျော် ပရိတ်ချည်မျှင်မေတ္တာပရိတ်ရေဆရာတော် သျှင်အာဒိစ္စဆရာတော်ကြီး၏ ဝိဇာတမွေးနေ့အလှူမင်္ဂလာကို ဆရာတော်ကြီးနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့က ဇူလိုင် ၆ရက် နံနက် ၈နာရီတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပုလဲ (၃)ရပ်ကွက် မြစပယ်လမ်း ရန်ပြေအေး သာသနာ့ဗိမာန် ရွှေကျောင်းဓမ္မရိပ်သာကျောင်းကြီး၌ ကျင်းပမည်ဖြစ်သည်။ ဆရာတော်ကြီးက မွန်းလွဲ ၁နာရီတွင် "သစ္စာလေးလီခိုင်နှင်းဆီ မီအောင်တက်လှမ်း နိဗ္ဗာန်လမ်း" နိဗ္ဗာန်ရောက်ကြောင်းတရားတော်နှင့် ရေစက်ချအနုမောဒနာတရားတော်ကို ဟောကြားချီးမြှင့်မည်ဖြစ်သည်။ (က-ပ)

သုဝဏ္ဏမြို့ မိုးကုတ်ဝိပဿနာ ၁၀ ရက်စခန်းပွဲ

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ ကောက်လျင်လမ်းရှိ မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ(၄၈) ဓမ္မရိပ်သာကြီး၌ (၈၇)ကြိမ်မြောက် ၁၀ ရက် စခန်းပွဲကို ဇူလိုင် ၁၉ရက်မှ ၂၈ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းစခန်းပွဲတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ၊ ရွှေနံ့သာအရှင်ဉာဏောဘာသနှင့်ဆရာဦးသန့်ဇင်(အဖွဲ့ချုပ်)တို့က ဟောကြားပြသမည်ဖြစ်သည်။

တရားစခန်းဝင်မည့် ယောဂီများသည် ဇူလိုင် ၁၈ရက် ညနေ ၅နာရီ အရောက်ကြွရောက်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။ (က-ပ)

တံခွန်တိုင်တောရကျောင်းတိုက် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၄

သာကေတမြို့နယ် (၁၀)တောင် (၁၂)ရပ်ကွက် တံခွန်တိုင်တောရကျောင်းတိုက် နိုင်ငံတော်ဓမ္မာစရိယ အောင်စေတီဆရာတော်ကြီး၏ တပည့်ဒါယကာများနှင့် စနေအဓိဋ္ဌာန်အဖွဲ့မှ ကြီးမှူးလျက် ၁၃၆၅ခုနှစ် ဝါဆိုလပြည့် (ဗုဒ္ဓဟူးနေ့) အခါသမယတွင် ကျောင်းတိုက်တွင်း ဝါဆိုဝါကပ်တော်မူသော သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ၁၃၆၅ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ရက်(ဇူလိုင်၂၃ရက်)တွင် ကျရောက်သော ဆရာတော်ကြီး၏ (၇၄)နှစ်မြောက် မွေးနေ့မင်္ဂလာပူဇော်ပွဲ၌ ပင့်သံဃာ ၇၄ပါးတို့အား နေ့ဆွမ်းဆက်ကပ်ပြီး တစ်ပါးလျှင် စီဝိုင်စီသင်္ကန်းတစ်စုံ၊ ဝတ္ထုငွေကျပ် သုံးထောင်စသည့် လှူဖွယ်ဝတ္ထုများဖြင့် ဆက်ကပ်ပူဇော်ကြမည်ဖြစ်၍ တပည့်ဒါယကာများ ပူဇော်ပွဲသို့ ကြွရောက်ကြရန်နှင့် လှူဒါန်းလိုသူများ ဖုန်း-၇၂၀၇၇၃သို့ ကြိုတင်ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရသည်။ (က-ပ)

တရားအလှူပေးဝေမည်

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်မြို့ ကျောက်မြောင်း ဒဂုံသီရိလမ်း အမှတ် (၅၃) Family Video Rental ဆိုင်၌ ဖွင့်လှစ်ထားသော အဝိဇ္ဇာမှ ဝိဇ္ဇာသို့ တရားအလှူတော်လုပ်ငန်း ဆိုင်ခွဲ(၄)တွင် သစ္စာတရားခွေများနှင့် တရားစာအုပ်များ အခမဲ့ ငှားရမ်းခြင်းကို ဆောင်ရွက်ပေးမည်ဖြစ်ရာ မည်သူမဆို ဆက်သွယ်ငှားရမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

ယနေ့မြန်မာ စာအုပ်ထွက်ပြီ

ရန်ကုန် ဇူလိုင် ၄

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြုစုပြီး ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသော "ယနေ့မြန်မာအတွဲ(၆) အမှတ်(၁)" စာအုပ်ကို ယနေ့မှစ၍ စာအုပ်ဆိုင်များတွင် စတင်ရောင်းချနေပြီဖြစ်သည်။

ဤစာအုပ်တွင် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ပြည်တွင်း၊ပြည်ပ ခရီးစဉ်များ၊ ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီ သီရိဒုံ၏ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ်ခရီး၊ မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား သဘောတူညီချက်နှစ်ရပ် လက်မှတ်ရေးထိုးခြင်း၊ မြန်မာ–ဗီယက်နမ် ချစ်ကြည်မှုအစွန့်ရှည်ရေး၊ ပန်းတိုင်သစ် စီမံကိန်း၊ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးသို့ လှူဒါန်းသည့် ဆွမ်းသပိတ်တော်ကြီး၊ တတိယမြောက် ဆင်ဖြူရတနာ ရတီမာလာ စသည်ဖြင့် မြန်မာနိုင်ငံအကြောင်း သိကောင်းစရာများကို ရောင်စုံဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည်။ **(ဓါပုံ)**

"ယနေ့မြန်မာ"စာအုပ်ကိုကုန်သည်လမ်း စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)နှင့် ခရိုင်ရုံးများ၊ မြို့နယ်ရုံးများတွင် ယနေ့မှစ၍ ဝယ်ယူရရှိနိုင်သည်။ (သတင်းစဉ်)

ဝယ်သူ့စိတ်ကြိုက်ဂျာနယ် အတွဲ(၄)၊ အမှတ်(၅)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၄

မြန်မာနေရောင်ခြည် ဝန်ဆောင်မှုကုမ္ပဏီလီမိတက်မှ ထုတ်ဝေ၍ အယ်ဒီတာချုပ် နွယ်ဦးလှိုင် စီစဉ်တည်းဖြတ်သော ဝယ်သူ့စိတ်ကြိုက်ဂျာနယ် အတွဲ(၄)၊ အမှတ်(၅)ကို ယနေ့ဖြန့်ချိထားသည်။

အဆိုပါဂျာနယ်၌ ယနေ့ ကားပေါက်ဈေး ကားအကြောင်း အပါအဝင် မြန်မာပြည် ဆိုင်ကယ်ပစ္စည်း ဈေးကွက်အကြောင်း၊ အိမ်မွေးတိရစ္ဆာန်တွေကို ဘယ်လိုလေ့ကျင့် ပြုစုစောင့်ရှောက်မလဲ၊ မင်္ဂလာသတို့သမီးကို ဘယ်လို ဆင်ယင်ထုံးဖွဲ့ကြမလဲ၊ အခြေမယိုင် ခွေကိုင်ခဲ့ကြသော စာနယ်ဇင်းလောကမှ ဆရာများ၊ သက်တမ်း ၁၀၀ ပြည့် ဟာလေဒေးဗစ်ဆင် စသော ဗဟုသုတ ဖြစ်ဖွယ်ရာများနှင့် ကားရောင်း၊ကားဝယ်များအတွက် ဝေဒဟောကိန်း၊ မြန်မာပြည်တွင်းဈေးကွက် စီးပွားရေးသတင်းများနှင့် ပြည်တွင်း၊ပြည်ပမှ နောက်ဆုံးရရှိသော သတင်းများပါဝင်ပြီး အမှတ်(၂၇/၂၈)သီရိမွန်လမ်း သီရိမွန်ပလာဇာ မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့က တစ်ပြည်လုံးသို့ ဖြန့်ချိသည်။(က–ပ)

(၅၅)နှစ်မြောက် မင်္ဂလာဆုတောင်း

အနန္တကျေးဇူးရှင် ချစ်ဖေဖေ ဦးစောခင်မောင် (ဗိုလ်မှူး–ငြိမ်း)နှင့် ချစ်မေမေ ဒေါ်ခင်စန်းတို့၏ ၅–၇–၂၀၀၃ ရက်နေ့တွင် ကျရောက်သော နှစ်ပတ်လည် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သားသမီး၊ ချစ်မြေးများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေ–

ချစ်သားသမီးများ– ဦးကိုကိုကြီး
ဗိုလ်မှူးကြီးသိန်းဆွေ–ဒေါ်ခင်မာဦး
ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကြွယ်–ဒေါ်ခင်ဆန်းရည်
ဦးဇော်ဟိန်း–ဒေါ်နွယ်နွယ်အောင်
ဒေါ်ခင်လတ်
ဗိုလ်မှူးချုပ် တင်ထွန်းအောင်–ဒေါ်ခင်သက်

ချစ်မြေးများ– ကိုတိုး၊ မသိမ့်၊ ကိုနိုင်၊ ထက်ထက်၊ မမြတ်၊ ကိုတူး၊ လုံးလုံး၊ ကိုထက်၊ ကိုရဲ၊ ကိုဖြိုး၊ ပေါက်စ၊ သဲစု၊ ပုံ့ပုံ့၊ ဗညား။



ချစ်နိုင်(စိတ်ပညာ)၏ စာအုပ်ထွက်ရှိ

ရန်ကုန် ဇူလိုင် ၄

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်(ချစ်နိုင်–စိတ်ပညာ)ရေးသားသော "သင်၏ မိုးကုတ်စက်ဝိုင်းကို ချဲ့ထွင်ဖို့ရာ"စာအုပ်ကို ပါရမီစာပေက ထုတ်ဝေလိုက်သည်။ **(အပေါ်ပုံ)**

အဆိုပါစာအုပ်တွင် စာကြည့်တိုက်များ ထွန်းကားပြန့်ပွားရေး၊ ကျေးလက်အရောက် စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေး၊ အမြဲတမ်း ဖတ်မှတ်လေ့လာနေသောနိုင်ငံဖြစ်ရေး စသောအကြောင်းအချက်များနှင့် ဗဟုသုတရဖွယ်များ စုံလင်စွာ ပါရှိသည်။ (က–ပ)

ယာဉ်ထိန်းရဲတပ်ဖွဲ့၏ဂုဏ်ကိုအလုပ်ဖြင့်မြှင့်တင် တပ်ဖွဲ့လုပ်ငန်းဆိုင်ရာများ ရဲချုပ် တွေ့ဆုံမှာကြား

ရန်ကုန် ဇူလိုင် ၄

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီသည် ယမန်နေ့ ညနေ ၄ နာရီခွဲတွင် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင် မိသားစုများအား တွေ့ဆုံ၍ တပ်ဖွဲ့လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။ **(အောက်ပုံ)**

ရဲချုပ်က အမှာစကားပြောကြားရာ၌ တပ်ဖွဲ့ဝင်များသည် နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်ကို မမိုတ်မသုန် အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ စွမ်းရည်လေးရပ်၊ စံငါးရပ်ဖြင့်ပြည့်မီအောင်ဆောင်ရွက်ရေး၊နိုင်ငံချစ်စိတ်၊ အမျိုးချစ်စိတ်ပြည့်ဝရေး၊ တပ်ဖွဲ့ဝင်အချင်းချင်း စည်းလုံးညီညွှတ်ရေး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၏ဂုဏ်ကို အလုပ်ဖြင့်မြှင့်တင်ကြရန် တိုက်တွန်းပြောကြားသည်။ (သတင်းစဉ်)



မြန်မာ–ဂျပန် ချစ်ကြည်ရေး ခြေစမ်းဘောလုံးပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၄

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် ဂျပန်ဘောလုံးအဖွဲ့ချုပ် လက်ရွေးစင် ဘောလုံးအသင်းတို့ ချစ်ကြည်ရေး ခြေစမ်းဘောလုံးပြိုင်ပွဲကို ဇူလိုင် ၆ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲအတွက် လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း အထူးတန်း ဂိတ်ဝင်ကြေးငွေကျပ် ၅၀၀နှင့် ရိုးရိုးတန်းငွေကျပ် ၂၀၀ သတ်မှတ်ထားကြောင်းနှင့် ချစ်ကြည်ရေးပွဲစဉ် တစ်ပွဲတည်းသာ ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

ဇူလိုင် ၄ရက်က မြောက်ဥက္ကလာပမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနတွင် ဝန်ထမ်းသားသမီး ၂၁ဦးတို့အတွက် ပညာသင်ထောက်ပံ့ ကြေးငွေ ပေးအပ်ပွဲကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးလှိုင်ဌေးက ဝန်ထမ်းသားသမီးများအတွက် ထောက်ပံ့ကြေးငွေများကို လက်ထောက်မြို့နယ် ဦးစီးမှူး ဦးသောင်းထွဋ်ဦးသို့ ပေးအပ်စဉ်။ (က–ပ)

အမျိုးသားငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု

(၅–၇–၂၀၀၃ မှ ၁၁–၇–၂၀၀၃) ထိ

ငှက်ဖျားရောဂါသည် ပုံမှန်အားဖြင့် တောတောင်ထူထပ်သောဒေသနှင့် ကမ်းရိုးတန်းဒေသများတွင် ပိုမိုဖြစ်ပွားလေ့ရှိပါသည်။ သို့ရာတွင် ငှက်ဖျားရောဂါ ဖြစ်ပွားမှုနည်းပါးသော မြေပြန့်ဒေသများတွင် ငှက်ဖျားပိုးသယ်ဆောင်သည့် ခြင်ပေါက်ပွားပါက ယင်းဒေသတွင် ကပ်ရောဂါအသွင် ကူးစက်ပြန့်ပွား၍ ပြင်းထန်သော ငှက်ဖျားရောဂါဖြစ်ပွားကာ အသက်သေဆုံးနိုင်ပါသည်။

ထို့ကြောင့် ငှက်ဖျားရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ အမြန်ဆုံးသွားရောက်ကုသမှု ခံယူပါ။ **ကျန်းမာရေးဝန်ကြီးဌာန။**

နိုင်ငံတော်အတွက် အမျိုးသမီးထုက တစ်တပ်တစ်အား ပါဝင်စွမ်းဆောင်ကြ ကျေးလက်နေ အမျိုးသမီးများထံသို့ ဟောပြောပွဲကွင်းဆင်းခရီး

သတင်းဆောင်းပါး
မော်ကျွန်းမြင့်အောင် (ပြန်/ဆက်)
ဓာတ်ပုံ-ရွှေအောင်စိုး

ရန်ကုန် ဇူလိုင် ၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့်ကလေးများ၏ ကျန်းမာရေးနှင့် လူမှုရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ဖွဲ့စည်းဆောင်ရွက်ထားခြင်းဖြစ်ပေရာ ရည်ရွယ်ချက်လုပ်ငန်းများ ပေါက်မြောက်အောင်မြင်စေရန်အတွက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ကော်မတီဝင်များသည် မြန်မာနိုင်ငံ တစ်နံတစ်လျားရှိ တိုင်းနှင့်ပြည်နယ်၊ မြို့၊ ရွာများသို့ကွင်းဆင်းပြီး အသင်း၏လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်လျက် ရှိနေပြီဖြစ်သည်။

ထိုနည်းတူစွာပင် မြန်မာနိုင်ငံတစ်ဝန်းရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများသည်လည်း မိမိဒေသနယ်မြေရှိ မိခင်နှင့်ကလေးများ၏ ကျန်းမာရေးနှင့် လူမှုရေး တိုးတက် မြင့်မားလာစေရန်အတွက် မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းကာ ဒေသခံ မိခင်နှင့်ကလေးများနှင့် ရင်းနှီးစွာတွေ့ဆုံခြင်း၊ ပံ့ပိုးကူညီခြင်း၊ ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခြင်း၊ ဖြည့်ဆည်းအားပေးခြင်းနှင့် ပေါင်းစပ်ခြင်းလုပ်ငန်းများကို ဟန်ချက်ညီညီ ကြိုးပမ်းရွက်ဆောင်လျက် ရှိနေကြပြီဖြစ်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ကြရာတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများသည် အခြေခံကျသော ကျေးလက်ဒေသများသို့ ကွင်းဆင်းကာ ကျေးလက်နေ မိခင်နှင့်ကလေးများအား တွေ့ဆုံပြီး အမျိုးသမီးကဏ္ဍအကြောင်း သိကောင်းစရာ၊ လူကုန်ကူးမှုနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ကျင်းပကာ ကျေးလက်နေ အမျိုးသမီးများနှင့် ရင်းနှီးပွင့်လင်းဖော်ရွေစွာ စကားဝိုင်းဖွဲ့ခဲ့ကြသည်။

ကျေးလက်နေ အမျိုးသမီးများမှာ မိမိတို့ ကျေးရွာများသို့ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကော်မတီဝင်များ လာရောက်ကြမည့်ရက်ကို စောင့်မျှော်နေကြသည်။ ကွင်းဆင်းလာရောက်တော့မည်ဟု ကြားသိရသောအခါ ဝမ်းသာပျော်ရွှင်နေကြသည်။ အဘယ်ကြောင့်ဆိုသော် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အစ်မကြီးများကို ငယ်ရွယ်သူ ကျေးလက်နေအမျိုးသမီးငယ်များက သူတို့သိလိုသော အကြောင်းအရာများကို အမျိုးသမီးအချင်းချင်း မိသားစုအသွင် ပွင့်ပွင့်လင်းလင်း တရင်းတနှီး မေးမြန်းချင်သည်၊ ဆွေးနွေးချင်သည်၊ တိုင်ပင်ချင်သည်၊ အကြံဉာဏ်ပေးစေချင်ကြသည်။

ဤသည်တို့မှာ သူတို့ရင်မှာဖြစ်ပေါ်နေသော ဆန္ဒများဖြစ်ကြသည်။ ကျေးလက်နေ အမျိုးသမီးများ၏ ဆန္ဒနှင့် လိုအင်ပြည့်စုံစေရန်အတွက် မော်လမြိုင်ကျွန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ကွင်းဆင်း အစီအစဉ်အရ ၂၀၀၃ ခုနှစ် မတ်လ ၂၄ ရက်နေ့က ဒွန်းတဘက်ကျေးရွာသို့ ကွင်းဆင်းခရီးစကြသည်။ နံနက် ၇ နာရီတွင် မော်လမြိုင်ကျွန်းမြို့ အသင့်ရေယာဉ် ဆိပ်ကမ်းတံတားမှ ပဲ့ထောင်ရေယာဉ် စတင်ထွက်ခွာသည်။ နံနက်ခင်းတွင် တုံးလှဲချောင်းမြစ်ကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးကလေးများနှင့် ထိတွေ့ဆက်ဆံခွင့်ရသဖြင့် ချမ်းစိမ့်စိမ့်အရသာကို ခံစားမိကြသည်။

ပဲ့ထောင်ရေယာဉ်ပေါ်တွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယက ဒေါ်ခင်စန်းရီနှင့် ဒေါ်စီစီ၊ အသင်းဥက္ကဋ္ဌ ဒေါ်အေးသန်းနှင့် ကော်မတီဝင်များ လိုက်ပါလာကြသည်။ စာရေးသူနှင့်အတူ ဓာတ်ပုံ ရွှေအောင်စိုးလည်း ဓာတ်ပုံမှတ်တမ်းတင်ရန် လိုက်ပါလာသည်။

ရှေးဦးစွာ ဒွန်းတဘက်ဆရာတော်အား ဖူးမြော်ကန်တော့ကြပြီး ဒွန်းတဘက်ကျေးရွာတွင် တရားစခန်းဝင်နေကြသော ယောဂီအမျိုးသမီးများအား မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကော်မတီဝင်များက တစ်နေ့တာ စားစရိတ်ကျပ်လေးသောင်း လှူဒါန်းခဲ့ကြသည်။ ဓာတ်ပုံ ရွှေအောင်စိုးက ဓာတ်ပုံဖြင့် မှတ်တမ်းတင်နေသည်။

နံနက် ၁၀ နာရီတွင် အမျိုးသမီးကဏ္ဍသိကောင်းစရာ၊ လူကုန်ကူးမှုအကြောင်းနှင့် အမျိုးသမီးများအား ကျန်းမာရေး အသိပညာပေး ဟောပြောပွဲကို ဒွန်းတဘက်ကျေးရွာ မူလတန်းကျောင်းတွင် စတင်ကျင်းပသည်။ ဒွန်းတဘက်ကျေးရွာ အုပ်စုအတွင်းရှိ ငယ်ရွယ်သူ အမျိုးသမီးငယ်များ၊ အမျိုးသမီးကြီးများ စုံစုံညီညီ တက်ရောက်ကြသည်။ ကျောင်းခန်းမကြီးတစ်ခုလုံး ပြည့်လျှံနေသည်။

ဟောပြောပွဲတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယက ဒေါ်ခင်စန်းရီက အမျိုးသမီးများတွင် ဖြစ်ပွားတတ်သော ကင်ဆာရောဂါအကြောင်း သိကောင်းစရာများကို ရုပ်ပုံကားချပ်များဖြင့်လည်းကောင်း၊ အသင်းနာယက ဒေါ်စီစီက ငယ်ရွယ်သူ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ အသင်းဥက္ကဋ္ဌ ဒေါ်အေးသန်းက အမျိုးသမီးနှင့် ကလေးငယ်များကို လူပွဲစားများက လူကုန်ကူးခြင်းအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ကော်မတီဝင် ဒေါ်လှိုင်လေးလွင်က မီးဖိုဆောင်မှ ဆေးစွမ်းကောင်းများအကြောင်း သိကောင်းစရာများကိုလည်းကောင်း ဟောပြောကြသည်။ ဟောပြောပွဲမှာ သူ့ကဏ္ဍနှင့်သူ မြိုင်ဆိုင်လှသည်။ အကြောင်းအရာ စုံလင်လှသည်။

ဟောပြောပွဲအပြီးတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကော်မတီဝင်များနှင့် ဒွန်းတဘက်ကျေးရွာ အမျိုးသမီးများ တရင်းတနှီး စကားဝိုင်းဖွဲ့ ဆွေးနွေးကြရာတွင် လူကုန်ကူးခြင်းအကြောင်းကို ထပ်မံရှင်းလင်းဟောပြောပေးပါရန် ဒွန်းတဘက်ကျေးရွာ အမျိုးသမီးများက တောင်းဆိုကြသည်။

မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးသန်းက ရှင်းပြရာတွင် လူကုန်ကူးခြင်းဆိုသည်မှာ လူပွဲစားများက မိမိရပ်ကွက်၊ ကျေးရွာနယ်မြေများအတွင်းသို့ ထိုးဖောက်လာရောက်ပြီး အနီးကပ်နေထိုင်၍ အမျိုးသမီးများနှင့် ကလေးငယ်များအား ငွေကြေးမက်လုံးပေးပြီး အခွင့်အရေးများ ခံစားရမည်ဟု ဖြားယောင်းသွေးဆောင်စည်းရုံးတတ်ကြောင်း၊ အယုံလွယ်သူများမှာ ငွေကြေးနောက်သို့ လိုက်ပါကြပြီး လူပွဲစားများ၏ လက်တွင်းသို့ သက်ဆင်းကျရောက်နိုင်ကြောင်း၊ လူပွဲစားများသည် သူတို့ထံရောက်လာသော အမျိုးသမီးများနှင့် ကလေးငယ်များကို ပြည်ပနိုင်ငံများသို့ ရောင်းစားကြောင်း၊ ပြည်ပသို့ ရောင်းစားခံရသူများမှာ ပြည်ပတွင် ဒုက္ခကြီးစွာတွေ့ရကြောင်း၊ ငွေဝယ်ကျွန်ဘဝ ကျရောက်သွားရကြောင်း၊ သူတို့ခိုင်းသမျှ လုပ်ချင်သည်ဖြစ်စေ၊ မလုပ်ချင်သည်ဖြစ်စေ လုပ်ကိုင်ပေးရကြောင်း၊ မကောင်းသော လုပ်ငန်းတွေမှာလည်း ခိုင်းလျှင်ငြင်း၍မရဘဲ လုပ်ရကြောင်း၊ မကောင်းသော လုပ်ငန်းများတွင် လုပ်ကိုင်ရသောဆိုးကျိုး အကျိုးဆက်ကြောင့် HIV နှင့် AIDS ရောဂါများရရှိပြီး နောက်ဆုံးတွင် ဘဝပျက်စီးကြရကြောင်း ပြောကြားသည်။ မိမိတို့ နယ်မြေတွင် လူပွဲစားများ ရောက်ရှိလာပါက သက်ဆိုင်ရာသို့ အမြန်သတင်းပေးကြရန်နှင့် သက်ဆိုင်ရာကလည်း လူကုန်ကူးခြင်းကို ဖော်ထုတ်အရေးယူပြီး ထိရောက်သော ပြစ်ဒဏ်များ ချမှတ်လျက်ရှိကြောင်း ထပ်ဆင့်ရှင်းလင်းဆွေးနွေး ပြောကြားသွားပေသည်။

မော်လမြိုင်ကျွန်းမြို့နယ် ဒွန်းတဘက်ကျေးရွာ မူလတန်းကျောင်းတွင် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးသန်းက လူပွဲစားများ၏ လူကုန်ကူးခြင်းအကြောင်း ဆွေးနွေး ဟောပြောစဉ်။ (ဓာတ်ပုံ-ရွှေအောင်စိုး)

ဟောပြောပွဲပြီးတော့ မွန်းလွဲ ၁ နာရီရှိပြီ။ ဒွန်းတဘက်မှသည် ဘုရားကြီးကုန်းကျေးရွာအုပ်စု (ခနုံးချောင်း)ဆီသို့ ဟောပြောပွဲ ခရီးဆက်ကြသည်။ ခနုံးချောင်းကျေးရွာ အလယ်တန်းကျောင်းခန်းမတွင် ဟောပြောပွဲကို ကျင်းပသည်။ ဘုရားကြီးကုန်းကျေးရွာအုပ်စု မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ ကော်မတီဝင်များက ကျောင်းဆိပ်ကမ်းတံတားမှ ဆီးကြိုနှုတ်ဆက်ကြသည်။ သူတို့ ကျေးရွာသို့ ကွင်းဆင်းလာရောက်သဖြင့် အားရဝမ်းသာဖြစ်နေကြသည်။ ကျေးရွာအုပ်စုလုံးကျွတ် အမျိုးသမီးများမှာ ခနုံးချောင်း ကျောင်းခန်းမကြီးအတွင်း နေရာယူထားကြသည်။ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကော်မတီဝင်များကလည်း အမျိုးသမီးများ စုံစုံညီညီ တက်ရောက်နေ၍ အားရရွှင်လန်း ဝမ်းသာနေကြသည်။

ခန်းမအတွင်းသို့အရောက်တွင် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယကဒေါ်ခင်စန်းရီက ကျွန်မတို့အဖွဲ့ အခုလာတာဟာ ကွဲကွာနေတဲ့ ကိုယ့်အမျိုးအစ်မတွေ၊ ညီမတွေဆီကို လာတယ်လို့ပဲ မှတ်ယူကြပါ။ မိသားစုအသွင် စကားဝိုင်းဖွဲ့ ဆွေးနွေးကြရအောင် အားလုံးကျွန်မအနားမှာပဲ ဝိုင်းဖွဲ့ထိုင်ကြတာပေါ့နော်ဟု ဆိုသည်။ မိသားစုအသွင် စကားဝိုင်းကစည်ကားစိုပြည်လှသည်။ အမျိုးသမီးကဏ္ဍအကြောင်း၊ လူကုန်ကူးခြင်းနှင့် အမျိုးသမီးများအား ကျန်းမာရေး ပညာပေးခြင်းအကြောင်း သိကောင်းစရာများကို မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကော်မတီဝင်များက ဆွေးနွေးဟောပြောကြသည်။ ဘုရားကြီးကုန်းကျေးရွာအုပ်စု အမျိုးသမီးများ၏ မေးမြန်းချက်များကိုလည်း ပြန်လည်ဖြေကြားပေးကြသည်။ မိသားစုအသွင် ဆွေးနွေးဟောပြောပွဲမှာ ညနေ ၄ နာရီတွင် ပြီးစီးသွားသည်။

ခနုံးချောင်းပြီးတော့ ဒုတိယခြေလှမ်းအဖြစ် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကော်မတီဝင်များသည် ကျေးရွာများသို့ ကွင်းဆင်းဟောပြောပွဲ အစီအစဉ်အရ ၂၀၀၃ ခုနှစ် ဧပြီလ ၈ ရက်နေ့က ကျွန်းကြီးကျေးရွာနှင့် ရာဇုတိုင်ကျေးရွာများသို့ ထပ်မံကွင်းဆင်း ခရီးဆန့်ခဲ့ကြသည်။ ဟောပြောပွဲတွင် အမျိုးသမီးကဏ္ဍအကြောင်း၊ လူကုန်ကူးမှုအကြောင်းနှင့် အမျိုးသမီးများ ကျန်းမာရေး အသိပညာပေးအကြောင်း မိသားစုအသွင် စကားဝိုင်းဖွဲ့ ဆွေးနွေးဟောပြောပွဲများ ကျင်းပခဲ့သည်။

အထူးပြုတင်ပြရလျှင် ကျေးလက်နေအမျိုးသမီးများ၏ ကျန်းမာရေးနှင့် လူမှုရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရန်အတွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အဆင့်ဆင့်တို့က ကျေးရွာအရောက် ကွင်းဆင်းဆွေးနွေးခရီးများသည် စွမ်းအားကြီးမားသည့် အမျိုးသမီးများ၏ အခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးပြုလျက်ရှိပေရာ မိသားစုကိုအခြေခံသည့် ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် မြန်မာလူ့ဘောင်တစ်ရပ်လုံး ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်အတွက် အမျိုးသမီးထုက တစ်တပ်တစ်အား ပါဝင်အကျိုးပြုစွမ်းဆောင်ကြပါစို့ဟုသာ လေးနက်စွာ ဆန္ဒပြုရေးသားဖော်ပြလိုက်ရပါသတည်း။ ။

မော်လမြိုင်ကျွန်းမြို့နယ်ဘုရားကြီးကုန်း (ခနုံးချောင်း) ကျေးရွာအလယ်တန်းကျောင်းတွင် မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း နာယက ဒေါ်ခင်စန်းရီက အမျိုးသမီးများတွင် ဖြစ်ပွားတတ်သော ကင်ဆာရောဂါအကြောင်း ဆွေးနွေးဟောပြောစဉ်။ (ဓာတ်ပုံ-ရွှေအောင်စိုး)

ဒွန်းတဘက်ကျေးရွာ တရားစခန်းဝင်ယောဂီများအတွက် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းက တစ်နေ့တာစားစရိတ် လှူဒါန်းပြီးနောက် ယောဂီများ ထမင်းသုံးဆောင်နေသည်ကို လှည့်လည်ကြည့်ရှုအားပေးစဉ်။ (ဓာတ်ပုံ-ရွှေအောင်စိုး)

နယ်လှည့်စာကြည့်တိုက် တံတားဦးတွင်ဖွင့်လှစ်

တံတားဦး ဇွန် ၂၉

တံတားဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဇွန်၂၄ရက် နံနက်၁၀ နာရီက ကူးတို့ဆိပ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစိန်မြနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြသောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ နယ်လှည့်စာကြည့်တိုက် ဖွင့်ပွဲတွင် မြို့နယ်ပြန်/ဆက်ဦးစီးဌာနသို့ အလှူရှင် တောင်တလုံးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ဝင်းမိသားစုက အလှူငွေကျပ်၅၀၀၀ ပေးအပ်လှူဒါန်းသည်။

(မြို့နယ်ပြန်/ဆက်)

ဒိုးပင်အောင်ကံသာ ပရဟိတဂေဟာသို့ ဆန်၊ ဆီ၊ ဆား၊ ဆပ်ပြာနှင့် အဝတ်အထည်လှူဒါန်း

ပြင်ဦးလွင် ဇူလိုင် ၁

စင်ကာပူနိုင်ငံသို့ တရားဝင် အလုပ်သွားရောက် လုပ်ကိုင်နေကြသော မြတ်နိုးပီတိ မိသားစုများက စာရေးဆရာချစ်စံဝင်းမှတစ်ဆင့် မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် ကံကြီးကုန်းကျေးရွာအုပ်စုရှိ ဒိုးပင်အောင်ကံသာ ပရဟိတဂေဟာသို့ ဆန်၊ ဆီ၊ ဆား၊ ဆပ်ပြာ၊ အဝတ်အထည်နှင့် အလှူငွေ စုစုပေါင်း ကျပ်ခုနစ်သိန်းဖိုးလှူဒါန်းပွဲ အခမ်းအနားကို ဇွန်၂၅ရက် နံနက် ၁၁ နာရီက ဒိုးပင်အောင်ကံသာ ပရဟိတဂေဟာတွင် ကျင်းပသည်။ **(ဝဲပုံ)**

အခမ်းအနားသို့ ပရဟိတဂေဟာ နာယကဆရာတော် ဘဒ္ဒန္တပဏ္ဍဝနှင့် ပရဟိတဂေဟာအဖွဲ့ဝင်လူကြီးများဖြစ်ကြသော ဦးသြစိဏ္ဏ၊ ဦးသာလူ၊ ဦးကျော်ထွန်း၊ ဦးရွှေလှနှင့် ဦးချစ်ခင်တို့တက်ရောက်ကြသည်။

အခမ်းအနားတွင် မြတ်နိုးပီတိမိသားစုဝင်များကိုယ်စား စာရေးဆရာချစ်စံဝင်းက လှူဒါန်းရခြင်းအကြောင်းကိုပြောကြား၍ နာယကဆရာတော်နှင့် ဦးသြစိဏ္ဏတို့က ကျေးဇူးတင်စကားပြောကြားသည်။ ဒိုးပင်အောင်ကံသာ ပရဟိတဂေဟာ၌ ခိုကိုးသူ လူငယ် ၃၀၀ ကျော်ရှိကြောင်း သိရသည်။ **(က-ပ)**

ဇွန် ၂၇ရက်က မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို တွံတေးမြို့နယ် အမျိုးသမီးစောင့်ရှောက်ရေးစခန်း အဝင်လမ်း၌ ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ခင်မောင်ထွေး၊ တွံတေးမြို့နယ် စည်ပင်အမှုဆောင်အရာရှိ ဦးမောင်မောင်ဝင်းနှင့် စံပြကံဘဲ့ကျေးရွာဥက္ကဋ္ဌ ဦးလှသိန်းတို့က ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (၅၂၉)

တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့ ပညာသင်စရိတ်ထောက်ပံ့

တာချီလိတ် ဇွန် ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ် ခရိုင်ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများ၏ သားသမီးများအား ၂၀၀၃-၂၀၀၄ ခုနှစ် ပညာသင်စရိတ်ထောက်ပံ့ခြင်း အခမ်းအနားကို ဇွန် ၁၄ရက်က တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်ကျော်က ကျောင်းသား၊ ကျောင်းသူ ၁၆၁ ဦးတို့အား ပညာသင်စရိတ်ထောက်ပံ့ငွေနှင့် ငွေကျပ် ၆၇၂၀၀၀တန်ဖိုးရှိဗလာစာအုပ်၊ ဘောပင်နှင့်ခဲတံများ ပေးအပ်သည်။

(အပေါ်ပုံ) (ခရိုင်ရဲတပ်ဖွဲ့)

ကျောက်ဆည်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုး

ကျောက်ဆည် ဇွန် ၂၉

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၂၁ ရက် နံနက် ၇ နာရီက မြို့ပြစီမံကိန်း ရိပ်သာ(၁) တောင်နံ့သာ လမ်းဘေးဝဲ-ယာတွင် ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်သို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး အောင်ကြည်ရှိန်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်းဦး၊ အမှုဆောင်အရာရှိဦးလေးလွင်နှင့် စည်ပင်ဝန်ထမ်းများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ငှက်ကတောင်ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပွဲတော်တွင် မန်ကျည်းနှင့် တမာပင် စုစုပေါင်းအပင် ၅၀၀ ကို စိုက်ပျိုးခဲ့သည်။ **(၂၉၉)**

ကျုံပျော် စည်ပင်သာယာ သစ်ပင်စိုက်ပျိုး

ကျုံပျော် ဇွန် ၃၀

မိုးရာသီ သစ်ပင်စိုက်ပျိုးမှု အစီအစဉ်အရ ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းအေး၊ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးတင့်ဆွေတို့ ဦးဆောင်သည့် စည်ပင်သာယာဝန်ထမ်းများသည် ရွှေနံ့သာလမ်းဘေးဝဲ-ယာတို့တွင် အရိပ်ရပင်နှင့် ပန်းအလှပင် ၇၀၀ ကျော်ကို ဇွန် ၂၈ ရက်က စုပေါင်းစိုက်ပျိုးကြသည်။ **(မြို့နယ်စည်ပင်)**

မြို့နယ်သတင်းများ

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု သစ်ပင်စိုက်ပွဲတော်ကျင်းပ

မိုးညှင်း ဇွန် ၂၈

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးညှင်းမြို့နယ် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီမှ ကြီးမှူး၍ ဇွန် ၂၁ ရက် နံနက် ၇ နာရီက အရှေ့စုရပ်၊ ပင်လုံလမ်း ဝဲ-ယာဝန်းကျင်တွင် သစ်ပင်စိုက်ပွဲတော် ကျင်းပရာ မြို့နယ် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ နာယက၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်း၊ အတွင်းရေးမှူး ဦးတင်ထွန်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့ပေါ်ငါးရပ်ကွက်မှ ရပ်ကွက်ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပွဲတော်တွင် စကြာပန်း၊ စိန်ပန်း၊ စွယ်တော်နှင့် စိန်ပန်းကြီး စုစုပေါင်း အပင် ၄၀၀ ကျော် စိုက်ပျိုးခဲ့ကြသည်။ (၄၇၉)

နမိုးနီးယားရောဂါ ပညာပေးဟောပြော

ကသာ ဇွန် ၂၅

ကသာမြို့နယ် လူမှုဖူလုံရေးအဖွဲ့ ဆေးခန်းတာဝန်ခံ ဒေါက်တာကြည်ဝင်း၊ ရုံးအဖွဲ့တာဝန်ခံ ဦးထွန်းဝင်းနှင့် အဖွဲ့သည် ဇွန် ၁၈ ရက်က ကသာမြို့နယ် ကျောက်ထုံးကြီးကျေးရွာရှိ မြန်မာ့သစ်လုပ်ငန်းပိုင် သစ်စက်သို့ သွားရောက် ၍ သစ်စက်လုပ်သားများအား ကျန်းမာရေးစစ်ဆေးကာ ဆေးဝါးကုသပေးကြသည်။

ထို့နောက် သစ်စက် စက်ရုံခန်းမတွင် သစ်စက်လုပ်သားများအား ကူးစက်မြန်ပြင်းထန်နမိုးနီးယား (အဆုတ်ရောင်) ရောဂါ ကြိုတင်ကာကွယ်ရေးကို ပညာပေးဟောပြောခဲ့သည်။ **(၄၈၄)**

မော်လမြိုင်ကျွန်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေးရွာချင်းဆက် ညောင်ပိတ်-ပီသာလမ်းပိုင်းကို အမာခံကျောက်ချောခင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးခိုင်ဇင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ဇွန် ၂၃ ရက်၌ လုပ်ငန်းပြီးစီးမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

လက်ထပ်ပြီးစီးခြင်း

စစ်တွေမြို့၊ မိဇရပ်ကွက်၊ ငပိန်လမ်း၊ အမှတ်(၂၆၆)နေ ဦးဆောညွန့်(Ex-R/O)-ဒေါ်ခင်စောသိန်း(အငြိမ်းစားပြ ငြိမ်း)တို့၏သား၊ ရန်ကုန်မြို့၊ လှိုင်မြင်းမိုရ်အိမ်ရာ၊ တိုက်(၂၁)၊ အခန်း(၂၃)နေ

မောင်ကျော်မြင့်ဦး B.A(History)

(ဓာတ္တ- Tokyo Japan)

နှင့်

ကျောက်တော်မြို့၊ ရွာမရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၆)နေ ဦးကျော်စိန်လှ - ဒေါ်စောသိန်းတို့၏သမီးငယ်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အင်းစိန်လမ်းမကြီး၊ တိုက်(၃၁/၆၁၂)နေ

မနှနှခိုင် (ခ) ခိုင်ဇော B.Sc(Physics)

တို့သည် ၃-၅-၂၀၀၃နေ့တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်မြင့်ဦး - မနှနှခိုင် (ခ) ခိုင်ဇော

နေ့စဉ်ကျောင်းလမ်းပြီးစီးခြင်း

ထားဝယ်မြို့နေ ဦးရွှေရင် - ဒေါ်လှရွှေတို့၏သားကြီး

မောင်သန်းဦး နှင့်

ရန်ကုန်မြို့နေ (ဦးအေးကျော်) - ဒေါ်သီတာပြေတို့၏သမီးကြီး

မအေးအေးပွင့် 2nd Year (Physics)

မှ/ပြ(အမက၊ တိုင်းကွန်)လှည်းကူး

တို့သည် နှစ်ဖက်သောမိဘများသဘောတူညီချက်အရ ၂-၇-၂၀၀၃ရက်တွင် အလုံမြို့နယ်၊ ၄၀၁လမ်း၊ အမှတ် ၂၄၁(မြတ်မွန်စာပေ)နေအိမ်၌ မိဘဆွေမျိုးများရှေ့မှောက်တွင် နေ့စဉ်ကျောင်းလမ်းပြီးစီးပါကြောင်းနှင့် နေ့စဉ်မင်္ဂလာစကားပြောကြားပေးခြင်းနှင့် နေ့စဉ်မင်္ဂလာလက်ဆွဲ ဆင်မြန်းပေးသော ဘဘဦးအုန်းမောင် (တရားရုံးချုပ်ရှေ့နေနှင့်မြို့ပွဲလစ်)နှင့်ဇနီး ဒေါ်သန်းသန်းအေး အား ကျေးဇူးတင်ရှိပါကြောင်း။ **မောင်သန်းဦး - မအေးအေးပွင့်**

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၄)ရပ်ကွက်၊ တိုက်(၄)၊ အခန်း(၆)၊ သံသုမာလမ်းနေ (ဗိုလ်မှူးလှသန်း၊ ငြိမ်း) (အစိုးရအဖွဲ့ရုံး) - ဒေါ်မြမြသွယ်တို့၏သား

ဗိုလ်ရဲမင်းအောင် တေ(၂၇)

Final Year (Myanmar) နှင့်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၄)ရပ်ကွက်၊ တိုက်(၁၀)၊ အခန်း(၄)၊ ဘော်စင်လမ်းနေ ဦးအောင်မြင့်(ဒု-အင်ဂျင်နီယာမှူးကြီး၊ လမ်းသုတေသန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း) - ဒေါ်ခင်စိုးကြည်တို့၏သမီး

မလင်းလင်းမြင့် B.Sc (Zoology)

Graphic Designer

တို့သည် ရန်ကုန်မြို့၊ ဆိပ်ကမ်းမြို့နယ်တရားရုံး၌ တရားဝင် လက်ထပ်ပြီးစီးပါကြောင်း။

ဗိုလ်ရဲမင်းအောင် - မလင်းလင်းမြင့်

The NEWer HoTTer CHEAPer Email
@mail4U Only at 8000 Ks/year
WWW Media (authorised reseller of Bagan Cybertech)
don't miss your chance
Tel: 20 40 20

စစ်ကိုင်း-ဝါးချက်-မင်းကွန်း ကားလမ်း
ကတ္တရာလမ်းခင်းရန် အလှူရှင်များ နိုးဆော်လွှာ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ မြေဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး တည်ထောင်တော်မူခဲ့သော မင်းကွန်း တိပိဋကနိကာယကျောင်း တိုက်ကြီးများတွင် သီတင်းသုံးနေထိုင်တော်မူကြသည့် ဆရာတော်၏သား တပည့်များရှေ့ရှုတိပိဋကဓရတိပိဋကကောဝိဒဆရာတော် **အရှင်သီလက္ခန္ဓာဘိဝံသနှင့်** ဆရာတော်**အရှင်ဝံသပါလာလင်္ကာရ**တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်**အရှင်ဂန္ဓမာလာလင်္ကာရ**တို့မှကျောင်းပြင်ကျောင်းဆောက်လမ်းဖောက်စသည့်သာသနာပြုပရဟိတကိစ္စများကို ဆရာတော်ကြီး ပြုလုပ်ခဲ့သည့်နည်းတူအမွေဆက်ခံသည့်အနေဖြင့်လမ်းအရှည်(၈)မိုင်ရှိသည့်**စစ်ကိုင်း-ဝါးချက်-မင်းကွန်းကားလမ်း**ကိုကတ္တရာလမ်းခင်းရန် စီမံဆောင်ရွက်လျက်ရှိရာကုသိုလ်ဝင်သူတော်စင်အပေါင်းတို့သည် နိဗ္ဗာန်အကျိုး မျှော်၍**တိပိဋကဓရဆရာတော်အရှင်သူမြတ်များနှင့်အတူသာသနာ့ပြုကုသိုလ်ရယူလှူဒါန်း** နိုင်ကြပါသည်။

(၁)	ကတ္တရာတစ်ပီပါလှူ	ကျပ်	၁၀၀၀၀
(၂)	ကျောက်ကြီးတစ်ကျင်းလှူ	ကျပ်	၅၀၀၀
(၃)	ကျောက်လတ်တစ်ကျင်းလှူ	ကျပ်	၃၀၀၀
(၄)	ကျောက်သေးတစ်ကျင်းလှူ	ကျပ်	၃၀၀၀

ဆက်သွယ်လှူဒါန်းနိုင်သော ဌာနများ

(၁) တိ-နိကျောင်းတိုက်ကြီးများ မိုးမိတ်ကုန်းမြေ မင်းကွန်းတောင်ရိုး။ ဖုန်း-တိပိဋကဓရဆရာတော်များ-၀၉၆၉-၇၁၆၂၅၊ ၀၉၆၉-၇၁၆၂၇
(၂) တိ-နိ မန္တလေးဌာန၊ ၁၉၊ ၂၆ ဘုရင်နောင်လမ်း၊ ပိုက်ကျိုးရပ်၊ မန္တလေးမြို့၊ ဖုန်း - ၀၂-၃၀၁၃၀၊
(၃) တိ-နိရန်ကုန်ဌာန၊ ၁၂ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉၊ ၂၁၀၉၈၈၊ ၂၁၁၁၉၂
(၄) တိ-နိ စစ်ကိုင်းဌာန၊ ဈေးကုန်းရပ်၊ စစ်ကိုင်းမြို့။ ဖုန်း-၀၇၂-၂၁၇၀၅
(၅) တိ-နိ ပြင်ဦးလွင်အနီးစခန်း၊ ဥက္ကဋ္ဌ ဦးစောရီ ရတနာမြင့်ဆန်စက်၊ ညီတောရပ်၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၈၅-၂၂၄၅၃

အမှုဆောင်အဖွဲ့

တိပိဋကနိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့ (ရန်ကုန်ဌာန)

ကျေးဇူးဆပ်ပါမည်

ကျွန်တော် လီရှီလိန် (LIU XI LEI)၏ ပတ်စ်ပို့အမှတ် P.CHN-149297725 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါ။ **အင်းစိန်မြို့နယ်၊ထိုးရှိရိုသာလမ်း၊အမှတ်(၃၃)ဖုန်း-၆၃၀၆၅၆၊ ၀၉ ၅၀၀-၉၅၆၂**

Yan Aung

ကားမျိုးစုံဌားရမ်းနိုင်ပါသည်။ ၂၄-နာရီ

မြို့ပြလုပ်ငန်းရှင်များအတွက် အထူးသင့်လျော်သော နေရာကောင်း

Phone: 09-500-2465

ကြီးအောင်ချမ်းသာ



နိုင်ငံခြားကျောက်ပြားဘီလိယက်ခုံ၊ ဗယ်ခုံ၊ ပရိဘောဂ၊ ကျွန်းတံခါးဆိုက်ခုံ (ပင်တိုင်း) မှ ဈေးနှုန်း ချိုသာစွာဝယ်ယူနိုင်ပါသည်။ ၃၃၇-ကျိုက္ကဆံလမ်း တာမွေလမ်းထိပ်၊ ရန်ကုန်မြို့ (ဖုန်း ၅၉၉၉၃၇)

INGINE

Beauty Saloon & Fitness Centre

ဖုန်း - 556836 ၊ 543329

မြန်မာ့ဆေးရုံ

ကာရံမန်ဿာတစ္ဆာ

လုံဝမ်း+အီလယ်ကျာ

ခွင့်ပြုချက်အမှတ်-၁၀၆/၂၀၀၃ (စ)

240586 09-50-40642

ကုန်စည်ပို့ဆောင်ရေးစခန်းနှင့် ကုန်လှောင်ရုံများ တည်ဆောက်ရောင်းချမည့်ကြေညာစာ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနက ဖွင့်လှစ်ဆောင်ရွက် လျက်ရှိသည့် လှိုင်သာယာမြို့နယ်ရှိ ဒဂုံရေလုပ်ငန်းခွင် အဝေးပြေးယာဉ်ရပ်နားစခန်း၏ အောက်ဖော်ပြပါ ပုံကြမ်းနေရာတွင် "ကုန်သိုလှောင်ရုံ/ခန်းများ ၂၀ပေ X ပေ၄၀ (သို့) ပေ၂၀ X ပေ၆၀ (သို့) ပေ၃၀ X ပေ၆၀ အခန်းများကို" တည်ဆောက်ရန် စီစဉ်လျက်ရှိရာ ဝယ်ယူလိုသူများရှိပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ အခွန်ဌာနသို့ ၂၀၀၃ခုနှစ် ဇူလိုင်လ(၁၅)ရက် မတိုင်မီ ဆက်သွယ်/စုံစမ်းစာရင်းပေးသွင်း နိုင်ကြောင်း ကြေငြာပါသည်။



ဌာနမှူး
အခွန်ဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ရန်ကုန်ပညာရေးတက္ကသိုလ်

၂၀၀၃-ခုနှစ် တက္ကသိုလ်ဝင်တန်း အင်္ဂလိပ်စာ မေးခွန်းနှင့်စံပြအဖြေများ

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းဝင်းမြင့် [၁၂/မဂတ(နိုင်)၀၄၅၄၆၂]၏ လွှဲအပ် ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝင်းဝင်းမြင့်[၁၂/မဂတ(နိုင်)၀၄၅၄၆၂]နှင့် ဦးအုန်းမြင့် [၁၂/မဂတ(နိုင်)၀၄၅၄၆၃]တို့သည် ၁၉၈၆ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် တရားဝင် ပေါင်းသင်းနေစဉ် အောက်ပါလက်ထက်ပွားပစ္စည်းများကို စုစီးအတူကြိုးပမ်း ရှာဖွေရရှိခဲ့ပါသည်။

(၁) ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ (စ၉)လမ်း၊ အမှတ်(၂၇/အေ)မြေညီထပ်၊ အကျယ်အဝန်း ၁၁ ပေ X ပေ၅၀ရှိတိုက်ခန်း၊
(၂)ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆) ကံဘဲ့ လူနေရပ်ကွက်၊ မြေကွက်အမှတ် ၁၁၆၀ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေ၊ အကျယ်အဝန်း (၀၁၁၀၀၇၅)ဧကရှိ မြေနှင့်အိမ်။

၁၉၉၈ခုနှစ်တွင် ခင်ပွန်းဖြစ်သူ ဦးအုန်းမြင့် [၁၂/မဂတ(နိုင်)၀၄၅၄၆၃]မှာ ကွယ်လွန်သွားသည့်အတွက် ဇနီးဖြစ်သူ ဒေါ်ဝင်းဝင်းမြင့်မှ မြန်မာလေ့ထုံးတမ်း ဥပဒေအရ ဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါ နေရပ်လိပ်စာများတွင် လက်ရှိနေထိုင်ကြသူများ အနေဖြင့် ဒေါ်ဝင်းဝင်းမြင့်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ထပ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ အာမခံပစ္စည်းအဖြစ် တင်သွင်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန် သတိပေး တားမြစ်အပ်ပါသည်။ တားမြစ်ချက်များကို ဖောက်ဖျက်ပါက တည်ဆဲဥပဒေများအရ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ဒေါ်ဝင်းဝင်းမြင့်၏ ဂုဏ်သိက္ခာ၊ မိသားစု ရေးရာကိစ္စများ၊ ကိုယ်ရေးကိုယ်တာကိစ္စများ ထိခိုက်နစ်နာအောင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပုတ်ခတ်ပြောဆိုမှုများ မပြုလုပ်ကြရန်နှင့် ပုတ်ခတ်ပြောဆိုမှု များ ဆက်လက်ပြုလုပ်လာပါက ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်မောင်ထွန်း (LL.B) တရားရုံးချုပ်ရှေ့နေ
အမှတ်(၅၅/၅)၊ မဟာဗန္ဓုလလမ်းခြံလမ်း၊ ရန်ကုန်။

ဟိုင်းချက်ကိုယ်တိုင်ဆက်သွယ်ပါ

ရန်ကုန်မြို့၊ ကွင်းရှိ ကိုက်ခန်း ... ဝယ်/ငှား လိုပါသည်

☎ - ၂၉၉၉၈၃

အမည်ပြောင်းခြင်း

ဦးမြသောင်း၏သား အထက မြင်းကကုန်း နဝမတန်းမှ မောင်ဇော် မင်းမင်းအား မောင်ဝေယံပြည့်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဝေယံပြည့်အောင်။

အမြန်ရောင်းမည်

25313

အမည်ပြည့်စွက်ခြင်း

မော်လမြိုင်မြို့၊ အထက(၉) ဒသမတန်း(က)မှ အဘဦးလှဌေး၏သား မောင်သန့်ဇင်အား မောင်သန့်ဇင်ဦးဟု ဖြည့်စွက်ခေါ်ပါရန်။

မောင်သန့်ဇင်ဦး။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဆူးလေဘုရားလမ်း၊ အမှတ်(၁၁၁)(တတိယထပ်)၊ (၂၄ X ၆၀)အကျယ်အဝန်းရှိ တိုက်ခန်းအား တရားဝင်ပိုင်ဆိုင်သူထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးအပ်ထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းများယူဆောင်ပြီး ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

သတ်မှတ်ထားသည့်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးခင်မောင်မြင့်(LL.B) တရားရုံးချုပ်ရှေ့နေ (စဥ်-၄၇၈၇)
MAC Tower
၅၆၃(ပထပ်)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၂၆၆၇။

✱ နဒီရွှေရည် ✱ ရတနာရွှေဆိုင်

Platinum

ရွှေကြီး

နဒီရွှေရည်ရတနာဆိုင် မိုးကုတ်ဆိုင်

ရွှေလေးစင်တာဖိနပ်ဆိုင်

အမှတ်(204/206)

☎ 252804, 283359

ဆရာဦးသောင်းလွင်၏အဆုတ်နာပျောက်ဆေးကိုမှီဝဲပါ။

နှုတ်မြိတ်ဆေး ... နဂါးသားယော ... ဝေနီးနီးကျော်

အမှတ် ၀၅၀၄ YR ၀၉၀၂

လူကြီးမင်းတို့၏ စီးပွားရေးကြော်ငြာများကို ရုပ်ရှင်ရုံများတွင်

ကြော်ငြာပြသနိုင်ရန် MASTER TAPE မှ 35 mm Film

များ သို့ ဈေးနှုန်းသက်သာစွာဖြင့်စတင်ပြောင်းပေးနေပါပြီ။

After Effect, Photoshop, ER, MEDIA 100, DPS Velocity, Final Cut Pro, 3D MAX, အစရှိသည့် Software များကို အသုံးပြု၍ SFX နှင့် Digital Video Production သင်တန်းများ ဖွင့်မည်။

MEDIA MAGIC

MIND EYES MEDIA GROUP

BROADCAST VIDEO & DIGITAL VIDEO PRODUCTION

No. 220, 11th Street (Anawrahta Street), Lanmadaw Township, Yangon, Myanmar.

TEL : (951) 224 342

အမည်ပြောင်းခြင်း

ဦးသန်းထွန်း-ဒေါ်ဥမ္မာဆွေတို့၏ သမီး ပေါင်းတည်မြို့ ၁၇လမ်း မင်းကွက် အမကကျောင်း စတုတ္ထတန်း(B)မှ မကေ ခိုင်ဇင်မင်းအား မကေခိုင်ဆွေဟု ပြောင်းလဲခေါ်ပါရန်။

မကေခိုင်ဆွေ။

အမည်ပြောင်းခြင်း

ဦးစိုးညွန့်-ဒေါ်သန်းဝင်းတို့၏သား ဒေးဒရဲမြို့နယ် အကယ်ကြီး အလကမှ မောင်မျိုးအောင်ဖြိုးအား မောင်အောင် ခန့်မျိုးဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်ခန့်မျိုး။

ဆက်သွယ်ကြပါ

လူကြီးမင်း၏ စလောင်းနှင့် ပတ်သက်သော ကိစ္စများ၊ လိုင်းအသစ်ထည့်ခြင်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆောင်ရွက်ပေးနေပါပြီ။

YOMA˚-˚Ph: 223932.

IMAGE Beauty Saloon & Body Treatment

Po Po & Yu Yu (Diploma of Wella Studio S'pore)

(Discount)

(10% Dis:)

Rebonding Cream

Daily Open 9:30 am to 8:00 pm

DNH Tower 272,Pyay Road, Room 001,004 Myanigone, Sanchaung Tsp, Ygn;Myanmar.

☎ 706334

ဝမ်းနည်းကြေကွဲခြင်း

ဦးဇော်မင်း အသက်(၄၈)နှစ်

မလှိုင်မြို့၊ အမှတ်(၉)ရပ်ကွက်နေ ရွှေကုန်သည် ဦးဟိန်း-သုဓမ္မသီဂိ ဒေါ်သန်းသန်းတို့၏ချစ်လှစွာသောသား၊ ဗိုလ်မှူးချုပ် ပြည့်စုံ (စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး)-ဒေါ်အေးပြည့်ဝေခင်တို့၏ ညီ/မောင် သည် ၃၀-၆-၂၀၀၃ရက်တွင် ကွယ်လွန်သွားသည့်အတွက်အမေ ဒေါ်သန်းသန်း မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သီဟသုဓမ္မသီဂိ၊ သီရိသုဓမ္မသီဂိ ဒေါ်စိန်စိန်

ဥက္ကဋ္ဌ၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း။

ဝမ်းနည်းကြေကွဲခြင်း

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် ပြည့်စုံ နှင့် ဇနီး ဒေါ်အေးပြည့်ဝေခင်တို့၏ညီမောင် ဦးဇော်မင်း အသက် (၄၈)နှစ်သည် ၃၀-၆-၂၀၀၃ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်

စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်။

ဝမ်းနည်းကြေကွဲခြင်း

ဦးဇော်မင်း

အသက်(၄၈)နှစ်

မလှိုင်မြို့နေ ရွှေကုန်သည် ဦးဟိန်း -သုဓမ္မသီဂိဒေါ်သန်းသန်းတို့၏ ချစ်လှစွာသောသား၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့်ဇနီး ဒေါ်အေးပြည့်ဝေခင်တို့၏ ညီ/မောင်သည် ၃၀-၆-၂၀၀၃ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးတင်မောင်အေး-ဒေါ်စုစုကြည်

ဗိုလ်မှူးခင်မောင်စိုး-မတင်စန္ဒီအေး

မောင်တင်ဇာနည်မောင် (ခေတ္တ-လန်ဒန်)

ချမ်းသာဆန်နှင့်ဆန်ထွက်ပစ္စည်းရောင်းဝယ်ရေး၊ ဘုရင့်နောင်ပွဲရုံတန်း။

Creative Media Technologies Centre

Diploma in Audio Engineering

Diploma in Multimedia Production

Diploma in Digital Film Making

အမြန် ဝယ်/ငှားလိုသည်

ရန်ကုန်မြို့တွင်း၊ မြို့နယ်စုံရှိ တိုက်ခန်း၊ လုံးချင်း၊ မြေကွက်များ၊ ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။

ဖုန်း-၇၂၇၈၇၉၊

၂၂၇၀၁၀ (ရှိမ်းဖောမြေ)။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ရှိဗာလာလ် [၁/ဝမန-၀၃၁၉၃၆]၏ C.D.Cလက်မှတ်-၂၉၉၄၅၀ မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ ရှိက ပေးပို့ပါရန်။

ဦးရှိဗာလာလ်

ဖုန်း-၂၉၃၁၆၈၊ ၂၉၃၁၆၉၊ ၂၉၃၈၁၅။

ကန့်ကွက်နိုင်ပါသည်

မော်တော်ဆိုင်ကယ်အမှတ် (ယ/၆၇၇ ၇၈)၊(၁ယ/၃၀၀၃၁)နှင့်(၁ယ/၃၁၆၂၉) တို့သည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊တိုင်းရုံး(မြိတ်)တွင် မှတ်ပုံတင်ထားသည့်ယာဉ်ဖြစ်ပြီး မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူ ပျောက်ဆုံးကြောင်း သတင်းပို့ထားသည်မှာ မှန်ကန်ကြောင်း ထောက်ခံအပ်ပါသည်။

ကညန၊ တိုင်းရုံး(မြိတ်မြို့)။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်စန်းမြ အသက်(၅၇)နှစ်

မြိတ်မြို့၊ မြစ်ငယ်ရပ်နေ ဦးမြင့်သိန်း(ခ)ဦးဘရာ၏ဇနီး ဒေါ်စန်းမြ (အမှုဆောင်၊မဟာစည်သာသနာ့ရိပ်သာ)သည် ၃-၇-၂၀၀၃ရက်နေ့တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အမှုဆောင်အဖွဲ့

မဟာစည်သာသနာ့ရိပ်သာ၊ ကန်ဖျားရပ်၊ မြိတ်မြို့။

ဝမ်းနည်းကြေကွဲခြင်း

အားလုံးအပေါ်မှာ သံယောဇဉ်ကြီးမားလွန်းသော လေးလေးသန်းဌေး (၆၃)နှစ် ကွယ်လွန်ကြောင်းသိရသဖြင့် ကြေကွဲဝမ်းနည်းရပါသည်။

မမိုး၊ ကိုမျိုး-ဝိုင်း၊ ကိုဟိန်းထွဋ်။

ညှိနှိုင်းဈေးဖြင့်အမြန်ရောင်းမည်

ရွှေဂုံတိုင်၊ ယုဇနတာဝါ၊ လမ်းမတန်း မျက်နှာစာဘက် ၁၈၀၀ Sqft၊ ရေ၊ မီး၊ ဖုန်း၊ အဆင့်မြင့်ပြင်ဆင်ပြီး။ **၀၉-၉၉-၂၃၇၉၉။**

အမြန်ဆုံး

ယုဇနဉယျာဉ်မြို့တော်ရှိ တိုက်ခန်းများ ရောင်း၊ ဝယ်၊ ငှား ဆောင်ရွက်လိုပါက ဆက်သွယ်ပါ။ **ဖုန်း-၅၉၂၀၄၃**

၀၀၃၊ တိုက်(၂၂)၊ (၈)လမ်း၊

ယုဇနဉယျာဉ်။

ဝမ်းနည်းကြေကွဲခြင်း

မိုးကုတ်မြို့ အောင်ချမ်းသာရပ် မမေပဏ္ဏာတင့်၊ မောင်ဥပစာတင့်၊ မသဥ္စာတင့်တို့၏ဖခင် ဦးသန်းဌေး (၆၃)နှစ် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တူ၊ တူမများ-

ကိုဥက္ကာမျိုးထွန်း	
ဒေါက်တာနေမင်းမျိုးထွန်း-မသန္တာမျိုး	**မဇာနည်အောင်၊ ကြည်သာအောင်**
ကိုအဏ္ဏဝါမျိုးထွန်း	**ပွင့်ဆက်အောင်၊ ထူးဆက်အောင်**
မဟန်မူယာထွန်း(ချောစု)	**(ထက်ရောဆေးခန်း၊ မုဒုံမြို့)။**
မြင်းခြံမြို့။	

တိုက်ခန်းရောင်းမည်

လှည်းတန်း(၁)လမ်း မြေညီထပ်၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ အသင့်နေရန် Air-Conပါ၊ ဖုန်းပါသည်။ ရေ၊ မီး ကိုယ်ပိုင်။

(ညှိနှိုင်းဈေး)

ဖုန်း-၅၁၁၉၅၂။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၁ယ/၂၉၇၉၇လက်ဝယ်ရှိသူမှ ယာဉ်မှတ်ပုံတင်စာအုပ် ပျောက်ဆုံးမိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည်ယနေ့မှစ၍(၁၅)ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (တိုင်းရုံး) ပုသိမ်သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။**ကညန၊တိုင်းရုံး(ပုသိမ်)။**

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ ဇနီးဖြစ်သူ မခင်စန်းရီ(S/OKA-၀၈၉၆၀၉)သည်ခွင့်မလွှတ်နိုင်သည့် အပြုအမူများ အကြိမ်ကြိမ် ပြုလုပ်သည့်အပြင် သားဖြစ်သူကိုခေါ်ဆောင်၍ မိမိဆန္ဒအလျောက်နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်း၏ကိစ္စမှန်သမျှ လုံးဝတာဝန်မယူပါ။

ကိုအောင်စိုး

(DLA-၀၀၁၅၅၃)

အမှတ်(၇၅/၁)၊ ရွှေပြည်စိုးလမ်း၊ ၁၄/၂-ရပ်ကွက်၊ ၊ မြင်သာ၊ တောင်ဥက္ကလာပ။

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာခင်မောင်ဝင်း Ph.D (Metallurgy)

အသက် (၆၇)နှစ်

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ စက်မှုစိုက်ပျိုးနှင့်သက်မွေးပညာဦးစီးဌာန

၁၆-၆-၂၀၀၃ ရက်တွင် Dr. ခင်မောင်ဝင်း ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

သတ္တုဗေဒအင်ဂျင်နီယာများ

ကျောက်ပုထိုးအထူးသတ္တု(၂)၊ ရွှေစီမံကိန်း

အမှတ်(၂)၊ သတ္တုတွင်း။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးမောင်ဇော် (WLT-၀၄၂၅၁၃)၏ C.D.Cလက်မှတ်(၂၄၁၇၃)မှာ ဆိပ်ကမ်းမြို့နယ် ဝါးတန်းဖောတံတားအနီး၌ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါ။ **ဦးမောင်ဇော်**

ဖုန်း-၇၂၇၉၁၉။

ဝန်ထမ်းအလိုရှိသည်

(မြန်မာကျပ်ငွေဖြင့်ခန့်ထားရန်)

မကြာမီဖွင့်လှစ်တော့မည့် La Pyayt Wun Plaza အပေါ်ဆုံးထပ်ရှိ မင်္ဂလာခန်းမကြီးတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

(1) Admin Manager Any Graduate	1 Post (Male / Female)
(2) Accountant B.Com / LCCI Level 3	1 Post (Female)
(3) Cashier Any Graduate	3 Posts (Male / Female)
(4) Maintenance Engineer A.G.T.I (E.C / E.P / Mechanical)	1 Post (Male)
(5) Driver အခြေခံပညာအလယ်တန်းအောင်	1 Post (Male)
(6) Security အခြေခံပညာအလယ်တန်းအောင်	1 Post (Male)

အမှတ်စဉ်(၁)အတွက် လျှောက်ထားသူသည် အင်္ဂလိပ်စာကျွမ်းကျင်စွာ ပြောဆိုနိုင်ရမည်။

ဤကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာတို့နှင့်အတူ No.37, ၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်ရှိ La Pyayt Wun Plaza Management Office, Level 8, Room No.806 သို့ လာရောက် လျှောက်ထားနိုင်ပါသည်။

ဒေါ်ခင်စု အသက်(၉၅)နှစ်

(မော်လမြိုင်)

ဦးသာထူး-ဒေါ်ကျေးမျှင်တို့၏ သမီး၊ ဦးကြီးမောင်-ဒေါ်ဖွားတင်၊ ဦးစံခိုင်-ဒေါ်ခင်ပုတို့၏ ညီမ၊ ဒေါ်ခင်ထွေး၊ ဦးပန်းညွန့်-ဒေါ်အေးရွှေတို့၏ အစ်မ ဒေါ်ခင်စုသည် ၄-၇-၂၀၀၃ရက်တွင် အမှတ်(၄၂/၈)၊ (၉မိုင်)၊ ဝိဇ္ဇာလမ်း နေအိမ်၌ ကွယ်လွန်သွားပါ၍ ၄-၇-၂၀၀၃ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအသိပေးပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ယောဂီဆောင်၊ သံဃာဆောင်၊ မွှောရုံဘုရားဒါယကာကြီး

ဦးခေတ်စိန် (၈၃)နှစ်

တိုက်ကြီး၊ တော်လတီ (အငြိမ်းစား၊ ကုန်သွယ်ရေး)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပနေ ဒေါ်ကျင်စိန်၏ တူသား၊ ရန်ကုန်မြို့၊ (၁၆)လမ်း၊ အမှတ်(၈၁)နေ ဒေါ်စိန်မွှေး၏ခင်ပွန်း၊ ဦးကျော်သန်း(တရားရုံးချုပ်ရှေ့နေ)-ဒေါ်ရင်ကြူ(ရန်ကုန်မြို့တော်/ဘဏ်)၊ ဒေါ်ရင်တိ(အမက-၅၊ လမ်းမတော်)၊ ဦးဝင်းကြိုင်-ဒေါ်မြင့်မြင့်ဦး၊ ဦးသိန်းဝင်း-ဒေါက်တာစန်းစန်းငွေ(ခေတ္တ-USA)၊ ဦးအောင်သန်း-ဒေါ်မာမာစန်း(စန်းရှန်လုံချည်ဆိုင်)၊ ဦးဝမ်းတင်(J.F Group) - ဒေါ်နွဲ့ယဉ်ဟန်(UNODC)၊ မနွဲ့နွဲ့ဝင်း(B.E-Mechnical)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေးခုနစ်ယောက်တို့၏ ချစ်လှစွာသောအဘိုး၊ တိုက်ကြီးမြို့၊ တော်လတီကျေးရွာနေ ဒေါ်တင်ယုံ၏အစ်ကိုကြီး ဦးခေတ်စိန်သည် ၄-၇-၂၀၀၃ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၆-၇-၂၀၀၃ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူသား၊သမီး၊မြေးမိသားစု။

အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း၊ ဘုရင့်နောင်၊ အမှတ်(၂၅)၊ အမကကျောင်းဝင်းနေ ဦးစိုးလှိုင်ရှိန်(ခ)ထူးအယ်လင်း၏ညွှန်ကြားချက်အရ အသိပေးကြေညာသည်မှာ ဦးစိုးလှိုင်ရှိန်(ခ)ထူးအယ်လင်းနှင့် ဦးအောင်မိုးကျော်(ခ)အဂ္ဂတို့ နှစ်ဦးသဘောတူချုပ်ဆိုထားခဲ့ကြသော (၂-၈-၂၀၀၁)ရက်စွဲပါ စာချုပ်သည် တိကျသော အဖိုးစားနားပါရှိမှုမရှိခြင်း၊ လုံလောက်သော အဖိုးစားနား မပါဝင်ခြင်း၊ စာချုပ်ပါအတိုင်း ပထမနှင့်ဒုတိယစီးရီးတိပ်ခွေကို စိုးလှိုင်ရှိန်(ခ)ထူးအယ်လင်းက သီဆိုပေးအပ်ပြီးဖြစ်ခြင်း၊ တတိယမြောက်စီးရီးအတွက် သီဆိုခ ညှိနှိုင်းမရခြင်းတို့ကြောင့် ပဋိညာဉ်ပါဥပဒေအခွင့်အရေးအရ ပျက်ပြယ်ဖျက်သိမ်း ခွင့်ရှိသည့်အလျောက် ၂-၈-၂၀၀၁ရက်စွဲပါ စာချုပ်ပျက်ပြယ်ကြောင်းနှင့် ပဋိညာဉ်ပါ မဆောင်ရွက်ရသေးသော တတိယစီးရီးတိပ်ခွေအတွက် ဦးစိုးလှိုင်ရှိန်(ခ) ထူးအယ်လင်းဘက်က ဖျက်သိမ်းကြောင်း အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးစန်းဝင်း (ဥပဒေဘွဲ့)
(၁၅၅၉၈)
အထက်တန်းရှေ့နေ
အမှတ် ၁၂၄၊ ဆူးလေဘုရားလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

တိုက်ခန်း အမြန်ရောင်းမည်

တောင်ဥက္ကလာ ဓီဇဝါဥယျာဉ် အိမ်ရာ 15'x 65'၊ 3RC၊ 4MBR ပါကေးခင်း၊ ကြွေပြားကပ် အဆင့်မြင့် ပြင်ဆင်ပြီး၊ ရေ၊ မီး၊ ဖုန်းပါ ဂရန် အမည်ပေါက် (ညှိနှိုင်းဈေး)

ဆက်သွယ်ရန်-
၂၄၈၂၄၂၊ ၀၉၅၀၁၀၆၉၄၁။

ဒေါ်ညွန့်မေ (၈၂)နှစ်

(ကျောက်တန်း)

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ အမှတ်(၁၇)၊ အာသောကလမ်း၊ ငွေးကြွယ်(က)ရပ်ကွက်နေ ဦးကျင်ထွန်း၏ ဇနီး၊ ဗိုလ်မှူးကြီးဝင်းထိန်(ညွှန်ကြားရေးမှူးချုပ်၊ အမှတ်-၂၊ အခြေခံပညာဦးစီးဌာန)-ဒေါ်ကြူကြူလင်း၊ ဦးကျော်ဆန်းလွင်-Dr. မြင့်မြင့်တို့၏ မိခင်၊ ဗိုလ်ကြီးကျင်သောင်း(ငြိမ်း)-ဒေါ်စိန်စိန်ဝင်း၊ ဦးဝင်းထွန်း-ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်အေးမြင့်လှိုင်၊ ဒေါ်တင်တင်ထွေး၊ (ဦးအောင်ငြိမ်း)-ဒေါ်အေးမြင့်၊ ဦးမျိုးဝင်း၊ ဦးသန်းဇော်၊ ဒေါ်သန်းသန်းဆင့်၊ဒေါ်နီနီအေး၊ ဒေါ်ခင်မမထွေး၊ဦးဝင်းမြင့်-ဒေါ်ခင်မြင့်ကြည်၊ ဦးသိန်းထွန်း၊ ဒေါ်ခင်ခင်ယု၊ ဦးဝင်းကျော်၊ ဦးသက်နိုင်တို့၏ ကြီးကြီးမေ၊ မြေး ၁၅ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၄-၇-၂၀၀၃ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ရင်ရင် (၇၅)နှစ်

ရွှေတောင်မြို့၊ ကြခင်းတန်းနေ (ဦးဘိုးကျော့-ဒေါ်ဆင့်)တို့၏ သမီး၊ ရန်ကုန်မြို့၊ အမှတ်(၁၆၂/၁)၊ အခန်း(၆)၊ ပထမသီရိရိပ်သာ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်နေ (ဦးကင်စိန်)၏ ဇနီး၊ ဒေါ်ကြင်၏ ညီမ၊ ဒေါ်မှင်၏ အစ်မ၊ ဦးမောင်မောင်ကြီး(မြဝတီရပ်သံ၊ အကြံပေးအရာရှိ)-ဒေါ်ဝင်းဝင်းမြင့်၊ ဦးဝင်းအောင်(F/၃၂၊ သိမ်ကြီးဈေး Dရုံ)-ဒေါ်တင်တင်ဝင်း၊ ဩစတြေးလျနိုင်ငံ ဆစ်(ဒ်)နီမြို့နေ ဦးမောင်မောင်ငွေး-ဒေါ်ဥမ္မာကြည်၊ ဦးမောင်မောင်ဝင်း-ဒေါ်သီသီရှိန်(Polymer)၊ ဦးမိုးတင့်-ဒေါ်သန်းသန်းဌေး၊ ဦးသူရဝင်း-ဒေါ်လှလှဝင်း၊ ဦးရန်လင်း-ဒေါ်မိုးမိုးတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၂ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်ရင်ရင်သည် ၄-၇-၂၀၀၃(သောကြာနေ့)တွင် ဩစတြေးလျစံတော်ချိန် နံနက် ၄း၅၀နာရီတွင် ဩစတြေးလျနိုင်ငံ ဆစ်(ဒ်)နီမြို့၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဒေါ်ဟာလီမန်(ခ)ဒေါ်အောင်မ အသက်(၇၇)နှစ်

(ကျောက်ဖြူ)

ရခိုင်ပြည်နယ်၊ ကျောက်နီမော်နေ (ဦးစိန်ထွန်းဦး-ဒေါ်မေဖြူ)တို့၏ သမီး၊ (ဦးသက်နှင်း)၏ ဇနီး၊ ဒေါ်ငွေအောင်(ကျောက်ဖြူ)၊ ဦးစောလှဖြူ၊ ဒေါ်စိန်ဖြူ(ရမ်းဗြဲ)၏ အစ်မ၊ ဦးဖေတင်(ဗဟိုတရားရုံးရှေ့နေ)၊ ဦးဖေခင်(ကျောက်ဖြူ)၊ ဒေါ်ခင်နှင်းရီ၊ ဦးဖေဝင်း(ဆသရ၊ ငြိမ်း)၊ ဒေါ်ခင်ဝင်းရီ၊ ဒေါ်ခင်မေဝင်း(အထပြ၊ ကော့မှူး)၊ မခင်နွယ်ရီ၊ မချိုချိုရီ(ဆ-သ-ရ၊ ငြိမ်း)တို့၏ မိခင်၊ မြေး ၁၅ယောက်တို့၏ အဘွား၊ မြစ်လေးယောက်တို့၏ အဖိုးသည် ၂၉-၆-၂၀၀၃ရက်တွင် အလ္လာသျှင်မြတ် အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ မဂရစ်အပြီး ရေဝေးကာဘာစတန်တွင် ဒါဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်းအမ

ဒေါ်မြမြ (၇၁)နှစ်

(ကျုံကဒတ်ရွာ)

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ လှိုင်ရတနာအိမ်ရာ၊ တိုက်(၆) အခန်း(၁၉)နေ (ဦးအာလတော-ဒေါ်ဂတုံးမ)တို့၏ သမီး၊ (ဦးပါဦး)၏ ဇနီး၊ ဦးမြင့်အောင်-ဒေါ်ငွေးငွေး(အထက-၄၊ လှိုင်)၊ ဦးလှဝင်း-ဒေါ်တင်တင်နွယ်၊ ဦးမြင့်ဝင်း-ဒေါ်မိုးသူဇာ(M.E.P.E၊ လှိုင်)၊ ဦးကိုကိုနိုင်၊ ဦးဟန်ညွန့်-ဒေါ်စန္ဒာထွေး၊ ဦးထွန်းဝင်း-ဒေါ်သင်းသဇင်တို့၏ မိခင်ကြီး၊ မြေး ၁၃ယောက်တို့၏ အဘွားသည် ၄-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၆-၇-၂၀၀၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြသောင်း (၆၇)နှစ်

(မြိုင်မြို့)

မကွေးတိုင်း၊ မြိုင်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ကျန်စစ်သားလမ်းနေ ဦးသိုက်ထွန်း၏ ဇနီး၊ ဦးအေးလွင်-ဒေါ်ချိုချိုသန်း(မြို့တော်စည်ပင်)၊ ဒေါ်ခင်ဆွေ၊ ဒေါ်တင်မြတ်မူ(အထက၊ မြိုင်)၊ ဒေါ်ခင်မြတ်သူ(အထက၊ မြိုင်)၊ ဦးဟိန်းလင်းထွန်း၊ ဒုရဲအုပ်မျိုးတင့်-ဒေါ်ခင်မျိုးမော်(ဆသရ)တို့၏ မိခင်၊ ဒေါ်မြသောင်းသည် ၄-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု။

ဦးမြသိန်း (၇၁)နှစ်

တက်နေဝင်းဆေးလိပ်ခုံ
(ကော့မှူး)

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နယ်၊ တော်ကူးကြီးကျေးရွာနေ (ဦးထွန်းစိန်-ဒေါ်ရွှေဖော့)တို့၏ သား၊ ကွမ်းခြံကုန်းမြို့နယ်၊ အင်္ဂလုံးကျေးရွာနေ ဦးဖေဟံ-(ဒေါ်သင်းကြည်)တို့၏ သားသမက်၊ ကော့မှူးမြို့၊ ပြည်တော်သာ(၂)လမ်းနေ (ဒေါ်ခင်လှ)၏ ခင်ပွန်း၊ (ဦးကျော်လှ)၏ ညီ၊(ဒေါ်ကျင်သောင်း)၊ ဦးကျော်စိန်တို့၏ အစ်ကို၊ ကိုစိန်ငွေး၊ မသင်းသင်းနွယ်၊ ကိုစန်းယု (ဆက်သွယ်ရေးလုပ်ငန်း၊ မောင်ထော်လေးအိတ်ချိန်း)၊ ကိုစန်းလှိုင်၊ မခင်ဆန်း၊ မောင်ဘောဘီမောင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၁ယောက်တို့၏ အဘိုးသည် ၃-၇-၂၀၀၃ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၅-၇-၂၀၀၃ (စနေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကော့မှူးမြို့သုသာန်၌ သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်အေးမြင့် (၆၁)နှစ်

စမ်းချောင်း၊ဒေသန္တရကျန်းမာရေး(ငြိမ်း)
(လှည်းကူး)

လှည်းကူးမြို့၊ သီတာအေးကွက်နေ (ဦးဘသိန်း-ဒေါ်မြစော)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ အမှတ်(၈၁)၊ အထက်ကြည့်မြင်တိုင်လမ်း (ဆရာဘိန်း၊ ဆရာလှဆေးတိုက်)နေ (ဦးတင်ထွဋ်-ဆောက်/လျှပ်)၏ချစ်လှစွာသော ဇနီး၊ ဦးတင်လှိုင်၏ ညီမ၊ ဒေါ်ရီရီခင်(မူ/ အုပ်ငြိမ်း)၊ ဦးတင့်ဆန်း(ခေတ်ခွဲခန်းမှူး၊ ဓိဝိတဒါန)-ဒေါ်မြင့်မြင့်စန်း၊ ဦးလှဆောင်-ဒေါ်အေးစန်း၊ ဦးသိန်းထွန်း-ဒေါ်နုနုရီ၊ ဒေါ်အေးအေးရီ(အထက၊ အင်းတိုင်)၊ ဦးမောင်မောင်သိန်း-ဒေါ်ကြူကြူ(အမက-အောင်မင်္ဂလာ)တို့၏ အစ်မကြီး၊ တူ၊ တူမ ရှစ်ယောက်တို့၏ ကြီးကြီးသည် ၃-၇-၂၀၀၃ရက်တွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၄-၇-၂၀၀၃ရက်တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ငွေးငွေး (၅၈)နှစ်

(ကျူချောင်းရွာ)

ရန်ကုန်မြို့၊ ကျောက်မြောင်း၊ ဂူစွာသယလမ်း၊ အမှတ်(၁၀)နေ (ဦးမောင်ထွန်း-ဒေါ်ငွေရင်)(ကျူချောင်းရွာ)တို့၏ သမီး၊ (ဦးမောင်တောက်-ဒေါ်တင်ရီ)(ကျူချောင်းရွာ)၊ (ဦးထွန်းရီ)-ဒေါ်ခင်ကြည်(ကျောက်မြောင်း)၊ (ဦးဝင်းမောင်)-ဒေါ်သန်းသန်း(ဒဂုံတောင်)၊ ဦးစိုးသိန်း-ဒေါ်ခင်သန်းနွဲ့(ကျောက်မြောင်း)တို့၏ ညီမ၊ တူ၊တူမ ၂၄ယောက်တို့၏ အဒေါ်သည် ၄-၇-၂၀၀၃ရက်တွင် သျှင်ပါကူ အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၆-၇-၂၀၀၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ဝင်း (၅၆)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ (၂၈)လမ်း၊ အမှတ်(၂၂၅)နေ (ဦးအောင်ခိုင်-ဒေါ်လှကြည်)တို့၏ သား၊ ဒေါ်ကျင်ထွေး၏ ခင်ပွန်း၊ ဦးလှစိုး-ဒေါ်ချိုချို၊ ဦးသန်းဦးအောင်-ဒေါ်တင်လေးမြင့်၊ ဦးနိုင်မြင့်-ဒေါ်မြင့်မြင့်သန်းတို့၏ အစ်ကို၊ ကိုစိုးမင်းအောင်-မမြမြသွယ်၊ မောင်ရဲမြင့်ဝင်း၊ မောင်ဝင်းမောင်မောင်၊ မမေသွယ်ထွေး၊ မောင်နန်းဦးတို့၏ မွေးသဖခင်၊ မောင်သုတအောင်၏ အဘိုးသည် ၃-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၅-၇-၂၀၀၃ (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်းဒါယကာကြီး

ဦးအေးမောင် (၉၂)နှစ်

အငြိမ်းစားကျောင်းဆရာကြီး
(အောင်လံမြို့)

(ဦးဟံသ-ဒေါ်ဖွားဆုံ)တို့၏ သား၊ (၁၇)လမ်း၊ စမ်းချောင်းရပ်၊ အောင်လံမြို့နေ (ဒေါ်စိန်မျှင်)၏ ခင်ပွန်း၊ ဗိုလ်မှူးကြီးမြင့်သိန်း(စစ်ဗျူဟာမှူး)-ဒေါ်လှလှသန်း(အလပြ၊ ငြိမ်း)၊ ဒေါ်အမာစိန်(ကန်ကြီးရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ အောင်လံမြို့နယ်)၊ ဒေါ်အမာရွှေ(အထက-၁၊ အောင်လံ)၊ ဦးကြည်မြင့်၊ဒေါ်အေးမြမြခိုင်(အထက-၂၊ အောင်လံ)တို့၏ ချစ်လှစွာသောဖခင်၊ မအေးသီရိသိန်း(B.Sc.,Hons:, M.Sc M_1., Maths၊ ရန်ကုန် တက္ကသိုလ်)၊ မနှင်းသီရိသိန်း(4th B.EIT၊ မန္တလေးနည်းပညာတက္ကသိုလ်)တို့၏ ချစ်လှစွာသော အဘိုးသည် ၃-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၄-၇-၂၀၀၃ရက်တွင် အောင်လံမြို့ တောင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ဖြူမြင့်ဝေ (၆၂)နှစ်

B.A.(Dip;Ed)
ယုဝတီကလောင်ရှင်၊ဖြူမြင့်ဝေ(ဒိုင်အို)
အထက်တန်းပြဆရာမ(ငြိမ်း)
အထက(၁)၊ ပန်းဘဲတန်း

ရန်ကုန်မြို့နေ (ဦးစိုင်လုံ-ဒေါ်အမာ)တို့၏ သမီး၊ (ဦးသော်စင်-ဒေါ်သန်း)တို့၏ ချွေးမ၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၅)ရပ်ကွက်၊ ဖိုးရာဇာလမ်း၊ အမှတ်(၁၀၆၈)နေ ဦးသန့်စင်[ဒုတိယပါမောက္ခချုပ်၊ ငြိမ်း၊ ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)]၊ အတွင်းရေးမှူး၊ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)၏ ချစ်လှစွာသောဇနီး၊ ဦးမြင့်လှ(ဒုတိယညွှန်ကြားရေးမှူး၊ DCPT၊ ငြိမ်း)-ဒေါ်ခင်ပို(MPF)၊ ဦးသိန်းလွင်(ကုန်သွယ်ရေး၊ ငြိမ်း)-ဒေါ်စန်းစန်းမြင့်(ကုန်သွယ်ရေး၊ ငြိမ်း)၊ (ဦးလှမြင့်-ဒေါ်စိန်စိန်ရီ)၊ ဗိုလ်ကြီးစစ်နိုင်(ငြိမ်း)-ဒေါ်မြမြဝေ၊ (ဦးတင်လှ)-ဒေါ်ရင်ကြည်၊ (ဦးတင်ရွှေ)-ဒေါ်ညွန့်တင်၊ ဦးမောင်-ဒေါ်တင်အေး၊ဦးထွန်း-ဒေါ်အေးမြင့်တို့၏ ညီမလေး၊ ဦးသိန်းထွန်း -ဦးစီးအရာရှိ(ဆလက၊ ငြိမ်း)-ဒေါ်ဖြူသက်ဝေ၊ ဒုတိယဗိုလ်မှူးကြီးသိန်းနိုင်(ငြိမ်း)-ဒေါ်ဖြူလေးဝေ၊ ဒုတိယဗိုလ်မှူးကြီးလှမြင့်(ငြိမ်း)-ဒေါ်စန်းစန်းဝေ၊ဒေါ်သက်ထားဝေ၊ ဦးလှတိုး-(ဒေါ်မြင့်)၊ (ဦးသောင်းစိန်)-ဒေါ်တင်အေးတို့၏ အစ်မ၊ ဦးတင်အောင်ဇော်-ဒေါ်ဖြူဝင်းသန့်တို့၏ မွေးသမိခင်၊ ထက်ထက်ပွင့်ဦး၊ စန်းသော်တာဦးတို့၏ အဘွား၊ တူ၊ တူမ ၄၃ယောက်တို့၏အဒေါ် ဒေါ်ဖြူမြင့်ဝေသည် ၂-၇-၂၀၀၃ရက်တွင် အမှတ်(၂) တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၆-၇-၂၀၀၃(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီရှိတ်ဒါဝတ်(ခ)ဦးချစ်စိန် အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၁၁၄)၊ (၁၀၁)လမ်း၊ (၅လွှာ/ B)နေ (နူရ်မိုဟာမက်)-ဒေါ်ရှရီဖာ၊ (အဘူဗကရ်)-ဒေါ်နူရ်ဂျန်၊ ကိုခါဂျာ-မလှလှ၊ ကိုအီဗရာဟင်-(ဒေါ်အိုက်ရှာ)၊ ကိုဖာရွတ်-စလီမာဘီ၊ ကိုတင်ရွှေ-ရရှိဒါဘီ၊ (ဟာဖစ်မိုဟာမက်ယာဆင်)-ဂျနက်ဘီ၊ ဖရီဒါဘီ၊ ကိုဟာမစ်-ဖာတမာဘီတို့၏ မွေးသဖခင်၊ မြေး ၃၂ယောက်၊ မြစ် ၁၇ယောက်တို့၏ ချစ်လှစွာသော အဘိုးသည် ၂-၇-၂၀၀၃ရက်တွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၃-၇-၂၀၀၃ (ကြာသပတေးနေ့) ဇဟိုရ်နာမာဇ်အပြီး ရေဝေးကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးစောလှိုင် (၆၇)နှစ်

မြန်မာ့စီးပွားရေးဘဏ်
မန်နေဂျာ (ငြိမ်း)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဇရာဝတီလမ်း၊ အမှတ်(၁၃/ D)နေ (ဦးအေးမောင်-ဒေါ်တင်)၊ (ဦးထွန်းရွှေ)-ဒေါ်သိန်းရီတို့၏ သား၊ ဒေါ်ကျင်ရွှေ၏ ခင်ပွန်း၊ ကိုဇေယျာရွှေလှိုင်(ခ)ထက်အောင်ရှိုင်း၊ ကိုဇာနည်ရွှေလှိုင်-မနီနီဝင်းတို့၏ မွေးသဖခင်၊ မောင်အောင်ကျော်သူ၊ မောင်နိုင်ကျော်သူတို့၏ အဘိုးသည် ၃-၇-၂၀၀၃ရက်တွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၅-၇-၂၀၀၃ (စနေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ကြည် (၆၃)နှစ်

ရန်ကုန်မြို့၊ အမှတ်(၉၈၄)၊ ရွှေယင်းမာလမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းနေ ဦးကြည်အေး၏ ဇနီး၊ ကိုသိန်းမြင့်အေး၊ ကိုအောင်ထွန်းအေး၊ ကိုရဲလွင်-မအေးသီတာ၊ ကိုတင်လတ်-မစန်းသီတာ၊ ကိုထိန်လင်း၊ ကိုတူးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး သုံးယောက်တို့၏အဘွားသည် ၄-၇-၂၀၀၃ရက်တွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၆-၇-၂၀၀၃ (တနင်္ဂနွေနေ့) နံနက် ၁၁း၃၀နာရီတွင် စံပြဆေးရုံကြီး အအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၁၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ဝင်းဖိုလ် (၃၆)နှစ်

မြန်မာ့လေကြောင်း(အုပ်ချုပ်ရေးဌာန)

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်လကျာ်လမ်း အမှတ်(၉)နေ (ဦးမောင်ငွေ၊ မြန်မာ့လေကြောင်း၊ငြိမ်း)၊ ဒေါ်ရင်ကြွေတို့၏ သား၊ ဦးတင်ဝင်း-ဒေါ်ခင်ဌေးမြင့်၊ ဦးဝင်းကို(မြန်မာ့လေကြောင်း)-ဒေါ်မွှေးမွှေး၊ ဦးမောင်မောင်မြင့်-ဒေါ်ခင်စန်းဝင်း၊ (ဦးတင်လှိုင်)-ဒေါ်သန်းသန်းဆွေတို့၏ မောင်၊ မောင်မြအောင်-မဥမ္မာခိုင်တို့၏ အစ်ကို၊ တူ၊ တူမ ၁၀ယောက်တို့၏ ဦးလေးသည် ၃-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၅-၇-၂၀၀၃ (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ရဟန်းအမကြီး

ဒေါ်ရင်နု (၈၆)နှစ်

အငြိမ်းစားကျောင်းအုပ်ဆရာမကြီး
(ဝက်လက်)

ဖျာပုံမြို့၊ ဒုတိယလမ်းနေ ဦးဘသန်း-ဒေါ်ဖွားမေတို့၏ သမီး၊ (ဦးငွေးအောင်၊ အငြိမ်းစားကျောင်းဆရာ)၏ ဇနီး၊ ဦးကျော်သောင်း၊ ဦးထွန်းရွှေ၊ (ဒေါ်တင်အေး)၊ ရန်ကုန်မြို့၊ အမှတ်(၉၃)၊ (၅၁)လမ်းနေ ဒေါ်တင်တင်အုန်း-(ဗိုလ်မှူးအောင်ဆန်းသူရိယအေးချို)တို့၏ အစ်မ၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ခမ္မစိန္တာလမ်း၊ အမှတ်(၉၂)၊ မြေညီထပ်နေ ဦးအောင်မင်းစိန်(ပြည်သူ့ရဲအငြိမ်းစား)၊ ဒေါ်စုစုငွေး၊ ဦးဇော်ယမ်းအောင်တို့၏ မိခင်၊ မောင်နေမျိုးဇော်၊ မသိမ့်သိမ့်ဇော်(Total Co.,Ltd.)၊ မောင်ဟိန်းထွဋ်မင်း၊ မောင်ကြည်ဇင်သန့်၊ မငြိမ်းငြိမ်းဇော်တို့၏ အဘွားသည် ၄-၇-၂၀၀၃ရက်တွင် အောင်ဇေအထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၆-၇-၂၀၀၃ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ကျောက်မြောင်းနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ဝင်းဝင်း (၆၃)နှစ်

(အငြိမ်းစား၊ တောင်ကြီးကောလိပ်)

မန္တလေးမြို့၊ တရုတ်တန်းရပ်နေ (ဦးညို-ဒေါ်သန်း)တို့၏ သမီးထွေး၊ တီးတိန်မြို့နယ်၊ ဆိုင်းဇွာသူကြီး (ဦးဂင်ပုန်း Pu Gen Pum-ဒေါ်ငိုက်ငူး Pi Ngaih Ngul)တို့၏ သမီးချွေးမ၊ တကကက၊ စရ ပေါင်းကူးထန်(Sgt/ clk Pau Khaw Thang၊ ငြိမ်း)၊ စစ်ဦးစီးတက္ကသိုလ်၏ ဇနီး၊ တောင်ကြီးမြို့နေ ဒေါ်ညွန့်ညွန့်၏ ညီမ၊ Suang Khan Thang (ဦးစီးအရာရှိ၊ ထွေ/အုပ်)၏ အဒေါ်၊ ဒေါ်ရီရီဝင်း(ဒု-အထွေထွေ မန်နေဂျာ၊ မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း)၊ တကကနည်းပြ မျိုးဝင်းနိုင်-ဒေါ်အေးအေးသန်း၊ ဒေါ်နီနီဝင်း(ဌာနခွဲ-၆၊ စာရင်းစစ်ချုပ်ရုံး)၊ ကိုရဲဝင်းနိုင်-မချိုမာဦး၊ ဒေါ်မီမီဝင်း(ငွေစုဘဏ်၊ မော်လမြိုင်)-ဗိုလ်ကြီးမိုးဇော်အောင်တို့၏ ချစ်လှစွာသော မိခင်၊ မြေးငါးယောက်တို့၏ ဘွားဘွား ဒေါ်ဝင်းဝင်းသည် ၄-၇-၂၀၀၃ရက်တွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၆-၇-၂၀၀၃ (တနင်္ဂနွေ နေ့) မွန်းတည့် ၁၂နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း၊ အရာထမ်းအိမ်ရာ၊ စမိုင်ခွဲ နေအိမ်နှင့် TBCY ဆိပ်ကမ်းသာလမ်းတို့မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုတင်သန်း (၅၅)နှစ်

ဘိုကလေး-ရော

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း(၁)လမ်း၊ အမှတ်(၃)၊ အခန်း(၃-F)နှင့် ဘိုကလေးမြို့နယ်၊ ဇရာကျေးရွာ (ဦးဖိုဆင့်-ဒေါ်ရွှေတင်)တို့၏ သား၊ ဒေါ်စန်းငွေး(ခ)ဒေါ်ပေါက်စ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုမင်းဇော်ဦး-မမြင့်မြင့်သိန်း၊ ကိုဇော်မင်းထွဋ်-မခင်မျိုးဝင်း၊ မယုယုမွန်(ခ)မသူဇာမွန်တို့၏ ချစ်လှစွာသော ဖခင်၊ မောင်ဝင်းထွဋ်ဦး-မအိမ်ခြူးကျော့တို့၏ အဘိုးသည် ၃-၇-၂၀၀၃ ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၅-၇-၂၀၀၃ (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ပဏ္ဍိစ္စ သိက္ခာတော်(၆၀)၊ သက်တော်(၈၁)နှစ်

"ဝ"မျှောင်ဂိုဏ်းချုပ်ဆရာတော်ကြီး

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ကင်းတိုက်နယ်၊ ကလန်းတဲအုပ်စု၊ ကုန်းဘောင်ရွာကျောင်း၌ သီတင်းသုံးနေထိုင်တော်မူသော "ဝ"မျှောင်ဂိုဏ်းချုပ် ဆရာတော်ကြီး ဘဒ္ဒန္တ ပဏ္ဍိစ္စသည် (၁၃၆၅ခုနှစ်၊ ဝါဆိုလဆန်း ၄ရက်) ၂-၇-၂၀၀၃ရက် ညနေ ၅နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူပြီးဖြစ်ပါ၍ ရပ်ဝေးရပ်နီး တပည့် ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြား သိစေအပ်ပါသည်။

တပည့် ဒါယကာ၊ ဒါယိကာမများ၊ ကုန်းဘောင်ရွာ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ဘဒ္ဒန္တ ဝါယမိန္ဒ

(သာသနာ့ဓဇ မျှောစရိယ)၊ ပုဗ္ဗာရာမကျောင်းဦးစီးနာယက
သဗြူဆိပ်ရွာ၊ ကျိုက်လတ်မြို့နယ်

သိက္ခာတော်(၅၅)ဝါ၊ သက်တော်(၇၆)နှစ်

ဧရာဝတီတိုင်း၊ ကျိုက်လတ်မြို့နယ်၊သဗြူဆိပ်ကျေးရွာ၊ပုဗ္ဗာရာမကျောင်း၏ ဦးစီးနာယကဖြစ်တော်မူသော ဘဒ္ဒန္တဝါယမိန္ဒသည်(၁၃၆၅ခု ဝါဆိုလဆန်း ၄ရက်) ၂-၇-၂၀၀၃ (ဗုဒ္ဓဟူးနေ့) နံနက် ၂နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်သောဥတုဇရုပ်ကလာပ်တော်ကို (ဝါခေါင်လဆန်း ၄ရက်) ၁-၈-၂၀၀၃ (သောကြာနေ့)တွင် အန္တိမဈာပန ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးအဖွဲ့
ပုဗ္ဗာရာမကျောင်း၊ သဗြူဆိပ်ကျေးရွာ၊ ကျိုက်လတ်မြို့နယ်။

ဒေါ်အေးမြင့် (၆၁)နှစ်

စမ်းချောင်း၊ဒေသန္တရကျန်းမာရေး(ငြိမ်း)
(လှည်းကူး)

လှည်းကူးမြို့၊ သီတာအေးရပ်ကွက်နေ (ဦးဘသိန်း-ဒေါ်မြစော)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ အမှတ်(၈၁)၊ အထက်ကြည့်မြင်တိုင်လမ်း (ဆရာဘိန်း၊ ဆရာလှဆေးတိုက်)နေ (ဦးလှမော်-ဒေါ်ငွေတင်) တို့၏ သမီးချွေးမ၊ (ဦးတင်ထွဋ်၊ ဆောက်/ လျှပ်)၏ ချစ်လှစွာသော ဇနီး၊ ဦးအောင်မြင့်သူ(အရဏ်ဦးဆောက်လုပ်ရေး)-ဒေါ်သီတာမော်၊ ဦးမြင့်ထူး-ဒေါ်မော်မော်ငြိမ်း(ငွေစုဘဏ်ခွဲ-၁)၊ ဒေါ်မာလာအေး၊ ဦးမြင့်ဦး(ခေတ္တ-မလေးရှား)တို့၏ ချစ်လှစွာသော မိခင်၊ မောင်စန်းမြင့်သူ၊ မသင်းသီရိလွင်တို့၏ အဘွားသည် ၃-၇-၂၀၀၃ရက်တွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၄-၇-၂၀၀၃ရက်တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ဦးတင်ဦး (၇၁)နှစ်

(U.T.U)ပွဲရုံ၊ မြို့မဈေး၊ ပုသိမ်

၁-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားခဲ့သောဦးတင်ဦး(U.T.U)မြို့မဈေး၊ ပုသိမ်မြို့၊ မကွယ်လွန်မီ ဖေဖေဆေးရုံတက်စဉ်က ဂရုတစိုက်ဆေးကုသပေးခဲ့သော အထူးကုဆရာဝန်ကြီးများနှင့်တကွ ဆရာဝန်၊ ဆရာမများ၊ ဈာပနကိစ္စအဝဝတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

မခင်မေကျော် (၂၇)နှစ်သည် ၂၈-၆-၂၀၀၃ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဇော်လင်း။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါက်တာ ဦးကျော်မြင့် (JOSEPH) အသက်(၇၃)နှစ်

ဧရာဝတီတိုင်း၊ ကျောင်းကုန်းမြို့၊ ကျွန်းချောင်းရွာနေ ကျောင်းအုပ်ဆရာကြီး (ဦးမောင်ညွန့်)-ဆရာမကြီး (ဒေါ်ရွှေမြင့်)တို့၏ သားကြီး၊ (၃၄၇)၊ ဗညားဒလလမ်းနေ(ဒေါက်တာIdaမာလာ၊ မြန်မာ့မီးရထားဆေးဌာန၊ မလ္လကုန်း(ငြိမ်း)၏ ခင်ပွန်း၊ဒုတိယဗိုလ်မှူးကြီးစိန်တင်ညွန့်(ငြိမ်း)-ဒေါ်ဝင်းဝင်းမြင့်၏ အစ်ကို၊ (ဦးသိန်းအောင်)-ဒေါ်ချိုချိုမြင့်(အထက-၄၊တာမွေ)၊ ဦးဇော်ထွဋ်နိုင်(Hanseatic Shipping)-ဒေါ်သိင်္ဂီမြင့်၊ ဦးတင်ဝင်းအောင်(Hanseatic Shipping)-ဒေါ်ငွေးငွေးမြင့်၊ ဦးကျော်ဝင်း(Mariner Shipping)-ဒေါ်ဥမ္မာမြင့်တို့၏ ဖခင်၊ ပီတာအောင်ပိုင်ပိုင်ကျော်၊ မခိုင်ဝါညွန့်(အမက-၇၊ တာမွေ)၊ မောင်ကျော်ထွဋ်နိုင်၊ မခိုင်ဇင်ဝေတို့၏အဘိုးသည် ၃-၇-၂၀၀၃ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၅-၇-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ခန်းမ၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရားဒါယကာ

ကိုထူးထူး(ခ)ကိုထူးအောင် အသက်(၄၀)

(တောင်သာ)

ရန်ကုန်မြို့၊ အမှတ်(၁၈၀)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်နေ ဦးထွန်းကြွေ-(ဒေါ်ညိုညိုအေး)တို့၏ သား၊ ဦးဟိန်းဟိန်း(1 A/E-MTM)-ဒေါ်လဲ့လဲ့ဦး၊ ဒေါ်ခင်မပြုံး(ခေတ္တ-U.S.A)-Mr. Danicl Vandcrpyl (CEO/ Sonic air System-USA)တို့၏ ညီ/မောင်၊ ဖူးကလျာခိုင်နှင့် မင်းသူရိန်ခန့်တို့၏ ဦးလေးသည် ၄-၇-၂၀၀၃ရက် နံနက် ၉း၀၅နာရီတွင် ဗဟိုစည်ဆေးခန်း၌ ကွယ်လွန်ပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၇-၂၀၀၃ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

အရာခံဗိုလ်မောင်မြ အသက်(၅၃)နှစ်

ကပ-၃၄၄၇၆၃၊ ဆေးလက်ထောက်
(ရွှေဘိုမြို့)

ရန်ကုန်မြို့နေ (ဦးညွန့်မောင်-ဒေါ်တင်ရှိန်)တို့၏ သား၊ ဦးအောင်မြင့်-ဒေါ်ခင်ခင်သိန်း၊ ဦးသိန်းအောင်-ဒေါ်ခင်စမ်းယဉ်တို့၏ တူ၊ ဒေါ်မြမြသင်း(ခ)ဒေါ်မြစိန်၏ မောင်၊ ဦးမောင်မောင်အေး-ဒေါ်ရင်ငွေး၊ ကိုခင်မောင်ကြည်၊ ကိုသိန်းမြင့်၊ ကိုအေးမြင့်စိုး-မစန်းစန်းရီ၊ ကိုကျော်ကျော်စိုး-မတင်တင်လှ၊ ကိုကျော်ကျော်လွင်စိုးတို့၏ အစ်ကို၊ ဒေါ်မြင့်မြင့်၏ ခင်ပွန်း၊ မောင်စည်သူ-မဝေဝေလွင်၊ မရွက်နု၊ မောင်အောင်သူ၊ မောင်အောင်မြကျော်သူတို့၏ ဖခင်၊ မြေးတစ်ယောက်တို့ အဘိုးသည် ၂-၇-၂၀၀၃ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၆-၇-၂၀၀၃ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် မင်္ဂလာဒုံ စစ်ဆေးရုံကြီးမှ မင်္ဂလာဒုံစစ်သချိုင်းသို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ရေတွင်းဒါယကာကြီး

ဦးစိန်မြင့်(ခ)ထွန်းဦး အသက်(၄၈)နှစ်

CDC-30918
(Uniteam Marine Co., Ltd.)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁၅/ခ)၊ (၅၆)လမ်းတိုနေ (ဦးထွန်းရီ)-ဒေါ်မြအေးတို့၏ သား၊ ဦးလူဘို-(ဒေါ်ရင်လှ)တို့၏သားသမက်၊ ဦးကျော်ရှိန်-ဒေါ်မြညွန့်၊ ဦးစိန်ရီ-ဒေါ်ခင်မာချိုတို့၏ မောင်၊ ဦးစိန်ဝင်း၊ ဦးမြစန်း-ဒေါ်ရီရီဝင်း(အထပြ၊ တိုက်ကြီး၊ မှော်ဘီ)၊ ဒေါ်သန်းသန်းမြင့်(ဆ/မ၊ ဦးစီးဌာန)၊ ဦးအေးကြူ-ဒေါ်ဖြူဖြူဝင်း၊ ဒုတိယဗိုလ်မှူးကြီးစိန်လှမောင်-ဒေါ်မြင့်မြင့်စန်းတို့၏ အစ်ကို၊ ဦးမြင့်ဆွေ-ဒေါ်ညွန့်ညွန့်ဆွေတို့၏ညီ/မောင်၊ ဦးဘဟန်-ဒေါ်တင်တင်အုန်း၊ ဦးရဲမြင့်-ဒေါ်နီလာသန်းတို့၏ အစ်ကို၊ ကျော်လင်းထွန်း(နဝမတန်း၊ အထက-၄၊ ပုဇွန်တောင်)၏ ဖခင်၊ ဒေါ်တင်တင်ဝင်း၏ ခင်ပွန်းသည် ၃-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွား ပါ၍ ၅-၇-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

မျိုးဆက်သစ်ကလေးငယ်များ ရောဂါကင်းဝေးပြီး ကျန်းမာကြံ့ခိုင်စေရေး ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများ စဉ်ဆက်မပြတ် အရှိန်အဟုန်မြှင့်ဆောင်ရွက်

အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးကို ယနေ့မှစ၍ ထည့်သွင်းထိုးနှံမည် တာဝန်ရှိသူအသီးသီးက အမျိုးသားရေးတာဝန်အဖြစ်ခံယူ စွမ်းစွမ်းတမံကြိုးပမ်းပေး

ရန်ကုန် ဇူလိုင် ၄

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန တို့ချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း အစီအစဉ်တွင် Global Alliance for Vaccines and Immunization (GAVI) အစီအစဉ်ဖြင့် တစ်နှစ်အောက်ကလေးငယ်များ အသည်းရောင်အသားဝါ(ဘီ)ရောဂါ ကာကွယ်ဆေး စတင်ထည့်သွင်းထိုးနှံခြင်း အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန အဆောက်အအုံ၌ ကျင်းပရာ အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ☆

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ကျန်းမာရေး တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း အစီအစဉ်တွင် အသည်းရောင်အသားဝါ(ဘီ)ရောဂါ ကာကွယ်ဆေး စတင်ထည့်သွင်းထိုးနှံခြင်း အခမ်းအနားအပြီးတွင် တစ်နှစ်အောက် ကလေးငယ်များအား အသည်းရောင် အသားဝါ(ဘီ) ရောဂါ ကာကွယ်ဆေး စတင် ထိုးနှံမှုကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းအရ ကန်ရေသေလှောင်ပမာဏ ဧကပေ ၁၁၀၀၀၀ကို ကျော်လွန်၍ စီးဝင်လာသည့် မုန်းချောင်းရေကို ရေပိုလွှဲမှ ထုတ်ပေးနိုင်ရန်အတွက် ခံနိုင်စွမ်းအားတောင့်တင်းသော ရေပိုလွှဲကို တည်ဆောက်လျက်ရှိသည်။

ရေပိုလွှဲအမျိုးအစားမှာ သံကူကွန်ကရစ်အားဖြင့် အမျိုးအစားဖြစ်၍ ရေပိုလွှဲအကျယ်မှာ ပေ ၃၅၀ရှိသည်။ ရေပိုလွှဲကို တည်ဆောက်ရာ၌ ပင်မရေပိုလွှဲ၊ အောက်ရေပိုလွှဲ(၁)နှင့် အောက်ရေပိုလွှဲ(၂) ဟူ၍ရှိပြီး ရေထုစီးနှုန်း တစ်စက္ကန့်လျှင် ကုဗပေ ၁၄၉၁၃၀ကို ခံနိုင်ရန် တည်ဆောက်ထားသည်။

သတ်မှတ်သည့်ကာလအတွင်း အချိန်မီ ပြီးစီးရေးအတွက် ဆောင်ရွက်လျက်ရှိသည်ကို ၆-၅-၂၀၀၃ရက်က ကြေးမုံသတင်းအဖွဲ့က မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။

[ဓာတ်ပုံ-သွင်အေး(ကြေးမုံ)]

စိုက်ပျိုးရေးအခြေခံ၍ စက်မှုထွန်းကားသော နိုင်ငံအဖြစ် တက်လှမ်းရေး ရေသယံဇာတများ ဖော်ထုတ်၍ စိုက်ပျိုးရေဖူလုံရေး ဆောင်ရွက်လျက်ရှိ

လေ့လာပြုစုရေးသားသူ-ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်းတင်-သွင်အေး(ကြေးမုံ)

ရန်ကုန် ဇူလိုင် ၄

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးကို အခြေခံ၍ စက်မှုထွန်းကားသော နိုင်ငံတော်အဖြစ်သို့ တက်လှမ်းချီတက်လျက်ရှိရာတွင် စိုက်ပျိုးရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော ရေရရှိရေးအတွက် ရေသယံဇာတများ ဖော်ထုတ်ပြီး ဆည်မြောင်းတာတမံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေထိန်းတံခါးများ တည်ဆောက်၍ ရေပေးဝေရေးလုပ်ငန်း၊ မြစ်ရေတင်စီမံကိန်းများ အကောင်အထည်ဖော်ခြင်းလုပ်ငန်းများဖြင့် စိုက်ပျိုးရေဖူလုံရေးကို ဆောင်ရွက်လျက်ရှိသည်။

အကောင်အထည်ဖော်

၁၉၈၈ခုနှစ်မှ ယနေ့အထိ ဆည်မြောင်း တာတမံပေါင်း ၁၄၈ ခု၊ ရေထိန်းတံခါး ၁၁ခုနှင့် မြစ်ရေတင် စီမံကိန်းလုပ်ငန်း ၂၆၅ ခုတို့ကို တည်ဆောက် အကောင်အထည်ဖော်ခဲ့ပြီးဖြစ်သည်။

ဆည်မြောင်း တာတမံ တည်ဆောက် ဖွင့်လှစ်နိုင်ခြင်းကြောင့် လယ်မြေဧက သုံးသန်းနီးပါးကို

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ⇨